ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


## ယောက်ျားအာဇာနည်

ယောက်ျားအာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောက်ျားအာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောက်ျားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၃)


၁၃၇၈ ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 22 March 2017 (၈၈၇၃)



ကြေးမုံ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

**ပြည်သူ့အတွက် ပထမတစ်နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။


# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တရုတ်သံအမတ်ကြီးတို့တွေ့ဆုံ ကုန်သွယ်ရေး၊ ဆက်ဆံရေးနှင့် နယ်စပ်တည်ငြိမ်အေးချမ်းရေး ဆွေးနွေး


သတင်း စာမျက်နှာ » ၃




# ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် မတ် ၂၁**

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ တတိယနေ့ကို ယနေ့နံနက် ၈ နာရီမှစတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့တွင် ကျောက်မျက်အတွဲများအတွက် ယမန်နေ့က ဈေးနှုန်းတင်သွင်းခဲ့သည့် အဆိုပြုလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကြပြီး တင်ဒါအောင်မြင်သူစာရင်းကို ကြေညာသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့**



# အမေရိကန်စစ်ရေယာဉ် ချစ်ကြည်ရေးခရီးရောက်ရှိ

**ရန်ကုန် မတ် ၂၁**

အမေရိကန်ရေတပ်မှ စစ်ရေယာဉ် USNS FALL RIVER (T-EPF-4) သည် ချစ်ကြည်ရေးခရီးစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း (MITT) သို့ ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိစစ်သည်များနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ရေတပ် စစ်သံမှူးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါရေယာဉ်တွင် အမေရိကန်ရေတပ်မှ CAPT Stanfield L.Chien ဦးစီး၍ အရာရှိစစ်သည် ၁၃၉ ဦးတို့ လိုက်ပါလာပြီး ငါးရက်အကြာ နေထိုင်၍ လေ့လာလည်ပတ် **စာမျက်နှာ ၃ ကော်လံ ၁ သို့**


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေး လာရောက်ခဲ့သည်။ ဖိလစ်ပိုင်သမ္မတမြန်မာနိုင်ငံသို့ ရောက်ရှိစဉ် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့နှင့်တွေ့ဆုံပြီး ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေး၊ နည်းပညာ၊ လူသားချင်းစာနာထောက်ထားရေး၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးတို့ကို အပြန်အလှန်ဆွေးနွေးနိုင်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံခဲ့မှုနှင့် သံတမန်ဆက်သွယ်မှု နှစ် ၆၀ ကျော်ရှိခဲ့ပြီဖြစ်သည်။ ခေတ်အဆက်ဆက် နှစ်နိုင်ငံဆက်ဆံခဲ့မှုများအား မြန်မာနိုင်ငံအနေဖြင့် သိရှိနားလည်ထားခဲ့ပြီး ယခုအစိုးရသစ်လက်ထက်တွင် နှစ်နိုင်ငံဆက်ဆံရေးမျက်နှာစာသစ်ကို ထပ်မံတိုးချဲ့ဖွင့်လှစ်လိုက်ခြင်းဖြစ်၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်း ခိုင်မာအားကောင်းလာလိမ့်မည်ဟု ယုံကြည်ပါသည်။

နှစ်နိုင်ငံခေါင်းဆောင်များတွေ့ဆုံမှုတွင် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း၌သာမက တစ်ကမ္ဘာလုံးငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကိုမြှင့်တင်လိုသည့်ဘုံဆန္ဒနှင့် မြန်မာနိုင်ငံပြည်သူများ၏ဆန္ဒကို ထင်ဟပ်သော အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် ဖိလစ်ပိုင်နိုင်ငံ၏ "ပြောင်းလဲမှုအတွက် လက်တွဲလုပ်ဆောင်ခြင်း၊ ကမ္ဘာကြီးနှင့်ထိတွေ့ချိတ်ဆက်ခြင်း ဟူသော အာဘော်"ကို အားပေးထောက်ခံခဲ့သည်။ အာဆီယံအသိုက်အဝန်း တည်ထောင်ရေးနှင့် ၂၀၁၇ ခုနှစ်တွင် နှစ်(၅၀)ပြည့် အာဆီယံထူထောင်သည့်နှစ် အထိမ်းအမှတ်ကျင်းပရေးအတွက် နီးကပ်စွာပူးပေါင်းဆောင်ရွက်ရန် မျှော်လင့်ထားသည်။ လက်တွေ့တွင် နှစ်နိုင်ငံအကြား စားနပ်ရိက္ခာဖူလုံမှု၊ စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုအတွက် နားလည်မှုစာချွန်လွှာ ရေးထိုးနိုင်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် ပြုပြင်ပြောင်းလဲမှုများကို ရဲဝံ့ပြတ်သားစွာဆောင်ရွက်နေသောနိုင်ငံဖြစ်သည်။ ဖွံ့ဖြိုးဆဲ တိုင်းပြည်များအနေဖြင့် တူညီသည့် ရှုပ်ထွေးသောပြဿနာများကိုရင်ဆိုင်နေရသော်လည်း မကြောက်မရွံ့ ဖြေရှင်းသွားမည့်နိုင်ငံဖြစ်ပြီး ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍတွင် ရယူပိုင်ဆိုင်ထားပြီးဖြစ်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ချည့်နဲ့အောင်ပြုလုပ်လာမည့် အကြမ်းဖက်ခြိမ်းခြောက်မှုများကိုဖြေရှင်းရန် နှစ်နိုင်ငံနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး အထူးသဖြင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုတိုက်ဖျက်ရေးကို ဆက်လက်လုပ်ဆောင်သွားမည်ဟု သိရသည်။

ဖိလစ်ပိုင်စီးပွားရေးကုမ္ပဏီများသည် မြန်မာနိုင်ငံတွင် ဆေးဝါး၊ အစားအသောက်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံလျက်ရှိပြီး ထိုမှတစ်ဆင့် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို ကူညီအားပေးလျက်ရှိသည်။ တိုင်းပြည်အရည်အသွေး တည်ဆောက်မှုတွင် နှစ်နိုင်ငံစလုံးအတွက် အရေးကြီးသောကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ပညာရေးအခွင့်အလမ်းများကို အသုံးပြုရန် ဖိတ်ခေါ်ထားသည်။ မြန်မာလူမျိုး ၁၀၀ ကျော်သည် ဖိလစ်ပိုင်နိုင်ငံတွင် ဆောက်လုပ်ရေး၊ စိုက်ပျိုးရေးကဏ္ဍများတွင် ဆည်းပူးလေ့လာခဲ့ပြီး ဖိလစ်ပိုင်လူမျိုး ၁၀၀ ကျော်သည် မြန်မာနိုင်ငံတွင် အလုပ်လုပ်ကိုင်ကြကာ မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နေကြသည်။

ယခုကဲ့သို့ ဖိလစ်ပိုင်နိုင်ငံသမ္မတနှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်လည်ပတ်ခြင်းသည် လက်ရှိ နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်မှုများအတွက် ရင်းနှီးပွင့်လင်းစွာဆွေးနွေးနိုင်ခဲ့ပြီး အခွင့်အလမ်းကောင်းများ ရရှိခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ထိုအခွင့်အလမ်းကောင်းများကို အမိအရဆုပ်ကိုင်ကာ နှစ်နိုင်ငံပြည်သူများအတွက် အကျိုးရှိမည့်ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ မိတ်ဆွေကောင်းပီသသော နိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်ရပ်တည် အသိအမှတ်ပြုပြီး ပူးပေါင်းဆောင်ရွက်ခြင်းများဖြင့် ပြည်သူများ၏မျှော်လင့်ချက်များနှင့် ဝမ်းမြောက်မှုများ ပိုမိုတိုးတက်အောင် ဆောင်ကြဉ်းနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ။

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာ ခံယူလုပ်ဆောင်ရေး။

☆ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## စာဖတ်သူတိုးပွားရေး နယ်လှည့်စာငှားလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**ငါးသရောက် မတ် ၂၁**

ညောင်ဦးခရိုင် ငါးသရောက်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးမိုး ဦးဆောင်သည့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီက ငါးသရောက်မြို့ အမှတ်(၂) ဈေးကုန်းရပ်ကွက်ရှိ လူစည်ကားရာ ဗိုလ်ချုပ်ဈေးနှင့် ငါးသရောက်မြို့ ဆေးရုံသို့သွားရောက်ပြီး နယ်လှည့်စာငှားလုပ်ငန်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

အမှတ်(၂) ဈေးကုန်းရပ်ကွက် ဗိုလ်ချုပ်ဈေးရှိ ဈေးသူဈေးသားများနှင့် ဈေးဝယ်သူများ စုစုပေါင်း ၅၅ ဦးခန့်၊ ငါးသရောက်မြို့ဆေးရုံရှိဆရာ ဆရာမများက စိတ်ဝင်တစား လာရောက်ငှားရမ်း ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## နိုင်ငံတကာအသိအမှတ်ပြု ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ ကိစ္စများဆွေးနွေး

**နေပြည်တော် မတ် ၂၁**

မြန်မာ-အစ္စရေး နှစ်နိုင်ငံအစိုးရအချင်းချင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအချင်းချင်းတို့အကြား လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေမှုနှင့် အဆင့်မြင့်နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ နိုင်ငံတကာ စံချိန်စံညွှန်းမီ GAP အသိအမှတ်ပြု ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ သုတေသနနှင့် တောင်သူပညာပေး စံပြစိုက်ကွင်းကြီးများ ထူထောင် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာပေးသင်တန်းဖွင့်လှစ်မှုဆိုင်ရာများ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပညာရေးကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေမှုများ တိုးမြှင့်လုပ်ဆောင်ရေးဆိုင်ရာကိစ္စရပ်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က အစ္စရေး နိုင်ငံသံအမတ်ကြီး Mr. Daniel Zonshing နှင့် ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြကြောင်း သိရသည်။



**သန်းဦး (လေးမျက်နှာ)**

■

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ်လ ၂၁**

ရန်ကုန်(ရွှေဈေး) ၈၉၆၀၀၀ - ၈၉၆၀၀၀၊ မန္တလေး(ရွှေဈေး) ၈၉၆၀၀၀ - ၈၉၆၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၀၅/၇၂၀ ကျပ်၊ | ၇၃၀/၇၅၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၃၅/၇၆၅ ကျပ်၊ | ၈၇၀/၈၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၉၅/၇၃၅ ကျပ်၊ | ၇၈၀/၈၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၄၀ ကျပ်၊ | ၇၅၀/၇၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၃၈/၆၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၄၅/၆၅၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၃၀/၆၃၅ ကျပ်

**၁၃-၃-၂၀၁၇ ရက်နေ့မှ ၁၇-၃-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၆၁၄ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၆၄၂ ကျပ် ဖြစ်ပါသည်** (လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သို့လှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၆၅. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇. ၁၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉. ၂၈၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၇. ၈၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၈၄၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၂. ၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၂. ၀၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၃. ၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၅. ၀၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၈ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၀

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တရုတ်သံအမတ်ကြီးတို့ တွေ့ဆုံ ကုန်သွယ်ရေး၊ ဆက်ဆံရေးနှင့် နယ်စပ်တည်ငြိမ်အေးချမ်းရေး ဆွေးနွေး



**နေပြည်တော် မတ် ၂၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လောက်ကိုင်ဒေသ၏ နောက်ခံသမိုင်းကြောင်းနှင့် ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်များအတွင်း လက်နက်ကိုင်များက အရှေ့မြောက်နယ်မြေအတွင်း စစ်ရေးလှုပ်ရှားမှုများကို စတင်လုပ်ဆောင်ခဲ့သည့်အခြေအနေများ၊ နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့၏ ငြိမ်းချမ်းရေးကမ်းလှမ်းမှုများကို ငြင်းပယ်၍ စစ်ရေးနည်းလမ်းကိုသာ ရွေးချယ်လုပ်ဆောင်ခဲ့မှုများ၊ တိုက်ပွဲများကြောင့် တပ်မတော်သားများ စွန့်လွှတ်ပေးဆပ်ရမှုများရှိပြီး ၎င်းတို့လည်း ထိခိုက်ကျဆုံးမှုများစွာရှိကြောင်း၊ ဒေသခံပြည်သူများလည်း နစ်နာမှုရှိပြီး နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ဆက်ဆံရေးကိုပါ ထိခိုက်စေခြင်းကြောင့် မည်သည့်အကျိုးမျှမရှိသည့် အခြေအနေများနှင့် နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ၎င်းတို့စစ်ရေးအရ အခြေအနေဖန်တီးနိုင်ခွင့် မရှိစေရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

တရုတ်နိုင်ငံ သံအမတ်ကြီးက မြန်မာ-တရုတ်နယ်စပ်ကိစ္စရပ်များကြောင့် နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်တွင် ပါဝင်ညှိနှိုင်းဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး လက်ရှိလောက်ကိုင်ဒေသဖြစ်စဉ်များနှင့် ပတ်သက်၍ မြေပြင်တွင် အမှန်တကယ်ဖြစ်ပျက်နေမှု၊ နှစ်ဦးနှစ်ဖက်လုပ်ဆောင်နေမှု၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

### ❒ အမေရိကန်စစ်ရေယာဉ်မှ

သွားမည်ဖြစ်သည့်အပြင် ချစ်ကြည်ရေး အားကစားပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း အမေရိကန်ရေတပ်၏ အမှတ် (၇) ရေတပ်သင်္ဘောမှ ဂီတတီးဝိုင်းအဖွဲ့သည် မြန်မာနိုင်ငံမှ ဂီတပညာရှင်များနှင့် တွေ့ဆုံ၍ ဂီတအနုပညာဆိုင်ရာနှီးနှောဖလှယ်မှု အလုပ်ရုံဆွေးနွေးပွဲများကို ပြုလုပ်သွားမည်ဖြစ်သည့်အပြင် မတ် ၂၄ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အမေရိကန်စင်တာ၌ အခမဲ့ဂီတဖျော်ဖြေပွဲတစ်ခုပြုလုပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ သတင်းထုတ်ပြန်ချက်အရသိရသည်။

ထိုသို့လာရောက်လည်ပတ်ခြင်းဖြင့် နှစ်နိုင်ငံရေတပ်အချင်းချင်းသာမက နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြင့်တင် ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ဇော်ကြီး(ပဏီတ)**

---

## ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက် ချင်းတွင်းမြစ်ရိုးတစ်လျှောက် ကမ်းပြိုမှုကာကွယ်ရေး မြေထိန်းနံရံ တည်ဆောက်

**နေပြည်တော် မတ် ၂၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မတ် ၁၈ ရက်က ဟုမ္မလင်းမြို့ ဆိပ်ကမ်းမှ ရေယာဉ်ဖြင့် တစ်ဖက်ကမ်းရှိ ကက်သာကျေးရွာ ကမ်းထိန်းလုပ်ငန်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ဆက်လက်၍ ရေယာဉ်ဖြင့် ဟုမ္မလင်းမြို့မှ စုန်ဆင်းခဲ့ပြီး ဖောင်းပြင်မြို့သို့ရောက်ရှိကာ ဖောင်းပြင်မြို့နယ် ကမ်းနားလမ်းတစ်လျှောက် တည်ဆောက်ထားရှိသည့် မြေထိန်းနံရံများနှင့် လက်ရှိဆောင်ရွက်နေသည့် ကမ်းပြိုကာကွယ်ရေး အလျား ၁၇၅ ပေရှိ ဘိုးပိုင်အခြေပြုမြေထိန်းနံရံ တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဖောင်းပြင်မြို့မှ ရေယာဉ်ဖြင့် မော်လိုက်မြို့သို့ ဆက်လက်ထွက်ခွာလာရာ ဖောင်းပြင်-မော်လိုက်ရေလမ်းပိုင်းအတွင်းရှိ ဖောင်းပြင်မြို့ ကြို့ကုန်းကျေးရွာ ကမ်းပြိုကာကွယ်ရေး၊ သာစည်ကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် မျောတိုင်တန်းကွန်ကရစ်ကွက် တည်ဆောက်ထားရှိမှုနှင့် မော်လိုက်မြို့နယ် တပ်ကုန်းကျေးရွာ သံခြင်းအခြေပြု ကျောက်စီတမံတည်ဆောက်နေမှုများကိုလည်းကောင်း၊ တည်ဆောက်ပြီးစီးပြီဖြစ်သည့် မော်လိုက်မြို့ ရွှေနဒီဆိပ်ကမ်း အလျားပေ ၁၆၀ ရှိ ဘိုးပိုင်အခြေပြုကျောက်စီမြေထိန်းနံရံနှင့် အလုပ်သမားရုံး ကမ်းပြိုကာကွယ်ရေး အလျား ၁၃၆ ပေရှိ ဘိုးပိုင်အခြေပြု ကျောက်စီနံရံလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

မတ် ၁၉ ရက်တွင် ချင်းတွင်းမြစ်ကြောင်းအတိုင်း မော်လိုက်မြို့မှ ရေယာဉ်ဖြင့် စုန်ဆင်းခဲ့ပြီး မော်လိုက်-ကလေးဝ ချင်းတွင်းမြစ်ကြောင်းရေလမ်း အခြေအနေများနှင့် ကလေးဝမြို့နယ် မထုကျေးရွာနှင့် ကျွဲကူးကျေးရွာ ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများနှင့် ရွှေမုဋ္ဌောဘုရားအနီး ဆိပ်ကမ်းတွင် တည်ဆောက်လျက်ရှိသည့် ကမ်းထိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် မင်းကင်းဆိပ်ကမ်း ရေလမ်းကောင်းမွန်ရေး မျောတိုင်တန်းသဲအိတ်စီ ရေကာတည်ဆောက်ထားရှိမှုများနှင့် မင်းကင်းရေလမ်း အခြေအနေများကိုလည်းကောင်း၊ ကနီမြို့နယ် ကျောက်လှေကားကျေးရွာ၊ ကင်းကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ကနီမြို့ဆိပ်ကမ်း ထပ်ပိုးကျောက်စီနံရံနှင့် တမံတည်ဆောက်ခြင်းလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

## တရားမဝင် သစ်တောထွက်ပစ္စည်းများ ဥပဒေနှင့်အညီ ကူးသန်းရောင်းဝယ်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ




**ပုသိမ် မတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံးက ကြီးမှူးကျင်းပသော တရားမဝင်သစ်တောထွက်ပစ္စည်းများ ဥပဒေနှင့်အညီ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့ FLEGT-VPA လုပ်ငန်းစဉ် ဆောင်ရွက်မှုအလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၁ ရက် နံနက် ၈ နာရီခွဲက ပုသိမ်မြို့ မဟာဗန္ဓုလလမ်း ပုသိမ်ဟိုတယ်ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့် အမှူးပြု၍ National FLEGT Facilitator ဦးကျော်ထွန်းက တရားဝင်သစ်ဖြစ်ကြောင်း အာမခံစနစ်နှင့်ပတ်သက်၍ လည်းကောင်း၊ ဒေါက်တာတင်တင်မြင့်(သစ်ထုတ် လုပ်ငန်းမန်နေဂျာ)က မြန်မာနိုင်ငံ၌ FLEGT-VPA လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့်ပတ်သက်၍ လည်းကောင်း၊ သဘာဝစိုက်ခင်း ညွှန်ကြားရေးမှူး ဦးကျော်ဇောက အစိုးရသစ်လက်ထက် သစ်တောကဏ္ဍပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကိုလည်းကောင်း၊ စိမ်းလန်းအမိမြေအဖွဲ့ FLEGT-VPA ဦးဘောနီဇွန်းက အရပ်ဘက်လူ့အဖွဲ့အစည်းကဏ္ဍ၏ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်းကောင်း၊ သစ်လုပ်ငန်းရှင်များအသင်း ဗဟိုအမှုဆောင် ဦးမြင့်သူက ပြည်သူများ သစ်တောဥပဒေ မသိနားမလည်မှုကြောင့် အဖိုးတန်ကျွန်းသစ်ရတနာ သယံဇာတများ ဆုံးရှုံးနစ်နာမှုရှိသလို တရားမဝင်ခုတ်လှဲရောင်းဝယ်နေခြင်းကြောင့် အရေးယူခံရမှုကင်းဝေးစေရန် တရားမဝင် သစ်ထုတ်လုပ်ခြင်းနှင့် ဆက်စပ်နေသည့် ကုန်သွယ်မှုထိန်းချုပ်ရန်နှင့်ဥပဒေနှင့်အညီ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကောင်းမွန်သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု တိုးမြှင့်ဆောင်ရွက်ရန် အကျယ်တဝင့်ဆွေးနွေးပြီး ပုဂ္ဂလိက သစ်လုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြကြောင်း သိရသည်။

**(ပုသိမ်လှကြည်)**

■

---

### ❂ ကျောက်မျက်ရိုင်းများမှ

ထို့ပြင် ကျောက်စိမ်းအတွဲအမှတ် (၁)မှ အတွဲအမှတ် (၁၅၀၀) အထိ ဈေးနှုန်းအဆိုပြုလွှာများကို ဝယ်ယူလိုသူများက တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။ ကျောက်စိမ်းအတွဲအမှတ်(၁၅၀၁)မှ အတွဲအမှတ်(၃၀၀၀)ကို မတ် ၂၂ ရက်တွင် လည်းကောင်း၊ အတွဲအမှတ်(၃၀၀၁)မှ အတွဲအမှတ်(၄၄၅၄)ကို မတ် ၂၃ ရက်တွင် လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

## အမျိုးသားသတင်းဆုပေးပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၂၁**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း အမျိုးသားသတင်းဆုရွေးချယ်ရေးကော်မတီက ကြီးမှူး၍ ပဉ္စမအကြိမ်အမျိုးသားသတင်းဆုပေးပွဲကို ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ဖြစ်သည့် မေ ၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အမျိုးသားသတင်းဆုချီးမြှင့်ပွဲတွင် သတင်းသူရဲကောင်းဆု (The Hero of Journalist)၊ အကောင်းဆုံးသတင်းဆု (The Best News Story Award)၊ အကောင်းဆုံးသတင်းဆောင်းပါးဆု (The Best Feature Award)၊ အကောင်းဆုံးသတင်းဓာတ်ပုံဆု (The Best News Photo Award)၊ အကောင်းဆုံးသတင်းကာတွန်းဆု (The Best Newspaper Cartoon Award)၊ အကောင်းဆုံးရုပ်/သံသတင်းဆု(The Best TV News Story Award )တို့ကို ပေးအပ်မည်ဖြစ်သည်။

အမျိုးသားသတင်းဆု ရွေးချယ်ရေးကော်မတီသို့ သတင်းသမားကိုယ်တိုင် မိမိရေးသားသည့်သတင်း၊ မိမိကိုယ်တိုင်ရိုက်ကူးသည့် ဓာတ်ပုံ၊ ကာတွန်းကို ပေးပို့နိုင်သည်။ ထို့အပြင် အခြားသူတစ်ဦးက ၎င်းကြိုက်နှစ်သက်သည့် သတင်း၊ ဓာတ်ပုံ၊ ကာတွန်းကို ကိုယ်စားပေးပို့နိုင်သည်။

သတင်းဌာနများမှ မိမိတို့ထုတ်ဝေ၊ ထုတ်လွှင့်သည့် မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့် မည်သည့်သတင်းသုံးပုဒ်ကိုမဆို ပေးပို့နိုင်သည်။ ထိုသို့ Nomination ပုံစံဖြင့် ပေးပို့သည့် သတင်း၊ ဆောင်းပါး၊ ကာတွန်းနှင့် သတင်းဓာတ်ပုံများသည် ၂၀၁၆ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၇ခုနှစ် မတ် ၃၁ ရက်အတွင်း ပုံနှိပ်မီဒီယာများတွင် ပုံနှိပ်ဖော်ပြထားသည့် သတင်းများဖြစ်ရမည်၊ ပုံနှိပ်ထားရှိမှုကို မိတ္တူတင်ပြနိုင်ရမည်ဖြစ်ပြီး ရုပ်သံမီဒီယာများအနေဖြင့် မိမိတို့ဖော်ပြသည့် အွန်လိုင်းဝက်ဘ်ဆိုက် link များကို ဖော်ပြပြီး ဧပြီ ၇ ရက်နောက်ဆုံးထား ပေးပို့ရမည်ဖြစ်သည်။ ဧပြီလကုန်တွင် သတင်းဆုများကို အပြီးသတ်ရွေးချယ်မည်ဖြစ်သည်။

သတင်းဆုအတွက် မိမိတို့၏ Nominations များကို info@mjournalistsa.org သို့လည်းကောင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA) အမှတ် (၁၇၃/၁၇၅ )ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့သို့ လူကိုယ်တိုင်သော်လည်းကောင်း ပေးပို့နိုင်သည်။

**(အောင်သူရ)**

# ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်မှုလုပ်ငန်းစဉ် မတ် ၂၉ ရက်တွင် စတင်ရန် ဝန်ကြီးချုပ် မေ စီစဉ်ပြီ

**ဘရပ်ဆယ် မတ် ၂၁**

ဥပရောပသမဂ္ဂ(အီးယူ)မှ ဗြိတိန်နိုင်ငံ နုတ်ထွက်သည်ဟူသော တရားဝင်ထုတ်ပြန်ကြေညာချက်ကို မတ် ၂၉ ရက်တွင် ဝန်ကြီးချုပ် ထရီစာမေက အီးယူထံသို့ စာရေးသားပေးပို့ကာ သိကြားစေမည်ဖြစ်ကြောင်း အီးယူတာဝန်ရှိသူများက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ဗြိတိန်နိုင်ငံ၏ အနာဂတ်နှင့် ဥရောပ၏ အနာဂတ်တို့ကို ပြန်လည်၍ ပုံဖော်ထုဆစ်ရာရောက်မည့် ဖြစ်စဉ်အဖြစ် အီးယူမှ နုတ်ထွက်ခြင်းဆိုင်ရာ စေ့စပ်ဆွေးနွေးမှုများကို နှစ်နှစ်ကြာ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

မတ်လ၏ နောက်ဆုံးပတ်ကုန်ဆုံးချိန်ဝန်းကျင်တွင် ဗြိတိန်ဝန်ကြီးချုပ်၏ တရားဝင်အကြောင်းကြားစာကို လက်ခံရရှိပြီးသည့်အခါ ဥရောပကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တပ်စ်က စေ့စပ်ဆွေးနွေးရေးလုပ်ငန်းစဉ်ဆိုင်ရာ အခြေခံမူများနှင့် ပတ်သက်နေသော မူကြမ်းစာလွှာကို အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ပေါင်း ၂၇ ဖွဲ့သို့ ဖြန့်ဝေမည်ဖြစ်သည်။

စေ့စပ်ဆွေးနွေးရေးလုပ်ငန်းစဉ်ဆိုင်ရာ အခြေခံမူများကို အပြီးသတ်အတည်ပြုနိုင်ရေးအတွက် ဥရောပကောင်စီဥက္ကဋ္ဌက အဖွဲ့ဝင်နိုင်ငံ ၂၇ နိုင်ငံတို့မှ ခေါင်းဆောင်များကို ထိပ်သီးဆွေးနွေးပွဲသို့ ဖိတ်ခေါ်မည်ဖြစ်ကြောင်း၊ အီးယူခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲကို မေလအစောပိုင်းတွင် ကျင်းပဖွယ်ရှိကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြသည်။

ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာမည့် နေ့ရက်နှင့်ပတ်သက်၍ အီးယူဆိုင်ရာ ဗြိတိန် အမြဲတမ်းကိုယ်စားလှယ်က ဥရောပကောင်စီဥက္ကဋ္ဌကို အသိပေးအကြောင်းကြားခဲ့ကြောင်း ဝန်ကြီးချုပ် မေ၏ အစိုးရအဖွဲ့က ပြောကြားသည်။

လစ္စဘွန်းစာချုပ်၏ အပိုဒ် ၅၀ ကို မှီငြမ်းကိုးကားကာ အီးယူမှ ဗြိတိန်နိုင်ငံ တရားဝင်နုတ်ထွက်မှုကို စာရေးသားကာ တရားဝင်အကြောင်းကြားမည် ဖြစ်သည်။ ဥရောပသမဂ္ဂ၏ ဖွဲ့စည်းပုံအခြေခံမူဘောင်အဖြစ် တည်ရှိခဲ့သောနိုင်ငံတကာ စာချုပ်နှစ်ရပ်ကို ပြင်ဆင်ပြောင်းလဲထားသည့် နိုင်ငံတကာသဘောတူညီချက်အဖြစ် လစ္စဘွန်းစာချုပ်ကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် အီးယူအဖွဲ့ဝင်နိုင်ငံများက အတည်ပြုလက်မှတ် ရေးထိုးခဲ့ကြရာ ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် အာဏာသက်ဝင်လာခဲ့သည်။ လစ္စဘွန်းစာချုပ် အပိုဒ် ၅၀ မှာ အဖွဲ့အစည်းမှ နုတ်ထွက်ခြင်းဆိုင်ရာ တရားဝင်အသိပေးအကြောင်းကြားခြင်းနှင့် သက်ဆိုင်သောစည်းမျဉ်းဖြစ်သည်။ **ရိုက်တာ။**






# အရွယ်အစားကြီးမားသော အီလက်ထရွန်နစ်ပစ္စည်းများသယ်ဆောင်မှု ပိတ်ပင်ရေး အမိန့်သစ် အမေရိကန်ထုတ်ပြန်မည်

**ဝါရှင်တန် မတ် ၂၁**

အမေရိကန်ပြည်ထောင်စုသို့ ဦးတည်သည့် နိုင်ငံခြားလေကြောင်းဌာနအချို့၏ ခရီးစဉ်များဖြင့် လိုက်ပါလာသော ခရီးသည်များအား ဆဲလ်ဖုန်းတစ်လုံးထက် အရွယ်အစားပိုမိုကြီးမားသော အီလက်ထရွန်နစ်ကိရိယာများ သယ်ဆောင်မှုကို ပိတ်ပင်တော့မည်ဖြစ်ကြောင်း အမေရိကန် တာဝန်ရှိသူများက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အတိအကျဖော်ပြခြင်းမရှိသော အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုကို တုံ့ပြန်နိုင်ရေးအတွက် တားမြစ်ပိတ်ပင်ချက်အမိန့်သစ်ကို အမေရိကန်အာဏာပိုင်များက ထုတ်ပြန်ရန်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ တားမြစ်ပိတ်ပင်ချက်အမိန့်ကို အမေရိကန် အမိမြေလုံခြုံရေးဌာနက ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

အဆိုပါ အမိန့်အရ အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကမြောက်ပိုင်းတို့မှ နိုင်ငံခြားလေကြောင်းဌာနရှစ်ခုမှ ၁၀ ခုအထိ တားမြစ်ပိတ်ပင်ချက်တွင် အကျုံးဝင်မည်ဖြစ်ကြောင်း၊ လက်ပ်တော့၊ တက်ဘလက်ကွန်ပျူတာများနှင့် ဒစ်ဂျစ်တယ်ကင်မရာများကဲ့သို့ အီလက်ထရွန်နစ်ကိရိယာများကို သယ်ဆောင်ခွင့်ပြုမည် မဟုတ်ကြောင်းတာဝန်ရှိသူများက ပြောကြားကြသည်။

**ရိုက်တာ။**

# တောင်ဆူဒန်မြောက်ပိုင်း ဝါအူးမြို့တွင် ခရီးသည်တင်လေယာဉ်တစ်စင်းပျက်ကျ၊ လူသေဆုံးမှုမရှိ

**နိုင်ရိုဘီ မတ် ၂၁**

တောင်ဆူဒန်နိုင်ငံမြောက်ပိုင်းရှိ ဝါအူးမြို့တွင် မတ် ၂၀ ရက် မွန်းလွဲပိုင်းက လေယာဉ်အဖွဲ့သားခြောက်ဦးနှင့် ခရီးသည် ၄၃ ဦး လိုက်ပါလာသော လေယာဉ်တစ်စင်းပျက်ကျခဲ့သော်လည်း သေဆုံးသူတစ်ဦးတစ်ယောက်မျှ မရှိကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက အတည်ပြုပြောကြားကြသည်။

ခရီးသည် ၃၇ ဦးတို့ကို ဆေးရုံသို့တင်ပို့ကုသပေးခဲ့ပြီး ၎င်းတို့အနက်မှ ၃၁ ဦးမှာ ဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်း၊ ဆက်လက်ဆေးကုသမှုခံယူနေသူများမှာလည်း စိုးရိမ်ဖွယ်ရာအခြေအနေမရှိကြောင်း ဝါအူးပြည်နယ် ပြန်ကြားရေးဝန်ကြီး နိုနာဂွာဒန်နက်စီရိုက ပြောကြားသည်။

လေယာဉ်မြေပြင်သို့ ဆင်းသက်ရာတွင် မြင်ကွင်းမှုန်ဝါးနေခဲ့ခြင်းကြောင့် ဆင်းသက်လာသောလေယာဉ်နှင့် လေယာဉ်ကွင်းရှိ မီးသတ်ယာဉ်တစ်စီးတို့တိုက်မိခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။

လေယာဉ်ပျက်ကျမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို ပိုမိုကောင်းမွန်စွာ ဆေးဝါးကုသမှုများပြုလုပ်ပေးနိုင်ရန် ကျူဘာမြို့တော်ရှိ ဆေးရုံများသို့ ပြောင်းရွှေ့ပေးခဲ့သည်ဟု တောင်ဆူဒန်သမ္မတရုံးပြောရေးဆိုခွင့်ရှိသူက နိုင်ငံပိုင်အသံလွှင့်ဌာနမှ ထုတ်ပြန်ကြေညာခဲ့သည်။

တောင်ဆူဒန်နိုင်ငံ ဝါအူးလေဆိပ်တွင် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် အဆိုပါခရီးသည်တင် လေယာဉ်သည် ပေါက်ကွဲမီးလောင်ခဲ့သည်။ ခရီးသည်တင်လေယာဉ်သည် တောင်ဆူဒန်နိုင်ငံ မြို့တော်ကျူဘာမှ နိုင်ငံမြောက်ပိုင်း ဝါအူးမြို့သို့ ပျံသန်းလာခြင်းဖြစ်ပြီး တောင်ပိုင်းလေကြောင်းလိုင်းမှ ပိုင်ဆိုင်သော လေယာဉ်ဖြစ်သည်။

ဝါအူးလေဆိပ်သည် တရုတ်ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့များစခန်းချထားရာနေရာ အနီး၌တည်ရှိသဖြင့် လေယာဉ်ပျက်ကျမှုဖြစ်ပွားပြီးနောက်တွင် တရုတ်ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များ အလျင်အမြန်ရောက်ရှိလာကာ ခရီးသည်များကို ကယ်ဆယ်ခြင်းနှင့် မီးလောင်ကျွမ်းနေသည့်လေယာဉ်အား ရေသယ်ယာဉ်များဖြင့် ပက်ဖျန်းငြိမ်းသတ်ခြင်းတို့ ပြုလုပ်ခဲ့သည်။ **ဆင်ဟွာ။**





# ဘဂ္ဂဒက်တွင် အိုင်အက်စ်တို့ ဗုံးခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး ၂၃ ဦးသေဆုံး

**ဘဂ္ဂဒက် မတ် ၂၁**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် အိုင်အက်စ်တို့ ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး လူ ၂၃ ဦး သေဆုံးခဲ့သည်။ အဆိုပါတိုက်ခိုက်မှုသည် အိုင်အက်စ်အဖွဲ့၏ အကြီးမားဆုံးအမာခံနယ်မြေဖြစ်သည့် မိုဆူးလ်မြို့ကို အစိုးရတပ်ဖွဲ့များက ပြန်လည်သိမ်းယူရန် အရှိန်မြှင့်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီးနောက် ဖြစ်ပွားခြင်းဖြစ်သည်။

ဗုံးပေါက်ကွဲမှုသည် ရှီးယိုက်အများစုနေသည့် ခရိုင်တစ်ခုတွင် တနင်္လာနေ့မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရိုက်တာသတင်းဌာနနှင့် အခြားသောသတင်းဌာနများက ၄၅ ဦးကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ရေးသားဖော်ပြကြသည်။

အိုင်အက်စ်စစ်သွေးကြွအဖွဲ့က ရှီးယိုက်မွတ်စလင်လူစုလူဝေးတစ်ခုကို ပစ်မှတ်ထား၍ ကားဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။

မိုဆူးလ်မြို့ပြန်လည်သိမ်းပိုက်ရေးထိုးစစ်တွင် အီရတ်တပ်ဖွဲ့များသည် တီဂရစ်မြစ်ကမ်းနှစ်ဖက်ရှိ အဓိကအဆောက်အအုံများကို ထိန်းချုပ်ထားနိုင်ပြီဖြစ်သည်။

အီရတ်ဝန်ကြီးချုပ် ဟာဒီရာ အယ်လ်အဘာဒီသည် တနင်္လာနေ့တွင် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တော်သို့သွားရောက်ကာ သမ္မတ ဒေါ်နယ်လ်ထရန့်နှင့်တွေ့ဆုံ၍ အိုင်အက်စ်အဖွဲ့ ချေမှုန်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်သွားရန် ဆွေးနွေးခဲ့သည်။

မိုဆူးလ်မြို့တွင် အခြေအနေဆိုးရွားလာမှုကြောင့် အိုင်အက်စ်တို့သည် ဘဂ္ဂဒက်မြို့နှင့် အခြားနေရာများရှိ ရှီးယိုက်များနှင့် တပ်ဖွဲ့ဝင်များရှိသည့်နေရာများကို ဗုံးဖောက်ခွဲတိုက်ခိုက်မှုများပြုလုပ်လာသည့်အတွက် အရပ်သားများ သေဆုံးမှု ပိုများလာသည်။ **အင်န်အိတ်ချ်ကေ။**

# ရှေးဟောင်းပေစာများ လှူဒါန်းပွဲအခမ်းအနားကျင်းပ




**နေပြည်တော် မတ် ၂၁**

မြန်မာနိုင်ငံ၌ စာအုပ်များမပေါ်မီက စာပေရေးသားခြင်းကို ပေ၊ ပုရပိုက်များပေါ်တွင် ရေးသားခဲ့ကြပြီး ပိဋကတ်တော်ဆိုင်ရာ ကျမ်းဂန်များ၊ မြန်မာမှုဆိုင်ရာ ကျမ်းဂန်များသည် ပေစာအနေဖြင့်သာ ရှိကြကြောင်း၊ ပိဋကတ်ဆိုင်ရာ ဘာသာအယူဝါဒနှင့် ဆိုင်သည့် အသိအလိမ္မာနှင့် မြန်မာမှုဆိုင်ရာ အတတ်ပညာများ၊ စာပေယဉ်ကျေးမှု အတတ်ပညာများကို မြန်မာတို့ရရှိပြီး ယနေ့ခေတ်တိုင် ထိန်းသိမ်းထားနိုင်ခြင်းသည် ပေစာများပေါ်တွင် ကမ္ပည်းအက္ခရာတင်ထားနိုင်သည့် ကျေးဇူးတရားကြောင့်ပင်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၌ မတ် ၂၀ ရက် မွန်းလွဲ(၁)နာရီက ရှေးဟောင်းပေစာများ လှူဒါန်းပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အမျိုးသားစာကြည့်တိုက်အနေဖြင့် "ရှေးဟောင်း ပေ၊ ပုရပိုက်၊ လက်ရေးစာများ ပြုပြင်ထိန်းသိမ်းရေးဗဟိုဌာန" အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ "ပေ၊ ပုရပိုက် စုဆောင်းထိန်းသိမ်းရေးအဖွဲ့"ကို စတင်ဖွဲ့စည်းချိန်မှစတင်၍ အဖွဲ့ဝင်များက မြန်မာနိုင်ငံအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ လူပုဂ္ဂိုလ်များထံမှ နှစ်ကာလကြာရှည်စွာ ထိန်းသိမ်းထားရှိသည့် ပေများ၊ ပုရပိုက်များကို လိုက်လံစုဆောင်းလျက်ရှိကြောင်း၊ မတ် ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ်နေ ဦးအောင်မြင့်ဦး မိသားစုက ဇာတာများကို အဖွဲ့၏ တွဲဖက်အတွင်းရေးမှူးထံသို့ဆက်သွယ်ကာ ပေးအပ်လှူဒါန်းခဲ့ကြောင်း။

ထို့အပြင် မတ် ၁၈ ရက်၌ နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိဒေသ သပြေကုန်းကျေးရွာ သပြေကုန်းဘုန်းတော်ကြီးကျောင်းတွင် စုဆောင်းထားသည့် ပေထုပ် ၆၅ ထုပ်ကိုလည်း အဆိုပါအဖွဲ့ထံသို့ လာရောက်လှူဒါန်းခဲ့ကြောင်း၊ သပြေကုန်းမှ လှူဒါန်းသည့် ပေထုပ်များထဲတွင် အစောဆုံးရေးသားထားသည့် ပေစာထုပ်မှာ ခရစ်နှစ် ၁၇၅၉ ခုနှစ်၊ ညောင်ရမ်းခေတ်တွင် ရေးသားထားခြင်းဖြစ်ကြောင်းကို ကမ္ပည်းမှတ်တမ်းအရ တွေ့ရှိရကြောင်း၊ ယင်းပေရွက်များပေါ်တွင် စာရေးသားမှတ်တမ်းတင်ခဲ့ကြသည့် အတွက် မွန်မြတ်သည့် ဗုဒ္ဓဘာသာအဆုံးအမနှင့် လူမျိုး၏ စာပေယဉ်ကျေးမှုအမွေအနှစ်များကို ယခုခေတ် လူတို့သိရှိခံစားနေရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပေထက်အက္ခရာတင်ထားသည့် ပေစာထုပ်များအား လှူဒါန်းခြင်းမှာ တိုင်းပြည်နှင့်လူမျိုးအတွက် တန်ဖိုးဖြတ်၍ မရနိုင်လောက်အောင် အကျိုးကြီးမားကြောင်း၊ လှူဒါန်းသည့် ဇာတာတော်များ၊ ပေထုပ်များကို လေ့လာကြည့်သည့်အခါ ဇာတာတော်တစ်ချပ်မှာ ခရစ်နှစ် ၁၈၉၆ ခုနှစ်တွင် ရေးသားထားသည့်အတွက် ၁၂၁ နှစ်သက်တမ်းရှိပြီး အစောဆုံးပေစာထုပ်တစ်ထုပ်မှာ ၂၅၈ နှစ် သက်တမ်းရှိသည်ကို တွေ့ရကြောင်း၊ ထိုမျှခေတ်ကာလ သက်တမ်းကြာမြင့်ပြီဖြစ်သည့် ရှေးဟောင်းပေစာများကို ကာလကြာရှည်စွာ မပျောက်မပျက်အောင် လက်ဝယ်ထိန်းသိမ်းထားရှိပြီး နိုင်ငံတော်ကို လှူဒါန်းသည့်အတွက် လှူဒါန်းသူများကို နိုင်ငံတော်ကိုယ်စား၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာနကိုယ်စား ကျေးဇူး အထူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိဒေသ သပြေကုန်း ကျေးရွာ သပြေကုန်းဘုန်းတော်ကြီးကျောင်း ဆရာတော်ဦးဓမ္မာနန္ဒ(ဓမ္မာစရိယ)က ရှေးဟောင်းပေစာများ လှူဒါန်းရသည့်အကြောင်းကို ရှင်းလင်းမိန့်ကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လှူဒါန်းသည့် ပေစာများအား လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပြီး သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသော ဒေသခံပြည်သူများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့အစည်းအဝေးကျင်းပ



**နေပြည်တော် မတ် ၂၁**

ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၇) ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက ယခင်ပြုလုပ်ခဲ့သည့် အစည်းအဝေးအမှတ်စဉ်(၁/၂၀၁၆)၏ ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုအပေါ် သုံးသပ်ဆွေးနွေးရှင်းလင်းတင်ပြပြီး ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ စစ်ဆေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးကြီးကျော်ဝင်းသိန်းက မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများကို အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (Asia/Pacific Group on Money Laundering-APG) ၏ လုပ်ငန်းစဉ်အရ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ရေး (Mutual Evaluation -ME) မှ အကဲဖြတ်နိုင်ရေး ကြိုတင်ဆောင်ရွက်မှု၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပြင်ဆင်ရေးဆွဲမှု၊ ၂၀၁၇ ခုနှစ်အတွင်း ဗဟိုအဖွဲ့မှ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ရေး လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း၊ ကြီးကြပ်ရေးအာဏာပိုင် တာဝန်ပေးအပ်ခြင်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့်ပတ်သက်၍ အိမ်ခြံမြေအကျိုးဆောင်များမှ သတင်းပို့ရန် ထုတ်ပြန်ခြင်း စသည့်အမိန့်များ ထုတ်ပြန်ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသူများက ဖြည့်စွက်ဆွေးနွေးကြသည်။

အစည်းအဝေးကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင် ၁၅ ဦးနှင့် အထူးဖိတ်ကြားထားသူ ခြောက်ဦးတို့တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လူထုဗဟိုပြုစီမံကိန်း သုံးသပ်ညှိနှိုင်းစည်းဝေး

**ငပုတော မတ် ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် လူထုဗဟိုပြု စီမံကိန်း၏ ပထမနှစ် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ဆောင်ရွက်ရန် မြို့နယ်စီမံကိန်းနှင့် အကောင်အထည်ဖော်ကော်မတီ သုံးသပ်ညှိနှိုင်း အစည်းအဝေးကို ငပုတောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၁၇ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးကို သက်ဆိုင်ရာဌာနများမှ လျာထားရန်ပုံငွေ လုပ်ငန်းများနှင့် တူညီသောလုပ်ငန်းများ မဖြစ်ပေါ်စေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

ထို့နောက် ကျေးရွာအုပ်စု ၂၉ အုပ်စု ကျေးရွာပေါင်း ၁၁၄ ရွာမှ အဆိုပြုထားသောစီမံကိန်းလုပ်ငန်းခွဲပေါင်း ၁၂၃ ခုအား မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီက ကြီးကြပ်စစ်ဆေးအတည်ပြုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စုပေါင်းသွေးလှူဒါန်းပွဲ ပြုလုပ်မည်

**ရန်ကုန် မတ် ၂၁**

"စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ် ဖောင်ဒေးရှင်း"က ကြီးမှူးပြုလုပ်သော (၆)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန(အမျိုးသားသွေးလှူဘဏ်)၌ ဧပြီ ၂ ရက် နံနက် ၈ နာရီမှ ၁၁ နာရီထိ ပြုလုပ်မည်ဖြစ်ရာ မည်သူမဆိုပါဝင်လှူဒါန်းနိုင်သည်။ သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေးထောက်ပံ့မှုများအပြင် "စန်းမောင်မြင့် သွေးလှူကုသိုလ် ဖောင်ဒေးရှင်း"က ကြက်ဥ ၁၀ လုံး၊ အမှတ်တရ UV နေရောင်ခြည်ကာကွယ်သော ထီးတစ်လက်၊ ဦးထုပ်တစ်လုံးနှင့် 100% Cotton T-Shirt တစ်ထည် လက်ဆောင်များဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်သည်။ သွေးလှူဒါန်းမည့်သူများအနေဖြင့် "စန်းမောင်မြင့် သွေးလှူကုသိုလ် ဖောင်ဒေးရှင်း" ဖုန်း- ၀၉-၅၁၃၅၅၁၅၊ ၀၉-၇၈၆၆၇၇၂၉၂ တို့သို့ မတ် ၂၉ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန် မေတ္တာရပ်ခံထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မှုခင်းကျဆင်းရေး အသိပညာပေး

**မြင်းမူ မတ် ၂၁**

မြောင်မြို့နယ် ရဲတပ်ဖွဲ့အနေဖြင့် မတ် ၂၀ ရက်တွင် လောင်းကစားပပျောက်ရေးနှင့် လူငယ်ထုအတွင်း ပျံ့နှံ့နေသော မူးယစ်ဆေးဝါးများ လျော့နည်းပပျောက်ရေး သဘာဝဘေး ဂေဟာစနစ်ပျက်ယွင်းမှုကို ကာကွယ်ထိန်းသိမ်းရေးအတွက် တရားမဝင် သစ်ခိုးထုတ်ရောင်းချမှုနှင့် တရားမဝင်သတ္တုတူးဖော် ထုတ်လုပ်မှုများကို ဦးစားပေး၍ အရေးယူဆောင်ရွက်နိုင်ရန်အတွက် ပြည်သူများ မှုခင်းကျဆင်းရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်သော အသိပညာဗဟုသုတများရရှိစေရန် ရည်ရွယ်၍ အသိပညာပေး ရွှေ့လျားယာဉ်က မတ် ၂၀ ရက်တွင် မြောင်မြို့နယ်သို့ ရောက်ရှိ၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

စစ်ကိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြသင်း၏ ကြီးကြပ်မှုဖြင့် မြောင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းငွေ၊ မြောင်မြို့မရဲစခန်းမှူး ဒု-ရဲမှူး တင်လှိုင်၊ မြောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်း၊ ခေတ္တနယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ် ထွန်းအောင်ကျော်၊ မြောင်မြို့ မြောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းတို့ ဦးဆောင်သော မှုခင်းကျဆင်းရေးပညာပေး ရွှေ့လျားယာဉ်ဖြင့် မြောင်မြို့နယ် မြောက်ရပ်ကွက် ထီးလှိုင်ရှင် ပန်းခြံရှေ့တွင် ပြည်သူလူထု ၇၈ ဦးခန့်အားလည်းကောင်း၊ မြောင်မြို့နယ် နဘက်ကျေးရွာရှိ မြောင်-ပရိမ္မလမ်းဘေး ဈေးတန်းတွင် ပြည်သူလူထု ၆၅ ဦးခန့်အားလည်းကောင်း လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ မှုခင်းအသိပညာပေးယာဉ်အား ပြည်သူလူထုက လေ့လာကြည့်ရှုခြင်းနှင့် အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့သည်။

**(၆၂၄)**



**ကနီမြို့နယ်အတွင်း နွေရာသီရေရှားပါးပြတ်လပ်နိုင်သော မုံရွာ-ယာကြီး-ကလေးဝလမ်း (၃၂/၀)မိုင်(အင်တိုင်းတော) သစ်တောကျူးတောင်သူများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် Tech United Power ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သော စက်ရေတွင်းတူးဖော်ခြင်းကို ကနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဆိုင် မတ် ၁၆ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။**

(ကနီကျေးလက်)

# ရာသီဥတုပြောင်းလဲဖောက်ပြန်မှု ဟန့်တားတိုက်ဖျက်ရေးနှင့် ပဲရစ်သဘောတူညီချက်

အငြိမ်းစားပါမောက္ခချုပ် ဦးဝင်းကြည် (သစ်တောတက္ကသိုလ်)

ကမ္ဘာကြီးပူနွေးလာမှုသည် လူသားများ ရင်ဆိုင်ခဲ့ရသော ခြိမ်းခြောက်မှုများ အနက် အကြီးမားဆုံး ခြိမ်းခြောက်မှုဖြစ်သည်။ ကမ္ဘာကြီး ပူနွေးလာမှု၏ အကျိုးဆက်ဖြစ်သည့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများအား ဟန့်တား တိုက်ဖျက်ရေးသည် ကျွန်ုပ်တို့ လူသားအားလုံး၏ အဓိကတာဝန်ကြီးတစ်ရပ် ဖြစ်နေပေသည်။

ယင်းခြိမ်းခြောက်မှုကြီးကို ကျော်လွှားနိုင်ရေးအတွက် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံ့ခေါင်းဆောင်များနှင့် သိပ္ပံပညာရှင်များက ကြိုးပမ်းလျက်ရှိကြသည်။ ပထမဦးဆုံးခြေလှမ်းအဖြစ် "ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်း" (United Nations Framework Convention on Climate Change- UNFCCC)ဖွဲ့စည်းရန် ၁၉၉၂ ခုနှစ်တွင် နိုင်ငံပေါင်း ၁၉၂ နိုင်ငံက သဘောတူဆုံးဖြတ်ခဲ့ပြီး အဆိုပါအဖွဲ့အစည်းသည် ၁၉၉၄ ခုနှစ် မတ် ၂၁ ရက်မှစတင်၍ အကျိုးသက်ရောက်ခဲ့သည်။

UNFCCC ၏ ဦးဆောင်ကြိုးပမ်းမှုအရ ၁၉၉၇ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် **"ကျိုတိုသဘောတူညီစာချုပ်" (Kyoto Protocol)** ကို ကမ္ဘာ့နိုင်ငံအများစုက ပြဋ္ဌာန်းနိုင်ခဲ့ပြီး ယင်းစာချုပ်တွင် နိုင်ငံပေါင်း ၁၄၆ နိုင်ငံ ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ ယင်းသဘောတူညီချက်အရ အဓိကကျသော မှန်လုံအိမ်ဓာတ်ငွေ့ ခြောက်မျိုး၏ထုတ်လွှတ်မှုပမာဏကို ၁၉၉၀ ပြည့်နှစ်က ထုတ်လွှတ်ခဲ့သည့် ပမာဏထက် ၅ ဒသမ ၂ ရာခိုင်နှုန်း လျှော့ချရန်ဖြစ်သည်။ အကောင်အထည်ဖော်ရမည့်ကာလမှာ ၂၀၀၈ ခုနှစ် မှ ၂၀၁၂ ခုနှစ်အထိ ဖြစ်သည်။

ဤသို့လျှော့ချရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် တာဝန်မရှိဘဲ ဖွံ့ဖြိုးပြီးနိုင်ငံ ၂၆ နိုင်ငံနှင့် စီးပွားရေးအသွင်ကူးပြောင်းဆဲနိုင်ငံ (Countries with Economy in Transition = EITS) ၁၃ နိုင်ငံ၊ ပေါင်း ၃၉ နိုင်ငံ၌သာ တာဝန်ရှိခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် အဆိုပါသဘောတူညီချက်တွင် ပါဝင် လက်မှတ်မရေးထိုးခဲ့ပါ။ အကြောင်းမှာ ထိုစဉ်က အခြေအနေများအရ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို သတ်မှတ်ထားချက်ပြည့်မီအောင် လျှော့ချရန်မဖြစ်နိုင်သေးသောကြောင့် ဖြစ်သည်။ ကနေဒါနိုင်ငံက စာချုပ်တွင် ပါဝင်လက်မှတ်ထိုးထားသော်လည်း သတ်မှတ်ကာလမတိုင်မီ ၂၀၁၁ ခုနှစ်တွင် နုတ်ထွက်သွားခဲ့သည်။ မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို သတ်မှတ်ချက်အတိုင်း ပြည့်မီအောင်မလျှော့ချနိုင်တော့သဖြင့် စည်းမျဉ်းများအရ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၆ ဘီလီယံ ပေးလျော်ရမည်ဖြစ်ခြင်းကြောင့် ဖြစ်သည်။

UNFCCC က ဦးဆောင်ပြီး နာမည်ကျော်ပညာရှင်များ စုပေါင်းလျက် **ကျိုတိုသဘောတူစာချုပ်** ကို နောက်ထပ်သက်တမ်းငါးနှစ်တိုးရန် ၂၀၁၂ ခုနှစ် မတိုင်မီကပင် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။ ကျိုတိုသက်တမ်းကုန်ဆုံးသွားပြီး လေးနှစ်အကြာ ၂၀၁၆ ခုနှစ်ကျမှသာ **"ပဲရစ်သဘောတူညီချက်"(Paris Agreement)**ကို အကောင်အထည်ဖော်နိုင်ခဲ့ကြခြင်းဖြစ်သည်။ စာမျက်နှာ (၁၂)မျက်နှာပါရှိသော ယင်းသဘောတူညီမှုပြဋ္ဌာန်းချက်တွင် တစ်ကမ္ဘာလုံးမှ ထုတ်လွှတ်သော မှန်လုံအိမ်ဓာတ်ငွေ့ပမာဏ၏ ၅၅ ရာခိုင်နှုန်းကို ထုတ်လွှတ်နေသည့်နိုင်ငံပေါင်း ၅၅ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးမှသာ အဆိုပါသဘောတူညီချက်စတင်၍ အသက်ဝင်မည်ဖြစ်ကြောင်းဖော်ပြထားသည်။ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်တွင် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအများဆုံးနှင့် ဒုတိယအများဆုံး နိုင်ငံများဖြစ်သည့် တရုတ်နှင့် အမေရိကန်တို့က ယင်းသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့သည်။ မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုတွင် ကမ္ဘာ့ထုတ်လွှတ်မှုပမာဏ၏ ၄၀ ရာခိုင်နှုန်း (နီးပါး) ကိုထုတ်လွှတ်နေသော ထိုနှစ်နိုင်ငံ၏ဦးဆောင်မှုသို့ ကျန်နိုင်ငံများက လိုက်ပါခဲ့ကြရာ ၂၀၁၆ ခုနှစ် ဧပြီ ၂၂ ရက်တွင် နိုင်ငံပေါင်း ၁၉၄ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့နောက် "ပဲရစ်သဘောတူညီချက်"သည် ၄-၁၁-၂၀၁၆ ရက်မှစ၍ အသက်ဝင်ခဲ့ပါသည်။

ဖော်ပြပါသဘောတူညီချက်၏ အဓိကဦးတည်ချက်သည် "ကမ္ဘာ့အပူချိန်ကို စက်မှုခေတ်မတိုင်မီကရှိခဲ့သော ကမ္ဘာ့အပူချိန်ထက် 2°C ပို၍ မမြင့်တက်စေရန် နိုင်ငံတစ်နိုင်ငံချင်းအလိုက် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်သည်။ ဖြစ်နိုင်မည်ဆိုပါက ကမ္ဘာ့အပူချိန်ကို ၁ ဒသမ ၅ °C ထက်ပို၍ မမြင့်တက်စေအောင် ဆောင်ရွက်ကြရန်ဖြစ်သည်။

စက်မှုခေတ်မတိုင်မီကာလကို ၁၇၅၀ ပြည့်နှစ်မတိုင်မီဟု သတ်မှတ်သင့်သည်။ သို့သော်ကမ္ဘာ့အပူချိန်သည် စက်မှုခေတ်မတိုင်မီကရှိခဲ့သော အပူချိန်ထက် 1°C (ပထမဆုံးအကြိမ်အဖြစ်) စတင်မြင့်တက်ခဲ့သည့် ကာလကိုသာ ကိုးကားခဲ့သည်။ ထို့ကြောင့် ၁၈၅၀ ပြည့်နှစ်မှ ၁၉၀၀ ပြည့်နှစ်ကြားကာလရှိ ကမ္ဘာ့ပျမ်းမျှအပူချိန် ၁၃ ဒသမ ၈ °C ကို စက်မှုခေတ်မတိုင်မီက ရှိခဲ့သည့် ကမ္ဘာ့အပူချိန်အဖြစ် သတ်မှတ်ခဲ့သည်။

ယခုပဲရစ်သဘောတူညီချက်သည် ကျိုတိုသဘောတူညီချက်ကဲ့သို့ ကတိကဝတ် (Commitment) မရှိဘဲ မိမိတို့၏ အစီအစဉ်များအတိုင်း လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။ မိမိတို့ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို UNFCCC သို့ တင်ပြထားရန်သာလိုအပ်သည်။ UNFCCC က လုပ်ငန်းအောင်မြင်မှုများကို ငါးနှစ်တစ်ကြိမ် ဆန်းစစ်မည်ဖြစ်သည်။ လုပ်ငန်းများကို ၂၀၁၈ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ကြရမည် ဖြစ်သဖြင့် UNFCCC က ၂၀၂၃ ခုနှစ်တွင် ပထမဆုံးအကြိမ် ဆန်းစစ်မည်ဖြစ်သည်။

UNFCCC က တွန်းအားပေးမည့်နည်းလမ်းများ၊ အရေးယူမည့်နည်းလမ်းများ ကျင့်သုံးသွားမည်မဟုတ်ဘဲ တင်ပြထားသည့်အတိုင်း လုပ်ငန်းအကောင်အထည်မဖော်နိုင်သည့် နိုင်ငံများ၏အမည်ကို ထုတ်ပြန်ကြေညာခြင်းဖြင့် အရှက်ရစေသည့်နည်းလမ်း (Name and Shame)နှင့် လုပ်ငန်းအကောင်အထည်ဖော်နိုင်သည့်နိုင်ငံများ၏ အမည်ကိုလည်း ထုတ်ပြန်ကြေညာခြင်းဖြင့် အားပေးချီးမြှောက်သည့်နည်းလမ်း (Name and Encourage) များကိုသာ အသုံးပြုသွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂလက်ထောက် အထွေထွေအတွင်းရေးမှူး Janos Pasztor က CBS သို့ ပြောကြားခဲ့ပါသည်။

**ကမ္ဘာ့အပူချိန်မြင့်တက်မှုကို ဟန့်တားနိုင်မည့် အလားအလာ**

အထက်တွင် ဖော်ပြထားသကဲ့သို့ ကမ္ဘာ့အပူချိန်ကို စက်မှုခေတ်မတိုင်မီက ရှိခဲ့သော ကမ္ဘာ့အပူချိန်ထက် 2°C ပို၍ မမြင့်တက်စေရန်နှင့် ဖြစ်နိုင်မည်ဆိုပါက ၁ ဒသမ ၅ °C ပို၍မမြင့်တက်စေရန် နိုင်ငံအသီးသီးက ကြိုးပမ်းကြရမည်ဖြစ်ပါသည်။ World Resources Institute (WRI) ၏ ၂၀၁၆ ခုနှစ် ဇန်နဝါရီလက ထုတ်ပြန်ချက်အရ ၂၀၁၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံးမှ ထုတ်လွှတ်ခဲ့သော မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏသည် ၄၂ ဒသမ ၆၉ gigatonne $CO_2e$ (ကာဗွန်ဒိုင်အောက်ဆိုက်နှင့်ညီမျှသော မက်ထရစ်တန် ၄၂ ဒသမ ၆၉ သန်း) ရှိကြောင်း သိရှိရပါသည်။ ပညာရှင်များ၏ ခန့်မှန်းတွက်ချက်မှုများအရ အကယ်၍သာ နိုင်ငံအများစုက မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးကို ထိရောက်စွာ မဆောင်ရွက်နိုင်ကြပါက ကမ္ဘာ့မှန်လုံ အိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏသည် ၂၀၃၀ ပြည့်နှစ်သို့ ရောက်ရှိချိန်တွင် ၅၅ gigatonne $CO_2e$ ခန့်ရှိနိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့အပူချိန်ကို ၁ ဒသမ ၅ °C ထက်ပိုမမြင့်တက်စေလိုပါက ကမ္ဘာ့မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏကို ၄၀ gigatonne $CO_2e$ သို့ ရောက်ရှိအောင် လျှော့ချရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ကမ္ဘာ့အပူချိန်သည် သုံးနှစ်ဆက်တိုက် စံချိန်ချိုးခဲ့သည်။ ၂၀၁၄ ခုနှစ်က တင်ထားသောစံချိန်ကို ၂၀၁၅ ခုနှစ်က ချိုးခဲ့ပြီးနောက် ၂၀၁၅ ခုနှစ်စံချိန်ကို ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်က ထပ်မံချိုးခဲ့သည်။ မှတ်တမ်းများအရ ၂၀၀၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်ကာလအတွင်းရှိ ၁၆ နှစ်၏ ကမ္ဘာ့အပူချိန်များသည် အပူဆုံး ၁၇ နှစ်ထဲတွင် ပါဝင်နေကြောင်းသိရှိရသည်။ ၂၀ ရာစုနှစ်အစဦးပိုင်းမှ စတင်ပြီး ကမ္ဘာကြီး သိသာစွာပို၍ ပူနွေးလာသည်ကို ပြသနေခြင်းဖြစ်သည်။ (၁၉၉၈ ခုနှစ်၏ ကမ္ဘာ့အပူချိန်သည် ဖော်ပြပါ ၁၇ နှစ်ထဲတွင် အဆင့် (၈)ရှိသည်။) ၂၀၁၆ ခုနှစ်၏ ကမ္ဘာ့အပူချိန်သည် ၁၄ ဒသမ ၈၄ °C ရှိသောကြောင့် စက်မှုခေတ်မတိုင်မီကာလကရှိခဲ့သော ကမ္ဘာ့အပူချိန် ၁၃ ဒသမ ၈ °C ထက် ၁ ဒသမ ၀၄ °C ပိုများနေပြီဖြစ်သည်။ ထို့ကြောင့် ပဲရစ်သဘောတူညီချက်၏ သတ်မှတ်ချက် ၂ °C ၏ ထက်ဝက်ကျော် ချင်းနင်းပြီးဖြစ်နေသည်။

ဤသို့ ကမ္ဘာကြီးတစ်နှစ်ထက်တစ်နှစ် ပိုမိုပူပြင်းလာရခြင်း၏ အကြောင်းရင်းခံဖြစ်သည့် မှန်လုံအိမ်ဓာတ်ငွေ့များ၏အခြေအနေကို ဆန်းစစ်ကြည့်မိပါသည်။ မှန်လုံအိမ်ဓာတ်ငွေ့များအနက် အဓိကအကျဆုံးဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ($CO_2$)၏ လေထုအတွင်း ပါဝင်မှုနှုန်းသည် ခရစ်နှစ် ၁၀၀၀ နှင့် ၁၈၀၀ကြားကာလတွင် ၂၈၀ ppm ဝန်းကျင်၌သာ တစ်သမတ်တည်းနီးပါးရှိခဲ့သည်။ (ppm - parts per million ၊လေထုထဲတွင်ပါဝင်သည့် ဓာတ်ငွေ့မျိုးစုံ၏ ထုထည်ယူနစ်တစ်သန်းတွင် $CO_2$ က ယူနစ် ၂၈၀ ပါဝင်သည်။) $CO_2$ ပါဝင်မှုသည် ၁၉၅၅ ခုနှစ်က ၃၁၀ ppm ရှိခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် ၃၅၀ ppm ရှိခဲ့သဖြင့် ထိုကာလအတွင်းတစ်နှစ်လျှင် ပျမ်းမျှ ၁ ဒသမ ၃ ppm နှုန်းတိုးခဲ့သည်။ တစ်ဖန် ၂၀၁၅ ခုနှစ်တွင် ၄၀၁ ppm သို့ရောက်ရှိခဲ့ခြင်းကြောင့် ၁၉၈၅ ခုနှစ်မှ ၂၀၁၅ ခုနှစ် ကာလအတွင်း တစ်နှစ်လျှင် ပျမ်းမျှ ၁ ဒသမ ၇ ppm နှုန်းတိုးခဲ့သည်။ ယခုနောက်ဆုံး ထုတ်ပြန်ချက်အရ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ၄၀၃ ဒသမ ၁၂ ppm နှင့်၂၀၁၇ ဇန်နဝါရီလတွင် ၄၀၆ ဒသမ ၄၇ ppm ရှိကြောင်း သိရှိရသဖြင့် ပြီးခဲ့သည့်တစ်နှစ်အတွင်း ၃ ဒသမ ၃၅ ppm နှုန်းတိုးခဲ့သည်။ ထို့ကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှု တစ်နှစ်ပျမ်းမျှတိုးနှုန်းသည် အချိန်နှင့်အမျှ မြင့်တက်နေသည်ကို တွေ့မြင်နိုင်ပါသည်။

ထိုနည်းတူပင် မီသိန်းဓာတ်ငွေ့၏ လေထုထဲတွင်ပါဝင်မှုနှုန်းသည် ယခု ၂၁ ရာစုနှစ်၏ အစဦးပိုင်းကတစ်နှစ်လျှင် သုည ဒသမ ၅ ppb (parts per billion) နှုန်းသာ တိုးခဲ့သော်လည်း ၂၀၁၄ ခုနှစ်က ၁၂ ဒသမ ၅ ppb နှုန်းတိုးမြင့်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ၉ ဒသမ ၉ ppb နှုန်းတိုးခဲ့သည်။ လေထုအတွင်း မီသိန်းပါဝင်မှုနှုန်းသည်၁၉၈၀ ပြည့်နှစ်က ၁၆၀၀ ppb (ခန့်)၊ ၁၉၉၀ ပြည့်နှစ်တွင် ၁၇၇၀ ppb (ခန့်)၊ ၂၀၀၀ ပြည့်နှစ်တွင် ၁၇၅၀ ppb (ခန့်)၊ ၂၀၁၀ ပြည့်နှစ်တွင် ၁၈၀၀ ppb (ခန့်)ရှိခဲ့ကြောင်း မှတ်သားရသည်။ ၂၀၂၀ ပြည့်နှစ်တွင် ၁၈၅၀ ppb ခန့်တိုင်ရောက်ရှိနိုင်သည်ဟု ပညာရှင်များက ခန့်မှန်းထားကြသည်။ မီသိန်းသည် လေထုအတွင်းပါဝင်မှု အလွန်နည်းသော်လည်း ယင်း၏ ကမ္ဘာကြီးပူနွေးစေနိုင်မှုစွမ်းအား (Global Warming Potential -GWP)သည် $CO_2$ ၏ ၃၄ ဆရှိသဖြင့် အရေးပါသော မှန်လုံအိမ်ဓာတ်ငွေ့ဖြစ်သည်။ ထို့ကြောင့်ပင် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် ယခုနှုန်းအတိုင်းသာ တိုးနေဦးမည်ဆိုပါက ၂၀၃၆ ခုနှစ်သို့ ရောက်ရှိချိန်တွင် ကမ္ဘာ့အပူချိန်သည် ၂°C ထက်ပို၍မြင့်သွားမည်ဖြစ်ကြောင်း ပညာရှင်များက သတိပေးထားကြပါသည်။

အထက်ဖော်ပြပါအထောက်အထားများအရ ကမ္ဘာ့အပူချိန်ကို စက်မှုခေတ်မတိုင်မီ ကာလကရှိခဲ့သောကမ္ဘာ့အပူချိန်ထက် ၂ °C မကျော်အောင် ဟန့်တားနိုင်ရန် အချိန်မီနိုင်ပါဦးမည်လားဟု စိုးရိမ်မိပါသည်။ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးနှင့်ပတ်သက်၍ ကမ္ဘာ့ခေါင်းဆောင်များ၏ အရေးယူဆောင်ရွက်မှုများသည် အနည်းဆုံးဆယ်စုနှစ် နှစ်စုခန့်နောက်ကျခဲ့သည်ဟု သုံးသပ်မိပါသည်။ ပညာရှင်များက ၂၀၀၀ ပြည့်နှစ်သို့ရောက်ရှိသည့်အခါ ကမ္ဘာကြီးသိသာစွာ ပူနွေးလာခြင်းကြောင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများကို စတင်တွေ့ကြုံခံစားကြရမည်ဖြစ်ကြောင်းကို ၁၉၇၀ ဝန်းကျင်ကတည်းက အကြိမ်ကြိမ်သတိပေးခဲ့ကြပါသည်။ စာရှုသူများ တွေ့ကြုံခံစားခဲ့ကြရသည့်အတိုင်း ၂၀၀၀ ပြည့်နှစ်မရောက်မီ ၁၉၉၈ ခုနှစ်မှာပင် ရာသီဥတုဖောက်ပြန်မှုများသည် ကမ္ဘာတစ်ဝန်းဖြစ်ပေါ်ခဲ့သည်။ **ပညာရှင်များ မည်မျှပင်သတိပေးစေကာမူ Policy Maker များ အလေးမထားပါက အရာမရောက်နိုင်ကြောင်း ပြသသည့် အလွန်တန်ဖိုးကြီးသော သင်ခန်းစာတစ်ခုပင်ဖြစ်ပါသည်။**

တစ်ဖက်တွင်လည်း စာရေးသူတို့ လူသားများ၏ အံ့မခန်းဉာဏ်စွမ်းအားကြောင့် ပဲရစ်သဘောတူညီချက်ကိုအောင်မြင်အောင် အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်မိပါသည်။ လူသားများသည် မည်သည့်ကိရိယာ၊ လက်နက်မျှမရှိသည့် ကမ္ဘာဦးအစမှာပင် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ကြပြီး ယခုအခါအာကာသကိုပင် အိမ်ဦးကြမ်းပြင်သွားလာနေနိုင်ကြပြီဖြစ်ပါသည်။ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု အများဆုံးသုံးနိုင်ငံ (တရုတ်၊ အမေရိကန်၊ အိန္ဒိယ)နှင့် အီးယူနိုင်ငံများက ကမ္ဘာ့အပူချိန်ကို စက်မှုခေတ်မတိုင်မီကရှိခဲ့သော ကမ္ဘာ့အပူချိန်ထက်၂ °C ပိုမမြင့်တက်စေရန် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြပြီး အခြားနိုင်ငံများကလည်း တတ်စွမ်းသမျှ ဆောင်ရွက်လျက်ရှိကြပြီဖြစ်ပါသည်။

အချုပ်အားဖြင့် ကမ္ဘာ့ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုများအား ဟန့်တားတိုက်ဖျက်နိုင်ရေးအတွက် "ပဲရစ်သဘောတူညီချက်" အောင်မြင်စေရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပါဝင်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုပိုမိုများပြားလာပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့် ယားဖုများ ထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန် မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်ပါက အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၁။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရ အေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ။
၂။ ပူပြင်းသည့်နေရောင်အောက်တွင် ပင်ပန်းစွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။
၃။ ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ။
၄။ အလင်းပြန်သော အဖြူရောင်(သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။
၅။ နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် မနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ။
၆။ အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။
၇။ ခန္ဓာကိုယ်အတွင်းရေနှင့် ဓာတ်ဆားဓာတ်များဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။
၈။ မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကိုပြုလုပ်ပါ။
၉။ အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာတွင်ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန်အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား နှစ်ဖက်နှင့် ပေါင်ခြံ နှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

ကမ္ဘာ့ရေနေ့အထိမ်းအမှတ်ဆောင်းပါး

# ရေအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် စနစ်တကျဆောင်ရွက်ဖို့လိုအပ်နေပါပြီ

**စန်းအောင်**



နှစ်စဉ် မတ်လ ၂၂ ရက်နေ့ကို ကမ္ဘာ့ရေနေ့ (World Water Day) အဖြစ် ၁၉၉၃ ခုနှစ်တွင် သတ်မှတ်ခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် အခမ်းအနားများ စတင်ကျင်းပခဲ့ကြသည်။ ကုလသမဂ္ဂသည် နှစ်စဉ် ရေနှင့်ပတ်သက်၍ ကမ္ဘာသူ ကမ္ဘာသားတိုင်း ဂရုစိုက်တန်ဖိုးထားတတ်စေရန် ဆောင်ပုဒ်များ ထုတ်ပြန်ပေးခဲ့သည်။ ယခုနှစ် (၂၀၁၇ ခုနှစ်)အတွက် ဆောင်ပုဒ်မှာ "စွန့်ပစ်ပြုန်းတီးနေသည့်ရေ" (Wastewater) ဖြစ်၏။

ယခင်က မြန်မာနိုင်ငံသည် ရေပြဿနာမရှိခဲ့ပါ။ ၂၀၀၁ ခုနှစ် အာရှပစိဖိတ်နိုင်ငံများ၏ ရေလုံခြုံမှုအစီရင်ခံစာအရ ကမ္ဘာပေါ်ရှိ မြေအောက်ရေ အကြွယ်ဝဆုံးနိုင်ငံများထဲတွင် အဆင့်(၄) နေရာရခဲ့သည်။ ထို့အပြင် ရေအန္တရာယ် ခြိမ်းခြောက်ခံရမှု ၁၅ ရာခိုင်နှုန်းသာရှိခဲ့သည်။ ယခုထိုသို့ မဟုတ်တော့ပေ။ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲလာမှုတို့ကြောင့် မြန်မာနိုင်ငံသည်လည်း သန့်ရှင်းသောရေသုံးစွဲနိုင်မှုနှင့် ရေရှားပါးပြတ်လပ်မှုဒဏ်ကို ခံစားနေကြရပြီဖြစ်သည်။ သို့အတွက် ကမ္ဘာပေါ်တွင် ဆင်းရဲမွဲတေမှုအဆုံးသတ်ရေး၊ ကမ္ဘာမြေအား ကာကွယ်မှုနှင့် ကမ္ဘာသူကမ္ဘာသားအားလုံး ဖူလုံကြွယ်ဝရေးတို့အတွက် ကမ္ဘာ့ကုလသမဂ္ဂကချမှတ်ထားသော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ (Sustainable Development Goals)ကို မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း" ကို မြန်မာနိုင်ငံ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ၁၃-၃-၂၀၁၇ ရက်နေ့က ကျင်းပသော ၂၀၁၇ ခုနှစ် ကမ္ဘာ့ရေနေ့အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားခဲ့ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ၏ ထောင်စုနှစ် ပန်းတိုင် (၆) တွင် "လူသားတိုင်း သန့်ရှင်းသော သောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေးနှင့် စဉ်ဆက်မပြတ်သော စီမံခန့်ခွဲမှုဖြစ်ပေါ်စေရေး" (Goal 6- Ensure availability and sustainable management of water and sanitation for all.) ဟူ၍လည်းကောင်း၊ ပန်းတိုင် (၁၄)တွင် "စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေရန် ပင်လယ်၊ သမုဒ္ဒရာနှင့်ရေသယံဇာတများကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရန်အတွက် ထိန်းသိမ်းစောင့်ရှောက်ရန် (Goal 14- Conserve and sustainably use the oceans, seas and marine resources for sustainable development.) ဟူ၍လည်းကောင်း ဖော်ပြထားပါသည်။

ရေသည်သက်ရှိလောကအတွက် မရှိမဖြစ်ပေ။ "No water, no life." ဟူ၍ပင် ဆိုကြပါသည်။ လူသားအပါအဝင် သက်ရှိတိုင်းသည် မွေးဖွားလာသည်မှ သေဆုံးသည့်တိုင် ရေလိုအပ်သည်။ လူတစ်ဦးအတွက် ရေဓာတ် ၅၅ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအထိ လိုအပ်ကြောင်း၊ လူ၏ ခန္ဓာကိုယ်တွင် ရေသည် အလေးချိန်အားဖြင့် ၆၅ ရာခိုင်နှုန်း၊ ကျွဲတွင် ၇၂ ရာခိုင်နှုန်း၊ ငါးတွင် ၆၇ ရာခိုင်နှုန်း၊ ကြက်တွင် ၇၀ ရာခိုင်နှုန်းစသည်ဖြင့် ပါဝင်နေကြောင်း၊ ယနေ့ကာလဝယ် ကမ္ဘာ့လူဦးရေ သန်း ၁၀၀၀ ခန့်သည် မသန့်ရှင်းသောသောက်သုံးရေကို သုံးစွဲနေရသည့်အတွက် ၂၀၀၀ ပြည့်နှစ်မှာပင် လူဦးရေ ၂၂ သန်းကျော် ဆုံးပါးခဲ့ရကြောင်း၊ လုံခြုံစိတ်ချရသော ရေသည် နှစ်စဉ်ဖြစ်ပွားနေသည့် ဝမ်းပျက်ဝမ်းလျှောရောဂါမှ ကလေးသူငယ် ၁ ဒသမ ၄သန်းကို ကယ်တင်နိုင်ကြောင်း WHO က ထုတ်ပြန်ထားသည်။ ထို့အပြင် မဝေးတော့သောကာလတွင် ကမ္ဘာအနှံ့ရေလျော့နည်းလာမည်ဖြစ်ကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ရေပြဿနာကို မဖြေရှင်းနိုင်ပါက ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့်သည် သောက်သုံးရေအခက်အခဲကြုံရမည်။ ကမ္ဘာ့လူဦးရေတိုးပွားမှုနှုန်းအရ ကြည့်လျှင် လူအများအသုံးပြုရန် ရေလိုအပ်ချက်မှာ တစ်နှစ်လျှင် ကုဗမီတာ ၆၄ သန်းအထိ ရှိလာမည်ဟု ပညာရှင်များက ခန့်မှန်းထားပါသည်။

ဤကဲ့သို့ အဖိုးတန်လွန်းလှသည့်ရေမှာ မကုန်နိုင်မခန်းနိုင်သော သဘာဝသယံဇာတမျိုးမဟုတ်ပါ။ ကမ္ဘာတစ်ဝန်းရှိသော ရေပမာဏသန်းပေါင်း ကုဗမီတာ ၁၄၀၀ တွင် လူတို့အတွက် အသုံးတည့်သော ရေချိုက ၂ ဒသမ ၅ ရာခိုင်နှုန်းနှင့် ရေငန်က ၉၇ ဒသမ ၅ ရာခိုင်နှုန်းဖြစ်၏။ ရေချို ၂ ဒသမ ၅ ရာခိုင်နှုန်းတွင်လည်း ၁ ဒသမ ၉၇ ရာခိုင်နှုန်းသည် ရေခဲတောင် ရေခဲမြစ်များမှ ဖြစ်ပြီး သုည ဒသမ ၀၃ ရာခိုင်နှုန်းက မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ရေကန်များဖြစ်သည်။ ဤကိန်းဂဏန်းများကို ကြည့်လျှင် သုံးစွဲ၍ရပါသည်ဆိုသော ရေချိုပမာဏ၏ အနည်းငယ်မျှကိုသာ လူသားတို့သုံးစွဲနေရကြောင်း တွေ့မြင်ရပေမည်။ ဤသို့သုံးစွဲလိုက်သော ရေချိုကို ပြန်လည်ဖြည့်ဆည်းပေးသည့်နေရာတွင် ပင်လယ်သမုဒ္ဒရာရေမျက်နှာပြင် ရေငွေ့ပြန်ခြင်းက အဓိကဖြစ်သည်။ ရေငွေ့ပြန်ပြီး မိုးရွာချရာမှ ရေပေါက်ရေစက်အားလုံး၏ ၈၀ ရာခိုင် နှုန်းက ပင်လယ်သမုဒ္ဒရာပေါ်သို့ ကျရောက်ပြီး ၂၀ ရာခိုင်နှုန်းကသာ မြေပြင်ပေါ်သို့ ကျရောက်သည်။ မြေပြင်ပေါ်ရွာချသည့် မိုးရေအချို့မှာ ပင်လယ်သမုဒ္ဒရာထဲသို့ စီးဝင်ပြီး အချို့က မြေကြီးထဲသို့ စိမ့်ဝင်ကာ ရေအောင်းလွှာ (Aquifer) နှင့် ပေါင်းစပ်ပြီး မြေအောက်ရေကို ပြန်လည်ဖြည့်ဆည်းပေးပါသည်။ အပြည်ပြည်ဆိုင်ရာ မြေအောက်ရေအရင်းအမြစ်များ လေ့လာသုံးသပ်မှုဗဟိုအဖွဲ့ (IGRAC) ၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ်မြေအောက်ရေပမာဏ ၃ ဒသမ ၇၃ $Km^3$/ annual ကို သောက်သုံးရေအတွက် ၆၈ ရာခိုင်နှုန်း၊ စက်မှုလက်မှုကဏ္ဍတွင် ၉ ရာခိုင်နှုန်းနှင့် စိုက်ပျိုးရေပေးသွင်းမှုအတွက် ၂၃ ရာခိုင်နှုန်း ထုတ်ယူသုံးစွဲလျက်ရှိကြောင်း သိရသည်။ အဆိုပါ မြေအောက်ရေကို ကျွန်ုပ်တို့က နည်းလမ်းအမျိုးမျိုးဖြင့်သုံးစွဲနေကြရပါသည်။ အကယ်၍သာ ကျွန်ုပ်တို့သည် မြေအောက်ရေကို ဆင်ခြင်တုံတရားမဲ့ ပိုမိုထုတ်ယူသုံးစွဲပါက မြေမျက်နှာပြင်နိမ့်ကျလာခြင်း (Land Subsidence)၊ ပင်လယ်ကမ်းစပ် မြေအောက်ရေအောင်းလွှာများတွင် ရေငန်များတိုးဝင်လာခြင်း (Saitwater Intrusion)နှင့် မြေအောက်ရေအောင်းလွှာ ရေနေပေနိမ့်ကျပြီး မြေအောက်ရေအရည်အသွေးပိုင်းဆိုင်ရာပြဿနာများ (Groundwater Quality) တို့ ကြုံတွေ့လာရပေမည်။ ထို့အပြင် ပူပြင်းခြောက်သွေ့သော ဒေသများတွင် မြေအောက်ရေ လျော့ကျသည့်အတွက် မြေအစိုဓာတ်နှင့် မြေဆီလွှာခန်းခြောက်ပြီး သဲကန္တာရဖြစ်ထွန်းမှုအန္တရာယ်နှင့် ကြုံတွေ့နိုင်ပါသည်။ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိ San Joaquin Valley တွင် မြေအောက်ရေအလွန်အကျွံထုတ်ယူမှုကြောင့် ၁၉၆၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ၄၈ နှစ်အတွင်း မြေမျက်နှာပြင် ခုနစ်ပေခန့် နိမ့်ကျသွားကြောင်း သိရပါသည်။

ဤရွေ့ဤမျှအရေးပါသောရေကို ကျွန်ုပ်တို့က နေ့စဉ်နှင့်အမျှ စွန့်ပစ်ဖြုန်းတီးနေကြသည်။ ညစ်ညမ်းအောင် ပြုမူနေကြသည်။ မဟတ္တမဂန္ဒီက "ကမ္ဘာပေါ်တွင် လူသားတို့အသက်ရှင်ရပ်တည်ရေး လိုအပ်ချက်အတွက် သဘာဝအရင်းအမြစ်များ လုံလောက်စွာရှိသော်လည်း လူသားတို့၏ အဆင်ခြင်မဲ့လိုအင်များအတွက် မလုံလောက်ပါ။ ( There is suffciency in the world for man's need, but not for man's greed.)ဟူသည့် အဆိုအမိန့်က သတိထားဖို့ကောင်းသည်။ မည်သို့ဆိုစေ ကျွန်ုပ်တို့လူသားများ၏ ရေကိုစွန့်ပစ်ဖြုန်းတီးပစ်သည့် အမူအကျင့်က ကျွန်ုပ်တို့အား တန်ပြန်ဒုက္ခပေးတော့မည်ဖြစ်၏။ သို့အတွက် ကျွန်ုပ်တို့သည် ရေအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် စနစ်တကျဆောင်ရွက်ဖို့ လိုအပ်နေပြီဖြစ်ပါသည်။ ကမ္ဘာသူ ကမ္ဘာသားများအနေဖြင့် ရေကို Recycle နှင့် အလဟဿဆုံးရှုံးမှုမဖြစ်ရေး ဆောင်ရွက်ကြရပါမည်။ မြစ်များ၊ မြစ်ဝှမ်းများကို စနစ်တကျ စီမံခန့်ခွဲ ရပါမည်။ ပြည်သူများ ရေဗဟုသုတရှိရေး ဆောင်ရွက်ကြရပါမည်။ ရေကိုချွေတာကြရပါမည်။ ရေဥပဒေများ ထုတ်ပြန်စီမံကြရပါမည်။ မိုးရေခံစီမံကိန်းများ ဆောင်ရွက်ကြရပါမည်။ ရေပေးဝေမှု၊ မိလ္လာနှင့်ရေသန့်၊ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှု၊ ရေသွင်းစိုက်ပျိုးမှု၊ ရေအားလျှပ်စစ်စသည့် ရေနှင့်ဆိုင်သည့် ကဏ္ဍများကို တိုးတက်မှုရှိအောင် အစိုးရနှင့်ပြည်သူပူးပေါင်းဆောင်ရွက်ကြရပါမည်။

စာရေးသူတို့နိုင်ငံဝယ် ရေအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲရန်အတွက် ရေနှင့်သက်ဆိုင်သော ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများပါဝင်သည့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ၂၀၁၃ ခုနှစ် ဇူလိုင်လက ဖွဲ့စည်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ရေဆိုင်ရာကျွမ်းကျင်ပညာရှင်များ၏ ထောက်ပံ့မှုဖြင့် ပထမဆုံးအမျိုးသားအဆင့်ရေမူဝါဒကို ထုတ်ပြန်နိုင်ခဲ့ကြောင်း၊ ကမ္ဘာ့ရေနေ့အခမ်းအနားကို ၂၀၁၄ ခုနှစ်မှစတင်ကျင်းပကာ ရေမဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များကို အထောက်အကူဖြစ်စေမည့် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပလျက်ရှိကြောင်း၊ မြန်မာ့ရေသယံဇာတအကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် နိုင်ငံတကာအဆင့်မီ တိုင်းတာရေးကိရိယာများဖြင့် ဆောင်ရွက်နေကြောင်း၊ ကမ္ဘာ့ဘဏ်၏ အကူအညီ ဒေါ်လာသန်း ၁၀၀ ရရှိထားပြီး ၂၀၃၀ ခုနှစ်တွင် ရေကိုစနစ်တကျစီမံခန့်ခွဲ သုံးစွဲနိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။

ကျွန်ုပ်တို့အားလုံးသည် ရေကို အလဟဿစွန့်ပစ်ဖြုန်းတီးခြင်းမဖြစ်အောင်နှင့် ရေသယံဇာတတည်မြဲအောင်-

(၁) ရေကိုချွေချွေတာတာဖြင့် ထိရောက်စွာ အသုံးပြုရပါမည်(ဥပမာ- မျက်နှာသစ်၊ သွားတိုက်ရာတွင် ရေကိုပိတ်ထားခြင်း၊ ရေကို လိုအပ်သလောက်သာ တစ်ခွက်ချင်း အသုံးပြုခြင်း၊ သင်္ကြန်ရေကစားချိန်လျှော့ချခြင်း၊ ရေချွေတာပက်ဖျန်းခြင်းများ ပြုလုပ်ခြင်း)

(၂) စိုက်ပျိုးရေးလုပ်ငန်းများတွင် ရေကိုချွေတာကာ အကျိုးရှိထိရောက်စွာ အသုံးချခြင်း (စိုက်ပျိုးပင်အမျိုးအစားနှင့် စိုက်ပျိုးနည်းစနစ်ရွေးချယ်အသုံးပြုခြင်း)

(၃) မိုးရွာလျှင် ဆည်၊ မြောင်း၊ ကန်များကို စနစ်တကျ ခိုင်ခံ့အောင်ပြုလုပ်၍ ရေကိုထိန်းထားခြင်း၊ မိုးရေခံစီမံကိန်း (Rain Water Harvesting)များကို နေရာအနှံ့ဆောင်ရွက်ခြင်း။

(၄) ရာသီဥတုမှန်ကန်စေရန် သစ်ပင်သစ်တောများ ပြုစုထိန်းသိမ်းခြင်း။

(၅) အစိမ်းရောင်စီးပွားရေးလုပ်ငန်းကို ရွေးချယ်ဆောင်ရွက်ခြင်း။

(၆) ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်မှု (EIA) စနစ်အား အသုံးပြုခြင်း။

(၇) အမျိုးသားအဆင့်ရေမူဝါဒ (National Water Policy)နှင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုစနစ် (IWRM System) များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ပါဝင်ဆောင်ရွက်လာစေခြင်း။

(၈) မြစ်ဝှမ်း၊ မြစ်ချောင်းများ ကောင်းမွန်အောင် စီမံဆောင်ရွက်ခြင်းနှင့် မြစ်ရေတင်စီမံကိန်းဖြင့် စိုက်ပျိုးရေကို စနစ်တကျအသုံးချခြင်း။

(၉) မြေအောက်ရေကို ရေရှည်သားစဉ်မြေးဆက် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး စီမံဆောင်ရွက်ခြင်း။

(၁၀) နိုင်ငံတော်အနေဖြင့် ရေအရင်းအမြစ်အသစ်များ ရှာဖွေဖော်ထုတ်ပြီး အကျိုးရှိထိရောက်စွာ အသုံးချစေခြင်း

စသည့်လုပ်ငန်းများကို အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ကြရပါမည်။

ဤလုပ်ငန်းများသည် လူသားဘဝရှင်သန်ရပ်တည်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမွဲတေမှုလျော့နည်းပပျောက်ရေးတို့အတွက် မလွဲမသွေဆောင်ရွက်ကြရမည့် လုပ်ငန်းများဖြစ်သဖြင့် မည်သူ၏ တိုက်တွန်းမှုကိုမျှ မစောင့်ဘဲ ကိုယ်စီအသိဖြင့် ယခုကပင် ဆောင်ရွက်ကြရင်းဖြင့် ရေပြဿနာ၏ စိန်ခေါ်မှုကို ကျော်ဖြတ်ကြပါစို့ဟု တိုက်တွန်းလိုက်ရပေသည်။ ။

**ယနေ့ကာလဝယ် ကမ္ဘာ့လူဦးရေ သန်း ၁၀၀၀ ခန့်သည် မသန့်ရှင်းသော သောက်သုံးရေကိုသုံးစွဲနေရသည့်အတွက် ၂၀၀၀ ပြည့်နှစ်မှာပင် လူဦးရေ ၂၂ သန်းကျော်ဆုံးပါးခဲ့ရကြောင်း၊ လုံခြုံစိတ်ချရသော ရေသည် နှစ်စဉ်ဖြစ်ပွားနေသည့် ဝမ်းပျက်ဝမ်းလျှောရောဂါမှ ကလေးသူငယ် ၁ ဒသမ ၄ သန်းကို ကယ်တင်နိုင်ကြောင်း WHO က ထုတ်ပြန်ထားသည်။ ထို့အပြင် မဝေးတော့သောကာလတွင် ကမ္ဘာအနှံ့ရေလျော့နည်းလာမည်ဖြစ်ကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ရေပြဿနာကို မဖြေရှင်းနိုင်ပါက ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့်သည် . . .**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် မန္တလေးတိုင်းဒေသကြီးအတွင်း လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် တာဝန်ရှိသူများနှင့်အတူ မတ် ၂၀ ရက် နံနက်ပိုင်းတွင် Oriential Highway Co.,Ltd. မှ B.O.T စနစ်ဖြင့် ဆောင်ရွက်သော မန္တလေး-ပြင်ဦးလွင်-လားရှိုး-မူဆယ်လမ်း (မန္တလေး-ပြင်ဦးလွင်လမ်းအပိုင်း) ဒွေးလမ်း ကတ္တရာကွန်ကရစ် (AC)ခင်းနေမှုလုပ်ငန်းခွင်သို့ ရောက်ရှိပြီး စက်ယန္တရားများဖြင့် လမ်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ပြည့်မီအောင်ဆောင်ရွက်**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား Oriential Highway Co., Ltd. မှ တာဝန်ရှိသူက မန္တလေး-ပြင်ဦးလွင်လမ်းအပိုင်း(ဒွေးလမ်း) မိုင်တိုင်အမှတ် (၂၃/၀ နှင့် ၂၅/၀) ကြားတွင် ကတ္တရာကွန်ကရစ် (AC) ခင်းနေမှုနှင့် မိုင်တိုင်အမှတ်(၃၆/၀နှင့် ၃၈/၀) ကြား အောက်ခံလမ်းသားအား Stabilized ဖြင့် လမ်းခင်းနေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရေရှည်ခံနိုင်ရန်နှင့် အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးခရိုင်နှင့် ကျောက်ဆည်ခရိုင်တို့ကို ဆက်သွယ်သော ခရိုင်ချင်းဆက်လမ်း အမှတ် (၂) ပေါ်ရှိ တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၄) က တည်ဆောက်နေသော ဒုဋ္ဌဝတီတံတား(ရွှေစာရံ)သို့ ရောက်ရှိပြီး တံတားအချောသပ်လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**တိုးချဲ့တည်ဆောက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးခရိုင်နှင့်ကျောက်ဆည်ခရိုင်တို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် ခရိုင်ချင်းဆက်လမ်းအမှတ် (၂) နှင့် ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီး မိတ္ထီလာ-ရမည်းသင်းလမ်းအပိုင်းကို ယုဇနကုမ္ပဏီမှ B.O.T စနစ်ဖြင့် လမ်းချဲ့ခြင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းများနှင့် တံတားများတိုးချဲ့တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေတာရှည်-ပျဉ်းမနား-ရမည်းသင်းလမ်းပိုင်းကို B.O.T စနစ်ဖြင့် Oriential Highway Co.,Ltd. က လမ်းတိုးချဲ့ခြင်းလုပ်ငန်းများနှင့် ကတ္တရာကွန်ကရစ် (AC) ခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ကျောက်တော်တောင်ဘုရား ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**စစ်တွေ မတ် ၂၁**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့၌ စဉ်လာမပျက် နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည့် ကျောက်တော်မြို့၌ တည်ထားကိုးကွယ်လျက်ရှိသော သေလာဂီရိမောရဇ္ဇတ ကျောက်တော်တောင် ဘုရားပွဲ ဗုဒ္ဓပူဇနိယပွဲတော်ကို ဧပြီ ၂၇ ရက်မှ မေ ၁ ရက်အထိ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်ကာလတွင် ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်ပူဇော်ခြင်း၊ စေတီတော်၌ သံထီးတော်အသစ်ပြန်လည် တင်လှူပူဇော်ခြင်း၊ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်း၊ ရခိုင်ရိုးရာကျင်ကိုင်ပွဲ၊ ရခိုင်ရိုးရာပြိုင်လောင်းပွဲ၊ ကစ္ဆပနဒီမြစ်ပြင်၌ ရေပေါ်သင်္ကြန်ကျင်းပခြင်း၊ နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကျင်းပခြင်းနှင့် ညပိုင်းတွင် ရတနာသန်းအောင်အဆင့်မြင့် ဇာတ်သဘင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

**❂ကျောဖုံးမှ**

ကစားကွက် တည်မရဖြစ်နေပြီး အင်ဒိုနီးရှားအသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ အင်ဒိုနီးရှားအသင်းသည် ၎င်းတို့အားသာသည့် တောင်ပံနှစ်ဖက်ကို အားပြုကစားခဲ့ပြီး မြန်မာနောက်တန်း ခက်ခက်ခဲခဲ ထိန်းချုပ်ခဲ့ရသည်။ ၂၂ မိနစ်တွင် အင်ဒိုနီးရှားအသင်းဂိုးရခဲ့ပြီး ဘယ်ခြမ်းမှ ဆာဒီ ဖြတ်ပို့သော ဘောလုံးကို တိုက်စစ်မှူး ဟာဒရင်တိုက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းဂိုးမှာ မြန်မာနောက်ခံလူများ အမှားမှတစ်ဆင့် ပေးခဲ့ရခြင်း ဖြစ်သည်။

ဂိုးပေးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း တိုက်စစ်အား မြှင့်လာခဲ့ပြီး တိုက်စစ်မှူး ကျော်ကိုကို အပိုင်အခွင့်အရေး နှစ်ကြိမ်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ၃၇ မိနစ်တွင် မြန်မာအသင်း ချေပဂိုးပြန်ရခဲ့ပြီး မောင်မောင်လွင်က အင်ဒိုနီးရှားဂိုးသမားကို လိမ်ကာသွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းက တိုက်စစ်အသားပေးပုံစံဖြင့် ဆက်လက်ကစားခဲ့ပြီး ၅၅ မိနစ်တွင် မောင်မောင်လွင်အစား စည်သူအောင်၊ မျိုးကိုထွန်း အစား တင်ဝင်းအောင်တို့ကို ထည့်သွင်းကစားခဲ့သည်။ ယင်းကစားသမားနှစ်ဦး ဝင်လာပြီးနောက်ပိုင်းတွင် မြန်မာအသင်းကစားပုံပိုကောင်းလာပြီး အင်ဒိုနီးရှားဂိုးပေါက်ကို ခြိမ်းခြောက်လာနိုင်ခဲ့သည်။ ကွင်းလယ်မှ တင်ဝင်းအောင်၏ အကွက်ကျကျ ဖန်တီးပေးမှုများကြောင့် မြန်မာအသင်း အခွင့်အရေး ပိုရလာခဲ့သည်။ ၅၉ မိနစ်တွင် အောင်သူ၊ ၆၁ မိနစ်တွင် ကျော်ကိုကို တို့၏ ကန်ချက်များ ဘားထိထွက်ခဲ့၍ မြန်မာအသင်းနစ်နာခဲ့ရသည်။ ၇၁ မိနစ်တွင် ကျော်ကိုကို၏ ထိုးဖောက်မှုကို အင်ဒိုနီးရှားနောက်ခံလူများ ဖျက်ထုတ်ပုံကြောင့် မြန်မာအသင်း ပင်နယ်တီကန်ခွင့်ရခဲ့ပြီး ကျော်ကိုကိုက သွင်းယူခဲ့ခြင်းဖြစ်သည်။ မိနစ် ၈၀ ကျော်တွင် အင်ဒိုနီးရှားအသင်း ဂိုးပေါက်ခြိမ်းခြောက်မှုအချို့ ပြုလုပ်နိုင်ခဲ့သော်လည်း ချေပဂိုးမရခဲ့ပေ။ ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် တန်ပြန်တိုက်စစ်မှတစ်ဆင့် မြန်မာအသင်း တတိယဂိုးရခဲ့ပြီး ကျော်ကိုကို ဖန်တီးပေးသော ဘောလုံးကို စည်သူအောင်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ၉၄ မိနစ်တွင် တင်ဝင်းအောင်၏ကန်ချက် ဘားထိထွက်ခဲ့သောကြောင့် မြန်မာအသင်း ဂိုးထပ်မရခြင်းဖြစ်သည်။

အင်ဒိုနီးရှားအသင်းသည် ယခုနှစ်အတွင်း လက်ရွေးစင်အဆင့်ပြိုင်ပွဲ ယှဉ်ပြိုင်ရန်မရှိသောကြောင့် အာရှယူ-၂၃ ခြေစစ်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် ယူ-၂၂ ကစားသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

**❖ သင်္ကြန်ပိတ်ရက်မှ**

ကြိုတင်လက်မှတ်ရောင်းချပေးသည့်ကားဂိတ် အချို့မှာ အမည်စာရင်းကိုသာရေးမှတ်ထားပြီး ဧပြီလဆန်းတွင် လက်မှတ်ရောင်းချပေးပြီး သတ်မှတ်ပေးသောနှုန်းထားအတိုင်းကားခငွေရယူမည်ဟုသိရသည်။ ထိုင်ခုံဇယားတွင် ထိုင်ခုံနံပါတ်ထည့်သွင်းထားသည်ကို မြင်တွေ့ခဲ့ရသော်လည်း မိမိလက်ဝယ်သို့ ကားလက်မှတ်မရောက်သေး၍ စိုးရိမ်ပူပန်မှုဖြစ်နေရသည်ဟု ပြည်ဒေသသို့ပြန်မည့် မအေးလှိုင်ကပြောသည်။ မတ် ၂၄ ရက်တွင်သိနိုင်သည့် ကားခနှုန်းပြောင်းလဲမှုနှင့်ပတ်သက်သော သက်ဆိုင်ရာမှ အသိပေးမည့်အပေါ် ယာဉ်လိုင်းပိုင်ရှင်များသာမက ယာဉ်စီးမည့်ဌာနေပြန်ခရီးသည်များပါ စောင့်မျှော်နေကြသည်။


ယင်းသို့သင်္ကြန်ပိတ်ရက်ဌာနေပြန်ယာဉ်စီးခများနှင့် ပတ်သက်၍အသိပေးရာတွင် ယခင်နှစ်များကဲ့သို့ စီးပွားရေးအကျိုးအမြတ်များစွာ ရရှိခြင်းမျိုးထက် အများပြည်သူအတွက်ပါထည့်သွင်းစဉ်းစားပေးစေလိုသည်။ ရေလမ်းခရီးရေယာဉ်ခများပါအကျုံးဝင်စေလိုသည်ဟု မော်ကျွန်းဒေသပြန်မည့် ရန်ကုန်တွင်အလုပ်လာလုပ်နေသူ ကိုစိုးဝင်းကပြောသည်။ အဝေးပြေးကားလိုင်းပိုင်ရှင်အားလုံးက ယာဉ်စီးခတိုးတောင်းခြင်းမဟုတ် အချို့ယာဉ်လိုင်းပိုင်ရှင်များအနေဖြင့် ပုံမှန်ဈေးနှုန်းအတိုင်းဖြင့် ပြေးဆွဲမည်ဟု သိရသည်။

အပြန်ခရီးစဉ်တွင်ယာဉ်အလွတ်(အရပ်အခေါ် ခါလီ) ပြန်ရခြင်း၊ စက်သုံးဆီဈေး၊ ယာဉ်လုပ်သားလုပ်အားခဈေးမြင့်ခြင်းတို့ကြောင့် ကားခမြှင့်ယူရသည်ဆိုခြင်းမှာ နှစ်စဉ်သင်္ကြန်ကာလမတိုင်မီ အချိန်များတွင် ကြားနေကျအကြောင်းပြ ပြောဆိုချက်များသာဖြစ်သည်။ ရန်ကုန်မြို့တွင်း ခရီးသည်သယ်ယူပို့ဆောင်ရေးယာဉ်များတွင် ကားခကျပ် ၁၀၀၊ ၂၀၀ ရှိပြီး ယခင်စနစ်ဟောင်းထက်ဝင်ငွေပိုရနေသည်ဟု ပြောဆိုသံများကြားသိရသည်။ ယခင်မြို့တွင်း ကားအတက်/အဆင်းကားခကျပ် ၂၀၀၊ မှတ်တိုင်အနည်းငယ်ကျော်စီးလျှင်ကားခကျပ် ၃၀၀ နှုန်းဖြင့် လေအေးစက်တပ်အကြောင်းပြ ကားခမြှင့်တင်ရယူရာမှ ယခုစနစ်သစ်တွင် မြို့တွင်းပတ်မှတ်တိုင် ပေါင်း ၁၈ တိုင် ရှိသောအဝိုင်းတစ်ပတ်တွင် ကားခကျပ် ၁၀၀ သာပေးရသည်။ ယင်းမြို့တွင်းပတ်ယာဉ်လိုင်း သုံးလိုင်းတွင် ကားခကျပ် ၁၀၀ ဆိုသော်လည်း ကားခ ကျပ် ၂၀၀ ရယူနေရာ မြို့ပြင်သွားယာဉ်လိုင်းများထက် ဝင်ငွေပိုအကျိုးအမြတ် ရရှိနေသည့်ဖြစ်စဉ်ကို သင်္ကြန်ပိတ်ရက်ဌာနေပြန်ကားခတိုးမြှင့်ခွင့်တောင်းခံနေသည့် ဖြစ်စဉ်တွင် ထည့်သွင်းစဉ်းစားစေလိုသည်ဟု ခရီးသည်များက မေတ္တာရပ်ခံပြောကြားကြသည်ဟု သိရသည်။

**(မောင်စေအောင်)**

## နည်းပညာသတင်း

# 8-Point Battery Safety Check စနစ် ဆမ်ဆောင်းဖုန်းများတွင်အသုံးပြုထား




**ရန်ကုန် မတ် ၂၁**

အနာဂတ်ထုတ်ကုန်များဘေးကင်းလုံခြုံ၍ ယုံကြည်စိတ်ချမှုရှိစေရန်အတွက် ဆမ်ဆောင်းထုတ်ကုန်ပစ္စည်းများတွင် ‘8-Point Battery Safety Check’ စနစ်ကို စတင်အသုံးပြုလျက်ရှိကြောင်း သိရသည်။

ဆမ်ဆောင်းဘက်ထရီများကို X-Ray အပြင် လူသားမျက်လုံးဖြင့်အတွင်းမှအပြင်အထိ တိကျသောစမ်းသပ်မှုများ ပြုလုပ်မည်ဖြစ်သည်။ ၎င်းတို့၏ ဖုန်းဘက်ထရီများ ပိုမိုလုံခြုံစိတ်ချစေရန်အတွက် ဘက်ထရီများကို လိုအပ်သည်ထက်ပို၍ အားသွင်းခြင်း၊ လက်သည်းဖြင့် ဘက်ထရီကိုထိုးခြင်းနှင့် ဘက်ထရီများကို လွန်ကဲသော အပူချိန်ရှိသည့်နေရာတွင် ထားရှိခြင်းတို့ဖြင့်စမ်းသပ်ထားသည်။ ထို့အပြင် ဘက်ထရီကို အမြင်အာရုံဖြင့် စစ်ဆေးမှုများပြုလုပ်ထားပြီး အင်ဂျင်နီယာများက X-Ray အောက်တွင် ဘက်ထရီများကို ဖြတ်စေခြင်းဖြင့် အတွင်းပိုင်းပြစ်ချက်များ ရှိမရှိကို စစ်ဆေးပြီးနောက် ကြိမ်ဖန်များစွာအားသွင်း၍ စမ်းသပ်ခြင်းတို့ ပြုလုပ်ခဲ့သည်။

ထို့မျှသာမက ဖုန်းဘက်ထရီများအတွင်းရှိ အော်ဂဲနစ်ဒြပ်ပေါင်းယိုစိမ့်မှု ရှိမရှိကို စစ်ဆေးခဲ့သည်။ ဖုန်းဘက်ထရီများ၏ အရည်အသွေးကို ပြန်လည်ဆန်းစစ်ရန် ဘက်ထရီများကို ဖုန်းမှပြန်လည်ဖြုတ်ယူ၍ ဘက်ထရီတစ်လုံး၏ လုံခြုံရေးအတွက်အရေးပါသောအစိတ်အပိုင်းများဖြစ်သည့် ဘက်ထရီတွင် ပတ်ထားသော အပူကာတိပ်များနှင့် ဘက်ထရီ၏ Tab များကို ဂဟေဆက်ထားသောနေရာများကို စစ်ဆေးသည်။ ယခု စမ်းသပ်စစ်ဆေးမှုတွင် သုံးစွဲသူများ ဖုန်းအားအရှိန်နှုန်းမြင့်အသုံးပြုသည့်အတိုင်း ထိုသုံးစွဲမှုနှင့်တူသော အခြေအနေတစ်ခုကို ဖန်တီးထားသည်။

နောက်ဆုံးစမ်းသပ်စစ်ဆေးမှုအနေဖြင့် ဖုန်းတွင်ပါဝင်သော စိတ်အပိုင်းများကိုစတင်တပ်ဆင်ချိန်မှ ပြီးပြည့်စုံသော ဖုန်းတစ်လုံးဖြစ်လာသည်အထိ ဖုန်းဘက်ထရီများ၏ ဗို့အားပြောင်းလဲမှုများကို စစ်ဆေးခြင်းဖြစ်သည်။ ပတ်ဝန်းကျင်နှင့် လူသားတို့ဘဝကို ပြောင်းလဲပေးနိုင်ရန်အတွက် ၎င်းတို့၏ နည်းပညာတီထွင်ဆန်းသစ်မှု အမွေအနှစ်များကို ဖန်တီးထုတ်လုပ်နိုင်ရန်၊ အနာဂတ်လူငယ်မျိုးဆက်များအတွက် ပတ်ဝန်းကျင်တစ်ခုကို ဆက်လက်ထိန်းသိမ်းသွားရန်နှင့် အသစ်အသစ်သော အခွင့်အလမ်းများကို ပိုမိုများပြားသော အများပြည်သူတို့ထံ ပေးအပ်သွားနိုင်ရန် ရည်ရွယ်၍ တီထွင်ဆန်းသစ်သော ထုတ်ကုန်ပစ္စည်းများကို အစဉ်မပြတ် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# တံခါးဖွင့်စီးပွားရေးဖြစ်သည့်အတွက် ဘက်ပေါင်းစုံမှ ထောက်ပံ့ကူညီပေးခြင်းကိုသာ ဆောင်ရွက်ပေးသွားမည်ဖြစ်

**နေပြည်တော် မတ် ၂၁**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စီးပွားရေးကဏ္ဍအသီးသီးတွင် ဖြစ်နေသည့် ဘဏ္ဍာရေးလိုငွေပြမှု၊ ဆင်းရဲမှုလျှော့ချရေး၊ ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးစသည့် စီးပွားရေးကဏ္ဍများကို ပြန်လည်ဦးမော့လာရန်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အရေးကြီးသည်မှာ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်ပင်ဖြစ်ကြောင်း၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ရန်လည်း များစွာရှိပါကြောင်း၊ အချို့အရေးကြီးသည့် ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ပြီးဖြစ်ကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်နိုင်ခဲ့ကြောင်း၊ နည်းဥပဒေမှာလည်း မကြာခင် ထွက်ရှိလာမည်ဖြစ်ကြောင်း ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြောကြားသည်။

တံခါးဖွင့် ဈေးကွက်စီးပွားရေးဖြစ်သည့်အတွက် ဘက်ပေါင်းစုံမှနေ၍ ထောက်ပံ့အကူအညီပေးခြင်းကိုသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လွတ်လွတ်လပ်လပ်နှင့် ပြိုင်ဆိုင်ရသည့်အတွက် စွမ်းရည်များ၊ တီထွင်ကြံဆမှုများ ပါဝင်လာပြီး မိမိတို့၏ အရည်အသွေး၊ ထုတ်လုပ်မှု၊ စွမ်းအားနှင့် ထောက်ပံ့သယ်ယူပို့ဆောင်မှုစရိတ်များ ပြောင်းလဲတိုးတက်လာမည်ဖြစ်ကြောင်း၊ ထိုသို့ တိုးတက်လာသည့်အတွက် နိုင်ငံတော်၏ ဈေးကွက်ယန္တရား ကောင်းမွန်လာပြီး နိုင်ငံတော်၏ GDP ကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ထို့ပြင် နံနက် ၇ နာရီတွင် မန္တလေးတိုင်းဒသကြီး ကျောက်ချောစစ်ဆေးရေးစခန်း (၁၆ မိုင်ဂိတ်)သို့ သွားရောက်၍ စစ်ဆေးရေးစခန်းအတွင်း ဝင်လမ်း/ထွက်လမ်း ခင်းကျင်း ပြုပြင်ဆောင်ရွက်နေမှုလုပ်ငန်းများနှင့် စစ်ဆေးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ကျောက်ဖြူ အထူးစီးပွားရေးဇုန်ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မတ် ၂၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့်အဖွဲ့အား မတ် ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ မဟာဗျူဟာမြောက်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်နိုင်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ၊ တရုတ်-မြန်မာ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်နိုင်ရေးဆိုင်ရာ အခြေအနေများ၊ လယ်ယာထွက်ကုန်သီးနှံများ ပိုမိုတင်ပို့နိုင်ရေးဆိုင်ရာကိစ္စရပ်များအပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# စိုက်ပျိုးရေးဆိုင်ရာ ဥပဒေများနှင့် နည်းပညာပေးသင်တန်းဖွင့်

**သီပေါ မတ် ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော စိုက်ပျိုးရေးဆိုင်ရာ ဥပဒေများနှင့် နည်းပညာပေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်အေးက အမှာစကားပြောကြားပြီး တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ခရိုင်ဦးစီးအရာရှိ ဦးဇော်ဝင်းကလည်းကောင်း၊ မျိုးစေ့ဥပဒေဆိုင်ရာများကို ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ဆွေဆွေမြင့်၊ ပိုးသတ်ဆေးဥပဒေနှင့် Aflatoxim အကြောင်းကို ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ချောစုထွေး၊ မြေဩဇာအကြောင်းခြင်းရာများကို မြေအသုံးချရေးတာဝန်ခံ ဦးသော့ခုပြောင်း၊ ဝန်ထမ်းရေးရာ(စီမံ)နှင့်ပက်သက်သော ကိစ္စရပ်များကို ဒေါ်ခင်နှင်းသော်နှင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) ကို ဦးနေဝင်းညွန့်တို့ကလည်းကောင်း အသီးသီးဆွေးနွေးပို့ချကြသည်။

အဆိုပါစိုက်ပျိုးရေးဆိုင်ရာ ဥပဒေများနှင့် နည်းပညာပေးသင်တန်းသို့ သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမိုးကျော်စွာဝင်းနှင့် ဝန်ထမ်းများ၊ ခရိုင်အတွင်းရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးများနှင့် ဝန်ထမ်းများ စုစုပေါင်း ၃၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

■ မြရည်နန္ဒာတိုက်ခန်းမှ

၃၀ ရာခိုင်နှုန်းကို ၎င်းတို့စုဆောင်းငွေထဲမှ ထုတ်ယူ၍ အိုးအိမ်ဦးစီးဌာနသို့ ပေးသွင်းပြီး ကျန်ငွေ ၇၀ ရာခိုင်နှုန်းကို ဘဏ်မှချေးငွေအဖြစ် ထုတ်ချေးပေးသွားမည်ဖြစ်သည်။

"တိုက်ခန်းတန်ဖိုးရဲ့ ၇၀ ရာခိုင်နှုန်းကို ဘဏ်က (၈)နှစ် အရစ်ကျနဲ့ထုတ်ချေးပေးမှာ ဖြစ်ပါတယ်။ ကျွန်မတို့ဘဏ်က ပြည်သူတွေ အိမ်ရာပိုင်ဆိုင်ခွင့်ရရှိစေရေး ရည်ရွယ်ချက်နဲ့ ဖွင့်လှစ်ထားတာဖြစ်တဲ့အတွက် ငွေစုစဉ်ကာလမှာလည်း သတ်မှတ်ဘဏ်တိုး ၈ ဒသမ ၅ ရာခိုင်နှုန်းရရှိမှာဖြစ်ပါတယ်။ ဘဏ်တိုးလည်းရ အိမ်ပိုင်လည်းဖြစ်ဆိုတဲ့ သဘောပါပဲ။"ဟု ၎င်းကဆက်လက်ပြောသည်။

အဆိုပါရောင်းချမည့် မြရည်နန္ဒာတန်ဖိုးမျှတတိုက်ခန်းများမှာ မြေညီထပ် ရှစ်ခန်း၊ ဒုတိယထပ် ၁၈ ခန်း၊ တတိယထပ် ရှစ်ခန်းနှင့် စတုတ္ထထပ် ခုနစ်ခန်းတို့ဖြစ်ကြပြီး ရောင်းချသည့် ဈေးနှုန်းများအနေဖြင့် မြေညီထပ် ၂၂၃ သိန်း၊ ပထမထပ် ၂၀၈ သိန်း၊ ဒုတိယထပ် ၁၉၃ သိန်း၊ တတိယထပ် ၁၇၈ သိန်း၊ စတုတ္ထထပ် ၁၆၃ သိန်းတို့ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပိုလ်တထောင်မြို့နယ်တွင် ခြိမ်းခြောက်ထိုးနှက်ကာ ရွှေနှင့်ပစ္စည်းများ လုယူထွက်ပြေးမှုဖြစ်ပွား

**ရန်ကုန် မတ် ၂၁**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၅) ရပ်ကွက် လမ်း(၅၀)တွင် ကုမ္ပဏီရုံးခန်းအတွင်း တရားထိုင်နေသည့် အသက်(၇၀) အရွယ်ရှိ အမျိုးသားတစ်ဦးကို အမျိုးသားနှစ်ဦးက ခြိမ်းခြောက် ထိုးနှက်ကာ ရွှေနှင့်ပစ္စည်းများ လုယူထွက်ပြေးသွားမှု ယနေ့နံနက်ပိုင်းက ဖြစ်ပွားခဲ့သည်။

မရမ်းကုန်းမြို့နယ်နေသူ ဦးမင်းဆွေ (၇၀)နှစ်သည် ဗိုလ်တထောင်မြို့နယ် အမှတ် (၅) ရပ်ကွက် လမ်း(၅၀) တိုက်အမှတ်(၁၅) ငါးလွှာရှိ New Wave Service ကုမ္ပဏီရုံးခန်းသို့ ရောက်ရှိလာပြီး တရားထိုင်နေစဉ် နံနက် ၈ နာရီခန့်တွင် မျက်နှာပဝါစည်းထားသော အမျိုးသားနှစ်ဦး ရုံးခန်းအတွင်း သို့ ဝင်ရောက်လာပြီး တစ်ဦးက ၎င်းအား ဓားမြှောင်ဖြင့် ထောက်ကာ မလှုပ်ရန်ပြောဆိုစဉ် ပြန်လည်ခုခံခဲ့ရာ အမျိုးသားနှစ်ဦးက ၎င်းအား ဓားဖြင့်ထိုး၊ လက်သီးဖြင့်ထိုး၊ ခြေထောက်ဖြင့် ကန်မှုများပြုလုပ်ခဲ့ပြီး ခြေထောက်နှင့် လက်များကို တိပ်များဖြင့် တုပ်နှောင်ကာ ၎င်း၏ လက်တွင် စွပ်ထားသော တန်ဖိုး ခြောက်သိန်းကျပ်ခန့်ရှိ ရွှေလက်စွပ် တစ်ကွင်း၊ ငွေကျပ်နှစ်သိန်း၊ CB Bank Cheque စာအုပ်တစ်အုပ်၊ KBZ Bank Cheque စာအုပ်တစ်အုပ်၊ မှတ်ပုံတင်ကတ်နှင့် အခြားစာရွက်စာတမ်းများ ထည့်ထားသော အညိုရောင် ပိုက်ဆံအိတ်တစ်လုံးတို့ကို လုယူထွက်ပြေးသွားကြောင်း သိရသည်။

"သတင်းရရချင်း အခင်းဖြစ်တဲ့ နေရာကို ချက်ချင်းသွားရောက်စစ်ဆေးခဲ့တယ်။ ဒဏ်ရာရသွားတဲ့သူကို ဆေးရုံပို့တယ်။ အမှုနဲ့ပတ်သက်ပြီး လုပ်ထုံးလုပ်နည်းတွေကိုဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိအနေအထားကတော့ တိုင်းဒေသကြီး/ခရိုင် ပူးပေါင်းအဖွဲ့တွေနဲ့ မြို့နယ်တွေအတွင်းမှာ ဆက်စပ်သတင်းတွေအရ တရားခံတွေကို စုံစမ်းရှာဖွေနေပါတယ်"ဟု ဗိုလ်တထောင်မြို့မရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက မြန်မာ့သတင်းစဉ်၏ ဆက်သွယ်မေးမြန်းမှုအပေါ် ယနေ့ ည ၈ နာရီခန့်တွင် ပြန်လည်ဖြေကြားသည်။

ထိုသို့ဖြစ်ပွားမှုကြောင့် တရားလိုဦးမင်းဆွေတွင် ယာလက်မ အရင်းပြတ်ရှ တစ်ချက်၊ ယာပေါင်နောက်ဘက် ထိုးသွင်းတစ်ချက်နှင့် ခန္ဓာကိုယ် နာကျင်ဒဏ်ရာများ ရရှိခဲ့သဖြင့် သက်ဆိုင်ရာက ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ပြီး အမှုနှင့်ပတ်သက်၍ ဗိုလ်တထောင်မြို့မရဲစခန်းက (ပ)၅၅/၂၀၁၇၊ ရာဇသတ်ကြီးဥပဒေပုဒ်မ-၃၉၄ ဖြင့် အမှုဖွင့်လှစ်ကာ ကျူးလွန်သူများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်ကြီး(ပဏီတ)**

# နယ်လှည့်၍ ယာဉ်လိုင်စင်များ သက်တမ်းတိုးပေးမည်

**နေပြည်တော် မတ် ၂၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၇ ခုနှစ် ဧပြီလအတွင်း အောက်ဖော်ပြပါမြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်သိရှိဆောင်ရွက်နိုင်ပါရန် အသိပေးကြော်ငြာအပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | ကချင်ပြည်နယ် | ဝိုင်းမော်၊မိုးကောင်း |
| ၂။ | မကွေးတိုင်းဒေသကြီး | တောင်တွင်းကြီး၊ ပေါက်၊ စေတုတ္တရာ၊အောင်လံ |
| ၃။ | မန္တလေးတိုင်းဒေသကြီး | မလှိုင် |
| ၄။ | ရန်ကုန်တိုင်းဒေသကြီး | မှော်ဘီ၊ ကော့မှူး |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | သာပေါင်း၊ မော်လမြိုင်ကျွန်း |

# ပုဗ္ဗသီရိမြို့နယ်တွင် တာရှည်ခံဆေးစိမ်ခြင်ထောင်များ ပြည်သူလက်ဝယ်အရောက် အခမဲ့ပေးအပ်

**နေပြည်တော် မတ် ၂၁**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာအုပ်စု စက်ကုန်းကျေးရွာရှိ အိမ်ထောင်စု ၂၁၉ စုအတွက် UNDP မှ တာရှည်ခံဆေးစိမ်ခြင်ထောင်များ ပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

ပြည်သူ့ကျန်းမာရေး ဦးစီးဌာနခုတင် (၅၀)ဆံ့ ဆေးရုံမှ ကျန်းမာရေးကြီးကြပ်(၁) ဒေါ်နွယ်နွယ်စိုးက ဆေးရည်စိမ်ခြင်ထောင်သုံးစွဲရာတွင် စတင်အသုံးမပြုမီ နေရောင်မရှိသောနေရာ၌ ၂၄ နာရီ ကြာအောင် အလွတ်ထောင်ထားရန်၊ ခြင်မဝင်နိုင်စေရန် ခြင်ထောင်ကို သေချာကျနစွာထောင်အိပ်ကြရန်၊ ခြင်ထောင်မှာ ငှက်ဖျားရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်နိုင်ကြောင်း၊ ခြင်ထောင်လျှော်သည့်အခါ ညင်သာစွာလျှော်ဖွပ်ကြရန်နှင့် ခြင်ထောင်၏ သက်တမ်းမှာ သုံးနှစ်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ဆေးရည်စိမ်ခြင်ထောင်များကို အိမ်ထောင်စုအလိုက် စနစ်တကျ စိစစ်၍ ပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။



**(ရွှေရဲရင့်)**

# စစ်ကိုင်းမြို့ ကားကြီးကွင်းအတွင်းရှိ စက်သုံးဆီဆိုင် မီးလောင်မှုဖြစ်ပွား

**မန္တလေး မတ် ၂၁**

စစ်ကိုင်းမြို့ ကားကြီးကွင်းအတွင်းရှိ ကျော်စိုးမိုး စက်သုံးဆီဆိုင်မှ ယနေ့ည ၈ နာရီခန့်က မီးလောင်မှုစတင်ဖြစ်ပွားခဲ့ရာ ဆိုင်ခန်းငါးခန်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း စစ်ကိုင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ပြောကြားသည်။

အဆိုပါမီးလောင်ရာသို့ စစ်ကိုင်းခရိုင်ရှိ မီးသတ်တပ်ဖွဲ့များ၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့မှ မီးသတ်ယာဉ်များ၊ စစ်ကိုင်းမြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၈ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ယင်းမီးလောင်မှုနှင့်ပတ်သက်၍ စစ်ကိုင်းမြို့မင်းလမ်းရပ်ကွက်နေ သတင်းထောက် ဦးကြည်အောင်က "ကျွန်တော်တို့ရပ်ကွက်မှာ နေ့စဉ် နေဝင်ချိန်ရောက်တာနဲ့ မီးကိုမပေါ့ဆဖို့၊ မီးကြွင်းမီးကျန်တွေကို ငြိမ်းသတ်ဖို့ ရပ်ကွက်မီးသတ်က ဆိုင်ကယ်တွေနဲ့ လိုက်လံပြီး သတိပေးနေပါတယ်။ အခြားရပ်ကွက်တွေမှာလည်း အဲဒီလို လုပ်ပေးရင်ကောင်းမှာပါ"ဟု အကြံပြုပြောကြားခဲ့သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြို့နယ်လုံးဆိုင်ရာ (၆၁)ကြိမ်မြောက် ဝိနယာဓိကပရိယတ္တိ သာသနာပြုအသင်းကြီးမှ စာအောင်ဆုနှင်းသဘင်ကျင်းပ

**ရန်ကုန် မတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမပရိယတ္တိ စာသင်တိုက် သာသနာ့ဝင်လေးထပ်ကျောင်းဆောင် မြေညီထပ်၌ မတ် ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဝိနယာဓိက ပရိယတ္တိသာသနာပြု အသင်းကြီးမှ နှစ်စဉ်ကြီးမှူးကျင်းပသော ၁၃၇၈ ခုနှစ် (၆၁)ကြိမ်မြောက် ဝိနယာဓိက ပရိယတ္တိစာမေးပွဲကြီးတွင် မြို့နယ်ဘုန်းတော်ကြီးကျောင်း စာသင်တိုက်အသီးသီးတို့မှ စာအောင်သံဃာတော် အရှင်သူမြတ် ၄၂၉ ပါးတို့အား စာအောင်ဆုနှင်းသဘင်အခမ်းအနား ကျင်းပခဲ့သည်။

ထို့နောက် ဂုဏ်ထူးရစာအောင်သံဃာတော်များအား သက်န်း၊ အောင်လက်မှတ်၊ ဝတ္ထုငွေများကို မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ယုနိုင်ကလည်းကောင်း၊ စာချတန်းအောင် သံဃာတော်များနှင့် ရိုးရိုးအောင် သံဃာတော် အရှင်သူမြတ်များအား အောင်လက်မှတ်များနှင့် နဝကမ္မ ဝတ္ထုငွေများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ဦးနှင့် အသင်းဥက္ကဋ္ဌ ဦးစိန်တင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

**ညဏ်ဟိန်း(အင်းစိန်)**

# ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တိုက်ပွဲရှောင်ပြည်သူများအား တတိယအကြိမ်ထောက်ပံ့

**လားရှိုး မတ် ၂၁**

လားရှိုးမြို့ မန်ဆူရှမ်းကျောင်းတိုက်သို့ရောက်ရှိနေသော လောက်ကိုင်ဒေသမှ တိုက်ပွဲရှောင် ဒေသခံပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်ပွဲကို မတ် ၂၁ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ မတ် ၂၁ ရက်က ထောက်ပံ့ပစ္စည်းပေါင်း စုစုပေါင်း တန်ဖိုး ငွေကျပ် ၅၆၅၃၉၀၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများကို လားရှိုးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်းတို့က လောက်ကိုင်ဒေသခံ အိမ်ထောင်စု ၂၀၊ လူဦးရေ ၇၈ ဦးတို့အတွက်ပေးအပ်ခဲ့ပြီး မန်ဆူရှမ်းကျောင်းတိုက်သို့ ရောက်ရှိလာသော တိုက်ပွဲရှောင်ပြည်သူများ စုစုပေါင်း ၆၆၂၅ ဦးရှိခဲ့ပြီး မိမိဒေသသို့ ပြန်ကြသူများအား ကား ၁၅၅ စီးဖြင့် လူမှုကူညီရေးအသင်းအဖွဲ့များ၊ စေတနာရှင်များက ကူညီထောက်ပံ့ပေးခဲ့ကြသည်။ မတ် ၂၁ ရက်အထိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ထောက်ပံ့ပစ္စည်းများ စုစုပေါင်း ကျပ် ၁၂၁၆၅၆၀၀ တန်ဖိုးအား ပေးအပ်ထောက်ပံ့ပြီးဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လူထုဗဟိုပြုစီမံကိန်းမှ ဝေဖန်တိုင်ကြားဖြေရှင်းရေး သင်တန်းဖွင့်လှစ်

**စေတုတ္တရာ မတ် ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လူထု ဗဟိုပြုစီမံကိန်း တတိယနှစ်အတွက် လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများက ကျေးရွာများတွင် ဝေဖန်အကြံပြု တိုင်ကြားဖြေရှင်းရေး သင်တန်းများကို မတ် ၁၅ ရက်မှ ၁၆ရက်ထိ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး၌ ဖွင့်လှစ်ခဲ့ရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဆယ်မောင်က အဖွင့်အမှာစကား ပြောကြားပြီး ဖွင့်လှစ်ပေးသည်။

သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ အကြံပြုတိုင်ကြားနိုင်သောစနစ်ကို စီမံကိန်းနှင့် ဆက်နွှယ်သူများအားလုံး ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ဆောင်နိုင်ရန် ဖြစ်ပေါ်လာနိုင်သော ပြဿနာများကို စေ့စပ်သေချာသော လုပ်ထုံးလုပ်နည်းများဖြင့် ဖြေရှင်းပေးနိုင်ရန်၊ စီမံကိန်းကို နှောင့်နှေးစေနိုင်သည့် အကြောင်းအရာမှန်သမျှကို ခိုင်လုံစွာဖော်ထုတ်နိုင်ရန်၊ စီမံကိန်းလမ်းကြောင်းမှန်ပေါ်ရှိနေစေရန်၊ တာဝန်ခံမှု ကျင့်ဝတ်စောင့်ထိန်းမှုတို့ အားကောင်းစေရေးနှင့် စီမံကိန်း အရည်အသွေး တိုးတက်စေရန် တိုဖြစ်သည်။

အဆိုပါသင်တန်းသို့ လူထုစည်းရုံးရေးမှူး၊ လက်ထောက်နည်းပညာမှူးနှင့် သင်တန်းသား စုစုပေါင်း ၃၅ ဦး တက်ကြွစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မေသူလွင်(မကွေးကိုယ်ပွား)**




# ၂၀၁၇ ခုနှစ် တောင်နှင့် အရှေ့တောင်အာရှကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော် ကျင်းပမည်

**နေပြည်တော် မတ် ၂၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး နိုင်ငံတကာကုန်စည်ပြပွဲများကို သွားရောက်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အရှေ့တောင်အာရှကုန်စည်ပြပွဲနှင့် ကူမင်းကုန်စည်ပြပွဲများအား နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်တွင် ၂၀၁၇ ခုနှစ် တောင်နှင့်အရှေ့တောင်အာရှကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော် 2017 South and Southeast Asia Commodity Expo and Investment Fair (SSACEIF) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ Dianchi International Convention Center တွင် ဇွန် ၁၂ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ နေပြည်တော်ဖုန်း ၀၆၇-၄၃၀၄၄၇၊ ဖက်(စ်) ၀၆၇-၄၃၀၁၂၈ Email: moctradefair @gmail.com နှင့် ရန်ကုန်ဖုန်း ၀၁-၂၅၄၀၂၄၊ Email:itpic.moc@gmail.com၊ website;www.trade.gov.mm နှင့် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**




**မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)မှအဖွဲ့ဝင်များသည် ပြင်သစ်နိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာ အိမ်ခြံမြေအဖွဲ့ချုပ်ကြီး The International Real Estate Federation (FRANCE) မှ ပြင်သစ်နိုင်ငံ၌ မတ် ၁၄ ရက်မှ ၁၇ ရက်အထိ ကျင်းပသည့် အိမ်ခြံမြေပွဲတော်ကြီးသို့တက်ရောက်ခဲ့ပြီး မတ် ၁၈ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့စဉ်။** (စိုးဝင်း-MLA)

# စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ်စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါအစားအသောက်များ၌ ခွင့်မပြုဆိုးဆေးများ ပါဝင်ခြင်းတို့ကြောင့် စားသုံးရန်မသင့်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသောဆိုးဆေးများကို လုံးဝအသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၂၈(က)အရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

**အမှတ်တံဆိပ်နှင့်အစားအသောက်အမျိုးအစားများ**

| စဉ် | အစားအသောက်အမည် | အမှတ်တံဆိပ် | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | ချယ်ရီသီး | Tricer Cherry စာသားပါ | Orange II (ခွင့်မပြုဆိုးဆေး) |
| ၂။ | ရောင်စုံဝေဖာချောင်း | အမှတ်တံဆိပ်မပါ | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၃။ | ရောင်စုံဝေဖာလုံး | အမှတ်တံဆိပ်မပါ | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၄။ | တုတ်ထိုးချိုချဉ် | အမှတ်တံဆိပ်မပါ | Sudan III (ခွင့်မပြုဆိုးဆေး) |
| ၅။ | လခြမ်းပုံချိုချဉ် | အမှတ်တံဆိပ်မပါ | Sudan III (ခွင့်မပြုဆိုးဆေး) |
| ၆။ | ခေါက်မုန့်(ပန်းရောင်) | အမှတ်တံဆိပ်မပါ | Sudan III(ခွင့်မပြုဆိုးဆေး) |
| ၇။ | မက်မန်းပေါင်း | အမှတ်တံဆိပ်မပါ | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၈။ | ပဲလိပ်ပြာ | အမှတ်တံဆိပ်မပါ | Auramine O(ခွင့်မပြုဆိုးဆေး) |
| ၉။ | တုတ်ထိုးချိုချဉ်(ပြား) | အမှတ်တံဆိပ်မပါ | Rhodamine B(ခွင့်မပြုဆိုးဆေး) |
| ၁၀။ | တုတ်ထိုးချိုချဉ်(လုံး) | အမှတ်တံဆိပ်မပါ | Rhodamine B(ခွင့်မပြုဆိုးဆေး) |
| ၁၁။ | ဂျယ်လီ(လိမ္မော်ရောင်) | Angry Bird စာသားပါ | Orange II(ခွင့်မပြုဆိုးဆေး) |
| ၁၂။ | ငရုတ်ဆီ | Lucky Fish | Orange II(ခွင့်မပြုဆိုးဆေး) |
| ၁၃။ | နနွင်းမှုန့် | ပစ်တိုင်းထောင် | Sudan III(ခွင့်မပြုဆိုးဆေး) |
| ၁၄။ | အရောင်တင်မှုန့် | ငွေငါး | Sudan III(ခွင့်မပြုဆိုးဆေး) |
| ၁၅။ | အရောင်တင်မှုန့် | မင်းထိုက်တန် စာသားပါ | Sudan III(ခွင့်မပြုဆိုးဆေး) |
| ၁၆။ | အရောင်တင်မှုန့် | ရွှေကံကောင်း | Rhodamine B(ခွင့်မပြုဆိုးဆေး) |
| ၁၇။ | သကြားလုံး | သစ်ဆန်း | Rhodamine B(ခွင့်မပြုဆိုးဆေး) |
| ၁၈။ | ဆေးမန်ကျည်း(အစပ်) | ထိုင်းဝမ်း | Sudan III(ခွင့်မပြုဆိုးဆေး) |

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေးနှင့် မြေပေါ်မြေအောက်သယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့ရေးဆောင်ရွက်

**နေပြည်တော် မတ် ၂၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် မတ် ၁၈ ရက်က ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ရှမ်းပြည်နယ် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အင်းလေးကန် အုပ်ချုပ်မှုအဖွဲ့တို့နှင့်တွေ့ဆုံ၍ အင်းလေးကန် ရေရှည်တည်တံ့စေရေးအတွက် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ၊ အင်းလေးကန်ရေဝေရေလဲဒေသထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ ဒေသသစ်မျိုးများစိုက်ပျိုးရေး၊ ရေဦးရေဖျားဒေသရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ ရန်ပုံငွေ စနစ်တကျခွဲဝေသုံးစွဲရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရှမ်းပြည်နယ် မြန်မာ့သစ်လုပ်ငန်းရုံးသို့ရောက်ရှိကာ ၂၀၁၇-၂၀၁၈ ခုနှစ် ရှမ်းပြည်နယ်အတွင်း သစ်ထုတ်လုပ်မည့်အစီအစဉ်နှင့်ပတ်သက်၍တင်ပြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် သတ္တုတွင်းဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံးခွဲသို့ရောက်ရှိကာ ဦးစီးဌာနနှင့် လုပ်ငန်းဌာနတို့မှ တာဝန်ခံအရာထမ်းများ၊ သတ္တုလုပ်ငန်းရှင်များနှင့်တွေ့ဆုံသည်။ ဆက်လက်၍ သစ်တောသုတေသနဌာန၊ တောင်လေးလုံးသုတေသနစခန်းသို့ ရောက်ရှိ၍ မက်ကေဒေးမီးယားစိုက်ခင်း၊ စန္ဒကူးစိုက်ခင်း၊



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ အင်းလေးကန်အုပ်ချုပ်မှုအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစဉ်။

သုတေသနစိုက်ခင်းများ၊ ပျိုးဥယျာဉ်၌ ပျိုးထောင်ဆောင်ရွက်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

မတ် ၁၉ ရက်၌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ညောင်ရွှေမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အင်းလေးကန်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအားတွေ့ဆုံကာ အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အင်းလေးဒေသ၌ စွန့်ပစ်အမှိုက်ဖျက်ဆီးရေးလုပ်ငန်းအတွက် လိုအပ်သည့် စက်ကိရိယာများအား ဂျပန်နိုင်ငံမှ မှာယူတင်သွင်းမည့်အစီအစဉ်နှင့် စက်ရုံတည်ဆောက်ရန်မြေနေရာရရှိရေးအတွက် ဆွေးနွေးခဲ့ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အင်းလေးကန်ရေရှည်တည်တံ့စေရေးအတွက် စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သကဲ့သို့ ပျက်စီးသွားသည့် ဂေဟစနစ်အား ပြန်လည်တည်ဆောက်ရာ၌ စိတ်ရှည်သည်းခံကာ ဇွဲရှိရှိဆောင်ရွက်ကြရန်၊ ဂေဟစနစ်တစ်ခုဖြစ်တည်ရန် နှစ်ပေါင်းများစွာ အချိန်ကြာသော်လည်း ပျက်စီးရန်မှာမူ အချိန်တိုအတွင်းပင် ဖြစ်နိုင်ပါကြောင်း၊ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းကို ဘက်ပေါင်းစုံမှ အထူးအလေးထား ဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားကာ ဆွေးနွေးပွဲသို့ တက်ရောက်လာသူများ၏ လုပ်ငန်းဆောင်ရွက်ရာ၌ တွေ့ကြုံရသည့်အခက်အခဲ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စွန့်ပစ်အမှိုက်ဖျက်ဆီးသည့်စက်ရုံ တည်ဆောက်ရန် ရွေးချယ်ထားသည့် မြေနေရာအားသွားရောက်ကြည့်ရှုခဲ့သည်။

၎င်းနောက် ပင်လောင်း နေပြည်တော်ကားလမ်း၊ ပင်လောင်းမြို့နယ် ဧဒင်ကျေးရွာရှိ Asia Green Gold Co., Ltd. ၏ ဝါးအခြေခံလူသုံးကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်မှုလုပ်ငန်းအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မိုးကြိုချည်မျှင်ရှည်ဝါ အထူးဇုန် စံပြ ဧက ၁၀၀ စိုက်ပျိုးရေးမျိုးစေ့ချပွဲ ကျင်းပ

**ရမည်းသင်း မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ မိုးကြိုချည်မျှင်ရှည်ဝါ အထူးဇုန် စံပြ တစ်ဆက်တည်း ဧက ၁၀၀ စိုက်ပျိုးရန် ဝါမျိုးစေ့၊ မျိုးစေ့လူးနယ်ဆေးနှင့် ဓာတ်မြေဩဇာများပေးအပ်ပွဲနှင့် စိုက်ပျိုးရေးမျိုးစေ့ချပွဲကို မတ်လ ဒုတိယပတ်က ကတင်ကျေးရွာ တောင်သူ ဦးတင်စိုး၏ ကွင်းအမှတ် ၁၀၈၉ ဦးပိုင် ၁၇၆ ရှိ လေးဧကကွင်း၌ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူး ဦးကျင်မောင်က မိုးကြိုချည်မျှင်ရှည်ဝါ အထူးဇုန် စံပြ ဧက ၁၀၀ စိုက်ပျိုးခြင်းရည်ရွယ်ချက်ဖြစ်သော တစ်ဧက ပိဿာ ၁၀၀၀ ထွက်ရှိရန်၊ ရမည်းသင်းခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးလင်းမြတ်က ဝါမျိုးစေ့ချမှု၊ ဝါသားခွဲမှုတို့ကို သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်နှင့် တစ်ဧက ပိဿာ ၁၀၀၀ ထွက်ရှိစေရန် စိုက်ပျိုးမှု၊ မြေဩဇာသုံးစွဲမှု မှန်ကန်စေရန် စသည်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး၊ ရမည်းသင်းခရိုင် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနှင့် ဦးအောင်မျိုးဦး၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ ဦးထက်မြက်အောင်နှင့်အဖွဲ့ဝင်များ၊ မိုးကြိုချည်မျှင်ရှည်ဝါ အထူးဇုန် စံပြ ဧက ၁၀၀ စိုက်ပျိုးမည့်တောင်သူများ တက်ရောက်ကြသည်။

**ဇော်ဝင်းအောင်(ခရိုင်ပြန်/ဆက်)**



## မြောက်ဦး-မင်းပြားဓာတ်အားလိုင်းနှင့် မင်းပြားဓာတ်အားခွဲရုံစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ဓာတ်အားများပို့လွှတ်

**နေပြည်တော် မတ် ၂၁**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် မင်းပြားမြို့အနီးဝန်းကျင်ဒေသများသို့ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနက ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ၊ ၆၆/၃၃ကေဗွီ ၁၀ အမ်ဗွီအေ မင်းပြားဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်းစီမံကိန်းကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင်လည်းကောင်း၊ ၆၆ ကေဗွီ မြောက်ဦး-မင်းပြားဓာတ်အားလိုင်း ၁၇ ဒသမ ၂၈ မိုင် တည်ဆောက်ရေးလုပ်ငန်းစီမံကိန်းကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ဓာတ်အားများ ပို့လွှတ်နေပြီဖြစ်ကြောင်း သိရသည်။

ယင်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုများမရှိသောကြောင့် လုပ်ငန်းနှောင့်နှေးမှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း ယခုလက်ရှိတွင် ဓာတ်အားဖြန့်ဖြူးလိုင်းနှင့် ထရန်စဖော်မာများ တပ်ဆင်ပြီးဖြစ်သဖြင့် မင်းပြားမြို့ပေါ် ရပ်ကွက်ရှစ်ရပ်ကွက်ရှိ အိမ်ခြေ ၄၃၁၅ အိမ်နှင့် အနီးဝန်းကျင်ကျေးရွာများရှိ အိမ်ခြေ ၇၂၂ အိမ်သို့ ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးနေပြီဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

## သီးနှံများပျက်စီးမှုအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကျင်းပ

**မိုးမိတ် မတ် ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ် မြို့ကျက်သရေဆောင်ခန်းမ၌ မိုးမိတ်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများထိခိုက်ပျက်စီးမှုအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို မတ် ၁၇ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဆွေသိန်းက အဖွင့်အမှာစကားပြောကြားပြီး မိုးမိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မော်မော်လွင်က ၂၀၁၆ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် မိုးရွာသွန်းမှုကြောင့် စိုက်ပျိုးပြီး စပါးခင်း ၃၄၀၈ ဧက ရေနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ရာ ကျေးရွာအုပ်စုပေါင်း ၁၆ အုပ်စု၊ ကွင်းပေါင်း ၅၄ ကွင်းရှိ တောင်သူ ၅၉၅ ဦး၏ စပါးစိုက်ဧက ၁၁၂၄ ဧက ပျက်စီးသွားခဲ့ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် မိုးမိတ်၊ မဘိမ်းအပါအဝင် ရှမ်းပြည်နယ်တစ်နယ်လုံးတွင် မိုးစပါး ၁၈၃၁ ဧက၊ အစေ့ထုတ်ပြောင်း ၁၃၉၂ ဧက၊ မြေပဲခုနစ်ဧက၊ ပဲပုပ် ၄၀၄ ဧက ပျက်စီးမှုဖြစ်ပေါ်ခဲ့ရာ မိုးမိတ်မြို့နယ်အနေဖြင့် စပါးမှာ ပျက်စီးမှုဧကအများဆုံးဖြစ်ကြောင်းနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် တစ်ဧကလျှင် ကျပ် ၁၀၀၀၀ နှုန်း ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မိုးမိတ်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးမှုဒဏ်ခံစားခဲ့ကြသော တောင်သူများအား ရှမ်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဆွေသိန်း၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**




## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ကိုးမြို့နယ်တွင် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူ

**မန္တလေး မတ် ၂၁**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ကိုးမြို့နယ်တွင် မတ် ၁၀ ရက်မှစ၍ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာရန်နိုင်စိုးက ပြောသည်။

လက်ရှိမြေပြင်စာရင်းနှင့် ယခင်ကောက်ယူပြီးသော စာရင်းတို့၏ ကွာဟချက်များကို သိရှိနိုင်ရန်၊ လိုအပ်သော သွင်းအားစုများ စီမံနိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်နိုင်ရန် ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦး၊ ငါးဇွန်၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ သာစည်နှင့် မလှိုင်မြို့နယ်အတွင်းရှိ ကျေးရွာ ၃၃၈ ရွာတွင် ယခုကဲ့သို့ တိရစ္ဆာန်ကောင်ရေစာရင်းကို ကောက်ယူခြင်းဖြစ်ကြောင်း သိရသည်။ "ဒီလိုကောက်ယူခြင်းများကို ၁၉၉၃ ခုနှစ်ကလည်း နောက်ဆုံးကောက်ယူခဲ့ဖူးပါတယ်။ အခုလုပ်ဆောင်မယ့်ပုံစံကတော့ ကျေးရွာ ၃၃၈ ရွာရဲ့ ၆၀ ရာခိုင်နှုန်းကို ကျပန်းနည်းလမ်းဖြင့် စိစစ်ပြီးတော့ အသင့်ပြုစုထားတဲ့ ပုံစံများနဲ့ ကောက်ယူသွားမှာပါ"ဟု ၎င်းက ပြောသည်။

အဆိုပါစာရင်းကောက်ယူမှုများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သင်တန်းပေးထားသော ဝန်ထမ်းများ၊ အခြေခံတိရစ္ဆာန်ကျန်းမာရေးလုပ်သားများ ပူးပေါင်းကောက်ယူသွားမည်ဖြစ်ပြီး နွား၊ ကျွဲ၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်၊ ဘဲ၊ ငုံး၊ မြင်းနှင့် ခွေး စသည့်တိရစ္ဆာန်များ ပါဝင်သည်။

ယခုဆောင်ရွက်ချက်များအား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပညာရှင်များနှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ ပညာရှင်များ၏ နည်းပညာအကြံပြုချက်များအတိုင်း ဆောင်ရွက်ခြင်းဖြစ်ပြီး ဘဏ္ဍာရန်ပုံငွေရရှိမှုအပေါ် မူတည်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်လက်ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**




# မဘိမ်းမြို့နယ်အတွင်း တရားမဝင်သစ်များနှင့် ယာဉ်ယန္တရားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ် တုံကွာကျေးရွာအနီး တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် မတ် ၁၈ရက်နှင့် ၁၉ ရက်တို့တွင် သစ်တန်ချိန်ပေါင်း ၉၄၄ ဒသမ ၈ တန်ခန့်၊ ယာဉ်ယန္တရားမျိုးစုံ ၁၃ စီးနှင့် အခြားဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းသည် မတ် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် တုံကွာကျေးရွာ၏ အရှေ့တောင်ဘက် ခြောက်မိုင်ခွဲခန့်နေရာနှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်ရှင်းလင်းစဉ် ကျွန်းသစ်လုံးဆိုဒ်စုံ ၄၀၂ တန်ခန့်၊ ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၅၃၇ တန်ခန့်၊ တမလန်း သစ်လုံးဆိုဒ်စုံ တစ်တန်ခန့်၊ ပိတောက်သစ်လုံးဆိုဒ်စုံ တစ်တန်ခွဲခန့်၊ ပိတောက်ခွဲသား ဆိုဒ်စုံ နှစ်တန်ခွဲခန့် စုစုပေါင်း သစ်တန်ချိန် ၉၄၄ ဒသမ ၈ တန်ခန့်နှင့် ကရိန်းယာဉ် တစ်စီး၊ ယမ်းဖောင် အမျိုးအစား မော်တော်ယာဉ် နှစ်စီး၊ ဖိုတွန်အမျိုးအစား မော်တော်ယာဉ် တစ်စီး၊ သရီးကရောင်း ယာဉ်ငါးစီး၊ တုန်ဖန်းအမျိုးအစား မော်တော်ယာဉ်လေးစီး စုစုပေါင်း ယာဉ်ယန္တရားမျိုးစုံ ၁၃ စီးနှင့် သစ်ခွဲစက် လေးလုံး၊ မီးစက် တစ်လုံး၊ လွှဝိုင်း နှစ်ခုတို့ကို ပိုင်ရှင်မဲ့ရှာဖွေတွေ့ရှိခဲ့သည်။

အလားတူ မံဝိန်းကြီးနယ်မြေအတွင်း မတ် ၁၁ ရက်မှ ၁၈ ရက်အတွင်း သစ်ခိုးထုတ်သည့် ယာဉ်မျိုးစုံ စုစုပေါင်း ၁၄၇ စီးကိုလည်း သိမ်းဆည်းရမိခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အများပြည်သူ စားသုံးရန်မသင့်သည့် အေးခဲကြက်သားနှင့် ကြက်ကလီစာများ မီးရှို့ဖျက်ဆီး

**ရန်ကုန် မတ် ၂၁**

အများပြည်သူများ စားသုံးရန်မသင့်သည့် အေးခဲကြက်သားနှင့် ကြက်ကလီစာများ မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင် မှန်လုံယာဉ်တွင် တင်ဆောင်သယ်ယူလာသည်ကို သိမ်းဆည်းရမိခဲ့ပြီး စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။




မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင် မှန်လုံယာဉ်ပေါ်တွင် မတ် ၁၉ ရက်က အေးခဲကြက်သားနှင့် ကြက်ကလီစာများ သယ်ဆောင်လာသည်ကို မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးခဲ့ပြီး တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အေးခဲကြက်သား ၁၉၇ ဒသမ ၈ ကီလိုဂရမ်၊ အေးခဲကြက်ကလီစာ ၅၂ ကီလိုဂရမ် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၃၉၄၈ သန်းခန့်အား သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ အေးခဲကြက်သားနှင့် ကြက်ကလီစာများအား အများပြည်သူစားသုံးရန်မသင့်သည့် အတွက် မတ် ၂၀ ရက်တွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့ တာဝန်ရှိသူများက စခန်းဝင်းအတွင်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဆောင်ရွက်လျက်ရှိရာ မတ် ၂၀ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တရားမဝင်ကုန်စည်ကူးသန်းရောင်းဝယ်မှုအပေါ် တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉ ဒသမ ၆ သန်းခန့်နှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀ ဒသမ ၉၅၆ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **(၀၀၁)**

# အင်းတော်မြို့နယ်အတွင်း တရားမဝင်သစ်ခွဲစက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**အင်းတော် မတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပင်ဝဲကျေးရွာအနီး မြောက်ဘက်တွင် မတ် ၂၀ ရက်က တပ်မတော်စစ်ကြောင်းဦးစီး (၂) နယ်မြေခံရဲနှင့် သစ်တောတို့ ပူးပေါင်းပါဝင်သည့် အဖွဲ့မှ တရားမဝင်သစ်ခွဲစက် တစ်လုံး၊ ဆက်စပ်ပစ္စည်းမျိုးစုံ၊ ကျွန်းသစ်ဆိုဒ်စုံ ၂၃လုံး၄ ဒသမ ၅၅တန်၊ ကျွန်းခွဲသားဆိုဒ်စုံ သုည ဒသမ ၇၄၈ တန်၊ သစ်စက်လုပ်ငန်း လုပ်ကိုင်သူ ပင်ဝဲကျေးရွာနေ နိုင်ဝင်းသိန်းတို့အား ဖမ်းဆီးရမိခဲ့သည် ။



ထို့အပြင် တပ်မတော်စစ်ကြောင်းဦးစီး (၁) နယ်မြေခံရဲတပ်ဖွဲ့နှင့် သစ်တောပူးပေါင်းအဖွဲ့တို့က အင်းတော်မြို့နယ် သီလကျေးရွာ၏အနောက်တောင်ဘက်တွင် တရားမဝင်သစ်ခွဲစက် တစ်လုံး၊ ဆက်စပ်ပစ္စည်းမျိုးစုံ၊ ကျွန်းသစ်လုံးဆိုဒ်စုံ ၄၈ လုံး၊ ၁၂ ဒသမ ၆၈၈ တန် သိမ်းဆည်းခဲ့သည် ။

ဖမ်းဆီးရမိခဲ့သည့် ပြစ်မှုကျူးလွန်သူတစ်ဦးအား အရေးယူထားပြီး တရားမဝင် သစ်ခွဲစက်နှင့် ဆက်စပ်ပစ္စည်းများကို သက်ဆိုင်ရာဌာနများသို့ စနစ်တကျ လွှဲပြောင်းအပ်နှံထားကြောင်း သတင်းရရှိသည် ။ **(၆၈၅)**

# ကော့သောင်းတွင် ကျပ်သိန်း၂၀ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ကော့သောင်း မတ် ၂၁**

ကော့သောင်းမူးယစ်တပ်ဖွဲ့စု(၃၄)က မတ် ၁၉ရက် ညပိုင်းက တန်ဖိုးကျပ်သိန်း ၂၀ကျော်ဖိုးခန့်ရှိ WY စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကော့သောင်းမူးယစ်တပ်ဖွဲ့စု(၃၄)မှ ဒုရဲမှူးမြင့်ထွန်းက အေးရိပ်ငြိမ်ရပ်ကွက် ရာအိမ်မှူးများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ အေးရိပ်ငြိမ်ရပ်ကွက် ဗိုလ်ရွှေ(၃)လမ်းနှင့် ဦးသုခရေခဲစက်လမ်းထောင့်တွင် စောင့်ဆိုင်းနေစဉ် ဖွဲ့မြင့်ဦးနှင့်ကျော်သူရ(ခ)အောင်ဘုတို့ မောင်းနှင်လာသည့် Wavei110အမျိုးအစား ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာနေကြာစေ့အိတ်ခွံဖြင့်ထည့်ထားသည့် အထုပ် သုံးထုပ်အား တွေ့ရှိစစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြား ၅၉၀ ကာလတန်ဖိုး ငွေကျပ် ၂၉၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ ဖွဲ့မြင့်ဦးနှင့်ကျော်သူရတို့အား စစ်မေးရာ ၎င်းတို့နှင့် ဆေးအတူသုံးစွဲလေ့ရှိသူ ကော့သောင်းမြို့ရှိ မေတ္တာမွန်တည်းခိုခန်း၊ ပင်ဂွင်းတည်းခိုခန်းနှင့် အိမ်တော်တည်းခိုခန်းတို့၌ လှည့်လည်နေထိုင်ပြီး ထားဝယ်မြို့တွင်နေထိုင်သူ မင်းသက်ဌေး(ခ)ယုန်လေးဆီမှ ရောင်းချပေးရန် ယူလာခြင်းဖြစ်ကြောင်းနှင့် ယုန်လေးမှာ ယခုကော့သောင်းတွင် မရှိကြောင်း သိရသည်။

ယင်းအမှုနှင့်ပတ်သက်၍ လက်ဝယ်တွေ့ရှိသူ ဖွဲ့မြင့်ဦး(၂၁)နှစ်၊ ကျော်သူရ(ခ)အောင်ဘု(၂၃)နှစ်၊ မင်းသက်ဌေး(ခ)ယုန်လေး(၂၄)နှစ်တို့အား ကော့သောင်း မြို့မရဲတပ်ဖွဲ့စခန်းက မယ(ပ)၁၇/၂၀၁၇၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# မိုင်းပွန်၌ ကျပ်သိန်းပေါင်း ၄၀၀ကျော်ခန့် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်း

**လွိုင်လင် မတ် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)မိုင်းပွန်မြို့ ပွန်ချောင်းတံတားအနီး၌ မတ် ၂၀ ရက် ညနေ ၅ နာရီခွဲခန့်က ကျပ်သိန်းပေါင်း ၄၀၀ ခန့် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ သိမ်းဆည်းရမိသည်။

ဖြစ်စဉ်မှာ မတ် ၂၀ ရက် ညနေ ၅ နာရီခွဲခန့်က ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့နယ် မိုင်းပွန်မြို့ ပွန်ချောင်းတံတားအနီးတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၂၇)မှ ရဲအုပ်ဇော်မြင့်ဦး ဦးစီးတပ်ဖွဲ့ဝင်များ၊ တပ်နယ်မှ ဗိုလ်ကြီး မင်းမင်းဦး ဦးစီး တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအား ရှာဖွေစစ်ဆေးနေစဉ် ဟိုပုံးမြို့ဘက်မှ မိုင်းပွန်မြို့ဘက်သို့ ယာဉ်မောင်း အိုက်ကျော် မောင်းနှင်ပြီး ဘေးတွင် စိုင်းလီ လိုက်ပါလာသည့် 2G/—— SURF အနက်ရောင်ယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ မော်တော်ယာဉ်၏ နောက်ခန်း၌ တင်ဆောင်လာသော ၅၅ယ/-- ကလစ်အမျိုးအစား အနက်ရောင် ဆိုင်ကယ်ထိုင်ခုံအောက်ရှိ တူးဘောက်အံခွက်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀၊ အလေးချိန် လေးကီလိုခန့်၊ ကာလတန်ဖိုးကျပ် သိန်း ၄၀၀ခန့်အား ရှာဖွေတွေ့ရှိသဖြင့် မူးယစ်ဆေးဝါးများ၊ မော်တော်ယာဉ်နှင့် ဆိုင်ကယ်တို့အား သက်သေများရှေ့တွင် သိမ်းဆည်းခဲ့သည်။

အမှုမှ စိတ်ကြွရူးသွပ်ဆေးပြားများအား သယ်ဆောင်လာသူ ယာဉ်မောင်း အိုက်ကျော် (၁၈ နှစ်)နှင့် စိုင်းလီ (၁၈ နှစ်) ဝမ်ဟိန်ရွာ မိုင်းစိတ်အုပ်စု နမ့်စန်မြို့နေသူ နှစ်သူအား မိုင်းပွန်နယ်မြေရဲစခန်းက မယ(ပ)၁/၂၀၁၇၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)/၂၁ ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၁၁၁)**




လီဗာပူးဘက်ကို ပင်နယ်တီပေးခဲ့သည့် ဒိုင်လူကြီး မိုက်ကယ်အိုလီဗာအား စောဒကတက်နေသည့် မန်စီးတီးကစားသမားများ

# မန်စီးတီးအသင်းကို ပြစ်ဒဏ်ချမှတ်မည်

လီဗာပူးအသင်းနှင့် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်တွင် မန်စီးတီးအသင်းမှာ ကစားသမားများကို ထိန်းသိမ်းရန် ပျက်ကွက်ခဲ့သဖြင့် ဘောလုံးအဖွဲ့ချုပ်မှ ချမှတ်သော ပြစ်ဒဏ်တစ်ရပ်ကို ချမှတ်ခံရရန်ရှိနေကြောင်း ဘီဘီစီသတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

အဆိုပါ ဖြစ်စဉ်မှာ ပွဲကစားချိန် မိနစ် ၅၀ ဝန်းကျင်တွင် မန်စီးတီးနောက်ခံလူ ကလစ်ချီက လီဗာပူးတိုက်စစ်မှူး ဖာမီနိုကို ပင်နယ်တီဧရိယာအတွင်း ပြစ်ဒဏ်ကျူးလွန်ခဲ့သည့်အတွက် ဒိုင်လူကြီး မိုက်ကယ်အိုလီဗာက လီဗာပူးအသင်းဘက်ကို ပင်နယ်တီခွင့်ပြုခဲ့ရာ မန်စီးတီး ကစားသမားများက ပြင်းပြင်းထန်ထန်စောဒကတက်ခဲ့ကြသည်။ အဆိုပါပင်နယ်တီကို ဂျိမ်းစ်မီနာကသွင်းယူ၍ လီဗာပူးအသင်းဦးဆောင်ခဲ့သော်လည်း မန်စီးတီးတိုက်စစ်မှူး အဂူရိုက မန်စီးတီးအသင်းအတွက် ချေပဂိုးကို ပြန်လည်သွင်းယူကာ မန်စီးတီးအသင်းကို သရေရလဒ် ထွက်ပေါ်စေခဲ့သည်။

ဒိုင်လူကြီး အိုလီဗာက ပြင်းထန်စွာစောဒကတက်ခဲ့သည့် မန်စီးတီးမှ ကလစ်ချီနှင့် ဒေးဗစ်ဆေးလ်ဗားတို့နှစ်ဦးစလုံးကို အဝါကတ်ပြသ သတိပေးခဲ့သည်။ ယခုမူ မန်စီးတီးအသင်းသည် ကစားသမားများကို အစီအစဉ်တကျ ထိန်းသိမ်းရန် ပျက်ကွက်မှုဖြင့် ဘောလုံးအဖွဲ့ချုပ်က အရေးယူရန် စီစဉ်နေခြင်းဖြစ်ပြီး အဆိုပါပြစ်ဒဏ်ကို မတ် ၂၃ ရက် (ကြာသပတေးနေ့) ညနေ ၆ နာရီခွဲ(ဗြိတိန်စံတော်ချိန်)အထိ ခုခံပိုင်ခွင့်ရှိကြောင်းလည်း သိရသည်။

## တစ်ကိုယ်ကောင်းဆန်ခြင်းကြောင့် ဝင်းဂါးနှုတ်ဆိတ်နေတယ်လို့ ဆက်တန် စွပ်စွဲ

အာဆင်နယ်နည်းပြ ဝင်းဂါးဟာ ပါတီပွဲကနေ မခွာချင်တဲ့ ဦးလေးကြီးတစ်ယောက်လိုပဲ နှုတ်ဆိတ်ပြီး သူလုပ်ချင်ရာ လုပ်နေတယ်လို့ ချယ်ဆီးကစားသမားဟောင်း ဆက်တန်က စွပ်စွဲလိုက်ပါတယ်။ ၁၉၉၆ ခုနှစ်ကတည်းက အာဆင်နယ်အသင်းကို ကိုင်တွယ်နေတဲ့ ဝင်းဂါးက သူ့ရဲ့ အနာဂတ်ကိစ္စရပ်ကို မကြာခင် ကြေညာသွားမယ်လို့ ပြောခဲ့ပြီးနောက် ဆက်တန်က အထက်ပါအတိုင်း စွပ်စွဲလိုက်တာဖြစ်ပါတယ်။ အာဆင်နယ်ဟာ လက်ရှိအချိန်မှာ အမှတ်ပေးဇယား အဆင့်(၆)နေရာအထိ ရောက်ရှိနေပြီး ဖလားလက်မဲ့ ရာသီဖြစ်ဖို့ နီးစပ်နေတာကြောင့် ဝင်းဂါး ထွက်ခွာသွားသင့်တယ်လို့ ဆက်တန်က ရှုမြင်ပါတယ်။

ဆက်တန်ကတော့ ဝင်းဂါးဟာ သူ့နောက်မှာ “ဟုတ်ကဲ့” လို့ ခေါင်းညိတ်မယ့် ကစားသမားတွေ ဝန်းရံတာကိုပဲ သဘောတွေ့နေပြီး အသင်းအောင်မြင်ရေးကို တိတိကျကျ ဖော်ဆောင်နိုင်ခြင်းမရှိဘူးလို့ ပြစ်တင်လိုက်ပါတယ်။ အာဆင်နယ်ဟာ ရာသီအစက ကောင်းမွန်တဲ့ ခြေစွမ်းပြသနိုင်ခဲ့ပြီး ချန်ပီယံလိဂ်အုပ်စုအဆင့်ကိုတောင် အုပ်စုဗိုလ်အနေအထားနဲ့ တက်ရောက်လာပေမယ့် နောက်ပိုင်းမှာ ခြေစွမ်းဆက်တိုက်ကျဆင်းလာခဲ့တာကြောင့် ဝင်းဂါးအပေါ် ဖိအားတွေ ရုတ်တရက်ကျရောက်လာတာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ လိဂ်ပွဲငါးပွဲမှာ လေးပွဲအထိ ရှုံးပွဲကြုံခဲ့ပြီး ဘိုင်ယန်ကိုလည်း နှစ်ကျော့ပေါင်း ၁၀ ဂိုး-နှစ်ဂိုးနဲ့ အရေးနိမ့်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲက ထွက်ခွာရပြီးဖြစ်ပါတယ်။ ပရိသတ်အများစုက ဝင်းဂါးကို စာချုပ်သစ်မချုပ်ဆိုရေးကို အလေးပေးတောင်းဆိုနေကြပြီး အာဆင်နယ် ကစားသမားအများစုကလည်း ဝင်းဂါးကို အာဆင်နယ်မှာ ဆက်မရှိနေစေဖို့ ဆန္ဒရှိကြတယ်လို့ သတင်းတွေထွက်နေပါတယ်။ ဒါပေမယ့် တိုက်စစ်မှူး ဂီရော့ဒ်ကတော့ ထွက်ပေါ်နေတဲ့ သတင်းတွေက ကစားသမားနဲ့ နည်းပြကြားအဆိပ်အတောက်ဖြစ်အောင် ဖန်တီးနေသလို ဖြစ်နေပြီး ဘယ်ကစားသမားမှ ဒီလိုသဘောထားမျိုး မရှိကြဘူးလို့ တုံ့ပြန်လိုက်ပါတယ်။

## အနာဂတ်ကာလတွင် ပရီမီယာလိဂ်သို့ ပြောင်းရွှေ့နိုင်တယ်လို့ နေမာဖွင့်ဟ




ဘာစီလိုနာတိုက်စစ်မှူး နေမာက အနာဂတ်တစ်ချိန်ချိန်တွင် ပရီမီယာလိဂ်ကို လာရောက်ကစားရန်ဆန္ဒရှိကြောင်း ပိုကာကစားနည်းအစီအစဉ်တွင် ထည့်သွင်းပြောကြားခဲ့သည်။ ပရီမီယာလိဂ်ပြိုင်ပွဲများ၏ ပြိုင်ဆိုင်မှုပြင်းထန်တဲ့အနေအထား၊ ချန်ပီယံဘယ်အသင်း ဖြစ်နိုင်မလဲဆိုသည့် မှန်းဆရန်ခက်ခဲမှုနှင့် နာမည်ကျော် နည်းပြအများအပြားစုဝေး ရောက်ရှိနေမှုတို့က ပရီမီယာလိဂ်၏ အဓိကဆွဲဆောင်မှုဖြစ်နေကြောင်း နေမာက ဆိုသည်။

နေမာက ဂွါဒီယိုလာ၊ မော်ရင်ဟိုတို့ကဲ့သို့ နည်းပြများက ဘယ်ကစားသမားကိုမဆို စိတ်လှုပ်ရှားမှု အပြည့်ပေးစွမ်းနိုင်သည့် နည်းပြများဖြစ်သလို မန်ယူ၊ အာဆင်နယ်၊ ချယ်လ်ဆီးနှင့် လီဗာပူးအသင်းတို့ကို ကြိုက်နှစ်သက်မှုရှိသောကြောင့် ပရီမီယာလိဂ်ကို လာရောက်ကစားရန် စိတ်ဝင်စားသည်ဟု ဆိုခဲ့ခြင်းဖြစ်သည်။

နေမာက ပြီးခဲ့သည့်ဘောလုံးရာသီ လက်စတာအသင်း ချန်ပီယံဖြစ်ခဲ့မှုက အတော်အံ့အားသင့်ဖွယ်ကောင်းသလို ဘယ်အသင်းမဆို ချန်ပီယံဖြစ်နိုင်သည် ဆိုသည့် ပရီမီယာလိဂ် ဂုဏ်သိက္ခာတစ်ရပ် ထပ်ပိုးရရှိခဲ့သည်ဟုလည်း ဆိုခဲ့သည်။ လက်စတာအသင်းသည် လက်ရှိတွင် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီး လာလီဂါကလပ် အက်သလက်တီကို အသင်းနှင့် ထိပ်တိုက်တွေ့ဆုံနေသည်။

## ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလား အင်္ဂလန်လက်ရွေးစင်အသင်းတွင် ပါဝင်နိုင်ရန် ဆန်းဒါးလန်းမှ ထွက်ခွာနိုင်ဟု ဒီဖိုးပြောကြား



အသက်(၃၄)နှစ်အရွယ် တိုက်စစ်မှူး ဂျာမိန်းဒီဖိုးမှာ အင်္ဂလန်နည်းပြ ဆောက်ဂိတ်၏ အင်္ဂလန်လက်ရွေးစင်အသင်းတွင် ပြန်လည်ရွေးချယ်ခံခဲ့ရပြီးနောက် သူ့အနေဖြင့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နေရာတစ်နေရာ သေချာစေရန်အတွက် လက်ရှိဆန်းဒါးလန်းအသင်းမှ ထွက်ခွာကောင်း၊ ထွက်ခွာနိုင်သည်ဟုဆိုခဲ့ရာ ဆန်းဒါးလန်းပရိသတ်များအတွက် သတင်းဆိုးဖြစ်ခဲ့သည်။

ဒီဖိုးမှာ အင်္ဂလန်လက်ရွေးစင်အသင်းတွင်ရွေးချယ်ခြင်းမခံခဲ့ရသည်မှာ သုံးနှစ်ရှိပြီဖြစ်သော်လည်း ဂျာမနီအသင်းနှင့် ချစ်ကြည်ရေး ခြေစမ်းပွဲကစားမည့် အင်္ဂလန်အသင်း လူစာရင်းတွင် ပြန်လည်ပါဝင်လာခွင့်ရရှိလာခဲ့သည်။ ဒီဖိုးမှာ ဆန်းဒါးလန်းအသင်းအတွက် နှစ်ရာသီအတွင်း ၆၅ ပွဲ ဝင်ရောက်ကစားပြီး ၃၂ ဂိုးအထိ သွင်းယူပေးထားနိုင်သူဖြစ်သည်။ ပြီးခဲ့သည့် ဘောလုံးရာသီနည်းပြ ဆမ်အလာဒိုက်စ်လက်အောက်တွင် ဆန်းဒါးလန်းအသင်းကို တန်းဆင်းဇုန်မှ လွတ်မြောက်အောင်ကူညီပေးနိုင်သော်လည်း လက်ရှိနည်းပြ မိုယက်စ်လက်ထက်တွင် တန်းဆင်းဇုန်မှလွတ်မြောက်နေသည့်အသင်းများနှင့် ခုနစ်မှတ်အထိ ကွာဟနေဆဲဖြစ်သည်။ ထို့ကြောင့် ဒီဖိုးက ယခုနှစ်ဘောလုံးရာသီတွင် ဆန်းဒါးလန်းအသင်း တန်းဆင်းသွားရပါက သူလည်း ကလပ်အသင်းမှ ထွက်ခွာနိုင်သည်ဟု ဆိုခဲ့ခြင်းဖြစ်သည်။

ဒီဖိုးက “ကျွန်တော် တိုရွန်တိုအသင်းမှာ သွားကစားတော့ ၂၀၁၄ ကမ္ဘာ့ဖလားမှာ ရွေးချယ်မခံရတော့ပါဘူး။ လက်ရွေးစင်အသင်းမှာ ပါဝင်ခွင့်ရဖို့ဆိုတာဟာ မြင့်မားတဲ့ ခြေစွမ်းတစ်ရပ်ဆက်ရှိနေဖို့ လိုအပ်သလို ကစားရတဲ့ ကလပ်အသင်းပေါ်မှာလည်း မူတည်ပါတယ်။ ပရီမီယာလိဂ်နဲ့ ဥရောပအသင်းတစ်သင်းမှာ ကစားခွင့်ရမှသာ လက်ရွေးစင်အသင်းအတွက် ပါဝင်ခွင့်ရမှာဖြစ်လို့ ရာသီကုန် ဘာတွေဆက်ဖြစ်လာမလဲဆိုတာ စောင့်ကြည့်ရအောင်ပါ”ဟု ဖြေကြားခဲ့သည်။

ဒီဖိုးသည် အင်္ဂလန်အသင်းအတွက် ၅၅ ပွဲ ဝင်ရောက်ကစားခဲ့ရာ ၁၉ ဂိုး သွင်းယူထားနိုင်ပြီး ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ချီလီအသင်းနှင့် ကစားသည့်ပွဲစဉ်နောက်ပိုင်း အင်္ဂလန်လက်ရွေးစင်အသင်းအတွက် ရွေးချယ်ခြင်းမခံရတော့ပေ။ ယခုနှစ်ဘောလုံးရာသီတွင် ဆန်းဒါးလန်းအသင်းရလဒ်ပိုင်း ကောင်းမွန်ခြင်းမရှိသော်လည်း ဒီဖိုးမှာ ခြေစွမ်းကောင်းပြသနိုင်သောကြောင့် အင်္ဂလန်အသင်းလူစာရင်းတွင် ပြန်လည်ပါဝင်ခွင့်ရရှိလာခြင်းဖြစ်သည်။

## ရာနီရေရီ ထုတ်ပယ်ခံခဲ့ရပြီးနောက် အသက်အန္တရာယ် ခြိမ်းခြောက်ခံရမှုရင်ဆိုင်ခဲ့ရသည်ဟု ဗာဒီ ထုတ်ဖော်ပြောကြား

လက်စတာနည်းပြ ရာနီရေရီ ထုတ်ပယ်ခံရပြီးနောက် တိုက်စစ်မှူး ဂျေမီဗာဒီမှာ အသက်အန္တရာယ်ခြိမ်းခြောက်မှု ကြုံတွေ့ခဲ့ရသလို သူ၏ မိသားစုကိုလည်း အဓိက ပစ်မှတ်တစ်ခုအနေဖြင့် ခြိမ်းခြောက်ခံခဲ့ရကြောင်း ကာယကံရှင်ကိုယ်တိုင်က မီဒီယာများသို့ ဖွင့်ချလိုက်ပြီဖြစ်သည်။ ကလပ်အသင်းက ရာနီရေရီကို ထုတ်ပယ်သည့်ကိစ္စတွင် ဗာဒီ၏ လွှမ်းမိုးမှုရှိခဲ့သည်ဆိုသော စွပ်စွဲချက်များကမမှန်ကန်ဘဲ ယင်းစွပ်စွဲမှုများက မိမိကို နာကျင်မှုသာ ဖြစ်စေခဲ့သည်ဟုလည်း ဗာဒီက ဆိုခဲ့သည်။

အီတလီလူမျိုး ရာနီရေရီမှာ ပရီမီယာလိဂ် ချန်ပီယံအဖြစ် လက်စတာအသင်းကို အောင်ပွဲခံစေခဲ့ပြီး ကိုးလအကြာ ပြီးခဲ့သည့်ဖေဖော်ဝါရီလအတွင်းက နည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရသည်။ ရာနီရေရီ၏ နေရာကို ဆက်ခံသူ ခရိတ်ရှိတ်စပီယားက ကစားသမားများ၏ ပုန်ကန်မှုကြောင့် ရာနီရေရီကို ထုတ်ပယ်ခဲ့ရခြင်းဆိုသည့် ကိစ္စရပ်ကို ငြင်းဆိုထားခဲ့ပြီးဖြစ်သည်။

ဗာဒီက “ သတင်းတွေက အတော်လေး တုန်လှုပ်ဖို့ကောင်းနေပါတယ်။ သတင်းတစ်ပုဒ်ကဆိုရင် ကျွန်တော်ဟာ နည်းပြထုတ်ပယ်ခံရအောင် အသင်းတာဝန်ရှိသူတွေကို ပုဂ္ဂိုလ်ရေး သွားရောက်တွေ့ဆုံနေတယ်လို့ ဖော်ပြပါတယ်။ တကယ်တော့ ကျွန်တော်က အဲဒီအချိန်မှာ တားမြစ်ဆေးသုံးစွဲမှု ရှိမရှိဆိုတာကို သွားရောက်စစ်ဆေးခံနေတာ သုံးနာရီကြာပါတယ်။ ဒီသတင်းက အပြင်ကို ပြန့်နှံ့သွားတော့ ကျွန်တော်ကို အသက်အန္တရာယ် ခြိမ်းခြောက်မှုအပြင် ကလေးတွေရော ကျွန်တော့်အမျိုးသမီးပါ ထိတ်လန့်စရာ အခြေအနေတွေ ကြုံတွေ့ခဲ့ရပါတယ်”ဟု ကြုံတွေ့ခဲ့ရသည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ဖွင့်ဟပြောကြားခဲ့သည်။

မေလဲ့သင်း - စုစည်းရေးသားသည်

# ဇလုံတောင်တော်ဘုရား၌ဘုရားဖူးများဖြင့်စည်ကား



**ဗန်းမောက် မတ် ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်ရှိ ဇလုံတောင်တော်ဘုရားသို့ ပွင့်လင်းရာသီရောက်ရှိလာသည်နှင့်အညီ လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်လာသောကြောင့် မြန်မာပြည်အနှံ့မှ ဘုရားဖူးခရီးသွားများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။

အဆိုပါ ဇလုံတောင်တော်ဘုရားမှာ ဗန်းမောက်မြို့၏ အနောက်မြောက်ဘက် ၁၄ မိုင် ၆ ဖာလုံခန့် အကွာတွင်တည်ရှိပြီး ဇလုံတောင်တော်သည် ဇီဝမျိုးစုံကွဲပြားမှုရှိပြီး တောတောင်သဘာဝ အလှအပများအလယ်တွင် တည်ရှိနေသောကြောင့် ပြည်တွင်းဘုရားဖူးခရီးသွားများဖြင့် စည်ကားလျက်ရှိသည်။

ဇလုံတောင်ဝန်းကျင်တွင် ဇီဝမျိုးကွဲတွေစုံလင်ပြီး အလွန်ထူထပ်သည့် သစ်တောကြီးအလယ်မှာ ဇလုံတောင်တော်ကတည်ရှိ၍ နှစ်စဉ်ဘုရားဖူးခရီးသွားများ တစ်နှစ်ထက်တစ်နှစ် ပိုပိုများလာတာတွေ့မြင်နေရသည်။ ပြီးခဲ့သည့်နှစ်က ဘုရားဖူးခရီးသွား ၈၀၀၀၀ နီးပါးခန့် လာရောက်ဖူးမြော်ကြပြီး ယခုနှစ်မှာ ဗန်းမောက်မြို့နယ်အတွင်းရှိ ကျေးရွာများ၊ ပတ်ဝန်းကျင်မှမြို့ရွာများနှင့် မြန်မာပြည်အနှံ့အပြားမှ ဘုရားဖူးမှန်လုံယာဉ်ကြီး၊ ယာဉ်ငယ်များဖြင့် ဘုရားဖူးခရီးသွားများ လာရောက်လျက်ရှိသည်ကို တွေ့ရသည်။

ဘုရားဖူးခရီးသည်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရန်အတွက် ဇလုံတောင်တက်မော်တော်ယာဉ်ငယ်အသင်းက လူထုအခြေပြုခရီးသွားလုပ်ငန်းအနီးတွင် ကားဂိတ်ထားရှိပြီး ထိုမှတစ်ဆင့် ဇလုံတောင်တော်နှင့် ကျောက်မဏ္ဍပ်တောင်ပေါ်တို့ကို ဘုရားဖူးခရီးသွားများအား ပို့ဆောင်ပေးလျက်ရှိသည်။ ထို့နောက် ဇလုံတောင်တော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဧပြီ ၂၃ ရက်မှစ၍ ၂၅ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စွာ(ဗန်းမောက်)**

# လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းခွဲများအကောင်အထည်ဖော်ဆောင်ရွက်ရန်လုပ်ငန်းညှိနှိုင်း

**ကျောက်တန်း မတ် ၂၁**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်မှ ကျေးရွာအုပ်စု ၁၂ အုပ်စု၊ ကျေးရွာပေါင်း ၃၈ ရွာ၊ လုပ်ငန်းခွဲပေါင်း ၆၉ ခုဖြစ်သော လမ်းများပြုပြင်ခြင်း၊ စာသင်ကျောင်းများပြုပြင်ဆောက်လုပ်ခြင်း၊ တံတားများပြုပြင်ခြင်းနှင့် တိုးချဲ့ဆောက်လုပ်ခြင်း၊ ရေပွန်များချထားခြင်း စသည့်အစီအမံများကို ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီများက အကောင်အထည်ဖော်ဆောင်ရွက်ကြမည်ဖြစ်သည်။

အဆိုပါ စီမံကိန်းလုပ်ငန်းခွဲများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဆင်ပြေအောင်မြင်စေရန်အတွက် ဌာနဆိုင်ရာများနှင့် ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မတ် ၂၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်း၌ ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းထူး၊ လူထုဗဟိုပြုစီမံကိန်း နည်းပြအကြံပေးအဖွဲ့ခေါင်းဆောင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဦးရဲလွင်၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးမှူး ဦးတင်အောင်သန်းတို့က အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စိုးဝင်း(ကျောက်တန်း)**

# သောက်သုံးရေအခက်အခဲဖြစ်ပေါ်နိုင်သည့် ကျေးရွာများအား သောက်သုံးရေလှူဒါန်း

**မိတ္ထီလာ မတ် ၂၁**
မိတ္ထီလာမြို့နယ်တွင် နွေရာသီကာလ ရေရှားပါးနိုင်သောကျေးရွာများအား ရေရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် ရေရှားမှုဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ သောက်သုံးရေထောက်ပံ့နိုင်ရေး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံချက်များထားရှိရေးဆွဲ၍ ဆောင်ရွက်လျက်ရှိရာ ရေရှားပါးနိုင်သောကျေးရွာများအား ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ အချက်အလက်များကောက်ယူခြင်းများပြုလုပ်၍ မြို့နယ်အတွင်းရှိ ကျေးရွာ ၃၇၉ ရွာမှ နွေရာသီတွင် ရေရှားပါးနိုင်သည့် ကျေးရွာ ၂၅ ရွာ ရွေးချယ်သတ်မှတ်ခဲ့ပြီး အဆိုပါကျေးရွာများအနက်မှ ယခုလတ်တလော ရေရှားပါးနိုင်သောကျေးရွာ ၁၀ ရွာအား ရေပြတ်လပ်မှုမရှိသေးသော်လည်း ရေပြတ်လပ်ပါက သောက်သုံးရေအခက်အခဲကြုံတွေ့နိုင်သည့်အတွက် သောက်သုံးရေကြိုတင်သိုလှောင်နိုင်စေရန် မတ်လပထမပတ်မှစတင်၍ သွားရောက်လှူဒါန်းလျက်ရှိသည်။

မတ် ၂၀ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ အရာတော်၊ ရွာသာ၊ တောင်ဖီလာ၊ ကျောက်ပုံကျေးရွာနှင့် ဆူးရစ်တန်းကျေးရွာတို့ကို သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ နည်းပညာအထောက်အကူပြုကော်မတီ ညှိနှိုင်းစည်းဝေး

**မြစ်ကြီးနား မတ် ၂၁**
ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Unicef တို့ပူးပေါင်း၍ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ နည်းပညာအထောက်အကူပြုကော်မတီ၏ တတိယအကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးပွဲကို မတ် ၂၀ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်ရှိ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်နုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (နေပြည်တော်) မှ ညွှန်ကြားရေးမှူး ဦးလှခိုင်တို့က အမှာစကား အသီးသီးပြောကြားခဲ့သည်။

ယင်းနောက် Unicef မှ မြစ်ကြီးနားရုံးတာဝန်ခံအရာရှိ Mr. Cesar Villar က ကချင်ပြည်နယ်အတွင်း ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြင့်တင်ရေးတွင် အဓိကအရေးပါသည့် ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ နည်းပညာအထောက်အကူပြုရေးလုပ်ငန်းများအား မိမိတို့အဖွဲ့မှ လိုအပ်သည်များ ထောက်ပံ့ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုအစည်းအဝေးတွင် ကော်မတီဝင်များမှ ၂၀၁၇ ခုနှစ်အတွင်း လိုအပ်သည့် ဆောင်ရွက်မည့်လုပ်ငန်းများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသည့် ကော်မတီဝင်များက ၂၀၁၇ ခုနှစ်အတွင်း ဆောင်ရွက်မည့် ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များနှင့် နိုင်ငံတော်အဆင့် ၂၀၁၈-၂၀၃၀ ခုနှစ်အတွင်း ဆောင်ရွက်မည့် ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ နည်းဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ နည်းပညာအထောက်အကူပြုကော်မတီ၏ ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းများ စသည်တို့အား ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြကာ အစည်းအဝေးသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ Unicef မှ WASH အစုအဖွဲ့ပေါင်းစပ်ညှိနှိုင်းရေးမှူး ဦးအေးဝင်းနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။ **သူရိန်စိုး(ကချင်မြေ)**

# အခြေခံမီးသတ်ပညာ အကြိုသင်တန်းဖွင့်ပွဲကျင်းပ

**မယ်စဲ့ မတ် ၂၁**
ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့၌ အကြိုအခြေခံမီးသတ်ပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ ရက် နံနက် ၉ နာရီက မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ ပြုလုပ်ကြောင်း သိရသည်။

မြို့နယ်မီးဘေးတားဆီးရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးရာဇာထွန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ကို ရှင်းလင်းပြောကြားသည်။ အကြိုအခြေခံမီးသတ်ပညာသင်တန်းတွင် လက်နက်မဲ့စစ်ရေးပြ၊ မီးသတ်ပညာ၊ ရှေးဦးသူနာပြုစုခြင်းသင်ခန်းစာများ သင်ကြားပို့ချမည်ဖြစ်ပြီး မယ်စဲ့မြို့နယ်အတွင်းမှ အရန်မီးသတ်သင်တန်းသား ၃၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ နှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**



# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကနဦးအလုပ်ရုံဆွေးနွေး

**ပုလဲ မတ် ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ ဗုဒ္ဓဝိဟာရသာသနာ့ဗိမ္မာန်၌ စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) စိုက်ပျိုးပညာပေးဌာနခွဲမှ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ် Agricultural Development Support Project(ADSP) အစီအစဉ်အရ လယ်ယာကဏ္ဍစိုက်ပျိုးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကနဦးအလုပ်ရုံဆွေးနွေးပွဲ (Inception Workshop) ကို မတ် ၂၀ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်က အမှာစကားပြောကြားခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစန်းစန်းရီက မြောက်ယမားရေသောက်ဧရိယာရှိ ၆၆၁၉ ဧကကို အဆင့်မြှင့်ပြီး လယ်ယာကဏ္ဍစိုက်ပျိုးမှုဖွံ့ဖြိုးတိုးတက်ရေး၊ အန္တရာယ်ကင်းသော စိုက်ပျိုးထုတ်ကုန်များ ထုတ်လုပ်ရရှိရေးအတွက် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် Agricultural Development Support Project( ADSP ) အစီအစဉ်အရ လယ်ယာကဏ္ဍ စိုက်ပျိုးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကနဦးအလုပ်ရုံဆွေးနွေးပွဲ (Inception Work-shop) ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မာရီက လယ်ယာမြေမှတ်တမ်းထားရှိရေးနှင့် ဆီထွက်သီးနှံမျိုးသန့်ထုတ်လုပ်ရေး၊ အထွက်တိုးရေးဆိုင်ရာများကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းကြည်က ပြောင်းလဲလာသောရာသီဥတုနှင့်လိုက်လျောညီထွေသီးနှံပုံစံများ စိုက်ပျိုးနိုင်ရေး၊ မြေဆီလွှာတိုးတက်ကောင်းမွန်စေရန် စီမံခန့်ခွဲရေးနှင့် ရေချွေတာသုံးစွဲရေးအကြောင်းအရာများကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ခင်က စပါးသီးနှံအထွက်တိုးရေးနှင့် သီးနှံပုံစံများကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဒေါ်စန်းစန်းရီက ပဲမျိုး၊ မျိုးသန့်၊ အထွက်တိုးရေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မင်းမင်းသန်းက မျိုးသန့်ထုတ်လုပ်ခြင်းနှင့် မျိုးစေ့ထိန်းသိမ်းခြင်းဆိုင်ရာများကိုလည်းကောင်း ပရိုဂျက်တာဖြင့် အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) မှ ပညာရှင်များ၏ လယ်ယာကဏ္ဍစိုက်ပျိုးမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှင်းလင်းဆွေးနွေးမှုများနှင့် ပတ်သတ်၍ ပုလဲမြို့နယ်အတွင်းရှိ တောင်သူများ၊ သက်ဆိုင်ရာ အုပ်စုမန်နေဂျာများက မိမိဒေသအတွင်း သီးနှံထုတ်လုပ်ရေးဆိုင်ရာ အခက်အခဲများနှင့် ဆောင်ရွက်လိုသည့် စမ်းသပ်ကွက်၊ စံပြကွက်များကို အုပ်စုဖွဲ့၍ စိတ်ပါဝင်စားစွာဖြင့် ဆွေးနွေးခဲ့ကြပြီး သိရှိလိုသည့် အချက်အလက်များကို မေးမြန်းဆွေးနွေးရာ စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) မှ ပညာရှင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးအောင်ထွန်းမြင့်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်းစိုးနှင့် ဝန်ထမ်းများ၊ မြောက်ယမားဆည်ရေသောက်ဧရိယာအတွင်းရှိ ကျေးရွာအုပ်စုများမှ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများတက်ရောက်ခဲ့ကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်ကြာပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

# သဘော်စိုက်တောင်သူများသီးနှံဈေးကောင်းရ၍တွက်ခြေကိုက်

**သာစည် မတ် ၂၁**
မိတ္ထီလာခရိုင် သာစည်မြို့နယ် ညောင်တိုကျေးရွာမှ သဘော်စိုက်တောင်သူများ ယခုနှစ် သီးနှံဈေးကောင်း၍ ပိုမိုတွက်ခြေကိုက်ကြောင်း သိရသည်။

"ဒီနှစ်က ဈေးလည်းကောင်း၊ အထွက်နှုန်းလည်းကောင်း၊ အသီးလည်းလှတော့ ပိုပြီးတွက်ခြေကိုက်ပါတယ်။ မိုးနည်းနည်းများလို့ အပင်အနည်းအကျဉ်းနာတာလောက်ပဲရှိပါတယ်။ သဘော်စစိုက်တာကတော့ ကဆုန်၊ နယုန်မှာ စတင်စိုက်ပျိုးပြီး တန်ဆောင်မုန်း၊ နတ်တော်မှာ စတင်ထွက်ရှိပါတယ်။ ခြောက်လလောက်ကြာပါတယ်။ သဘော်စိုက်မယ်ဆိုရင် မြေပြုပြင်၊ မျိုးစေ့ဝယ်၊ ပျိုးထောင်၊ ပျိုးထောင်ရက်က ၄၅ ရက်သားထိထားရပါတယ်။ ပြီးမှစတင်စိုက်ပျိုးရပါတယ်။ တစ်ဧကကို အပင် ၆၀၀ ကျော် ၇၀၀ လောက် စိုက်ကြပါတယ်။

တစ်ဧကကို စစိုက်တဲ့အချိန်ကနေ စဆွတ်တဲ့အချိန်ထိ ငွေကျပ် ၅၀၀၀၀၀ လောက်ကုန်ပါတယ်။ ရတာကတော့ သီးနှံဈေးနှုန်း၊ အထွက်နှုန်းပေါ်မူတည်ပြီး ဈေးကောင်းရင်ကောင်းသလို ရပါတယ်။ စိုက်ဧကများရင် ပိုကိုက်ပါတယ်။ အသီးကတော့ သုံးလလောက်အတွင်း ၁၀ ကြိမ်ကျော်လောက်ဆွတ်ရပါတယ်" ဟု ညောင်တိုကျေးရွာမှ သဘော်စိုက်ပျိုးသော ကိုစိုးဦးက ပြောပြသည်။

ညောင်တိုကျေးရွာသည် ခရမ်းချဉ်၊ ကျောက်ဖရုံ၊ ပဲသီး၊ ရုံးပတီသီး၊ ဘူးသီး၊ ချဉ်ပေါင်ရွက် စသည်ဖြင့် သီးနှံစုံစိုက်ပျိုးကြပြီး စတင်စိုက်ပျိုးချိန်မှ သီးနှံပေါ်ချိန်ထိ အချိန်ကာလကြာရှည်သော်လည်း အရင်းနည်း၍ အမြတ်များသော သဘော်ကို ပိုမိုအားထားစိုက်ပျိုးကြကြောင်း သိရသည်။ **ထွန်းထွန်း(သာစည်)**

# ရခိုင်ပြည်နယ်၌ပြည်တွင်းရေကြောင်းခရီးသွားသင်္ဘောများပုံမှန်ပြေးဆွဲ

**စစ်တွေ မတ် ၂၁**
ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မိုးသက်လေပြင်းများ တိုက်ခတ်ပြီး မိုးများရွာသွန်းမှုကြောင့် ပြည်တွင်း ရေကြောင်း ခရီးသွားသင်္ဘောများ ပုံမှန်ပြေးဆွဲချိန်ထက် နောက်ကျပြီးမှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်း စစ်တွေမြို့နှင့် ပေါက်တော၊ မင်းပြား၊ မြေပုံမြို့များသို့ပြေးဆွဲနေသည့် အမြန်ယာဉ်သင်္ဘောများသည် ပုံမှန်အားဖြင့် မွန်းလွဲ ၂ နာရီတွင် ပြေးဆွဲလျက်ရှိသော်လည်း မတ် ၂၀ ရက် နံနက်ပိုင်းက စတင်ပြီး စစ်တွေမြို့နှင့် အနီးပတ်ဝန်းကျင်တွင် လေပြင်းတိုက်ခတ်ပြီး မိုးများရွာသွန်းမှုကြောင့် သင်္ဘောများထွက်ခွာချိန်အား အချိန်နောက်ကျ ထွက်ခွာခဲ့ရကြောင်း ရွှေပြည်တန် အမြန်ရေယာဉ် သင်္ဘောက မန်နေဂျာကိုစံမော်သိန်းက ပြောကြားသည်။

မတ်လနှင့်ဧပြီလမှာ ရခိုင်ပြည်နယ်တွင် ပုံမှန်ရာသီဥတုကို ခန့်မှန်း၍မရပါကြောင်း၊ ယခုလည်းပုံမှန်မဟုတ်ဘဲ လေပြင်းတိုက်ခတ်ပြီး မိုးများရွာသွန်းခဲ့ပါကြောင်း၊ မုတ်သုံလေဝင်ခါနီးလာလျှင် လေပူနှင့်လေအေးများ တွေ့ဆုံပြီး လေတိုက်ခတ်နိုင်ပါကြောင်း၊ သို့သော် ၁၅ မိနစ်သာတိုက်ခတ်ပြီး မိုးရွာလိုက်ခြင်းကြောင့် လေတိုက်နှုန်းလျှော့နည်းသွားပါကြောင်း ၎င်းက ဆက်လက်၍ပြောကြားသည်။

"မနက်ပိုင်းက လေတိုက်တာများတော့ ဆိုင်ကယ်စီးသွားလို့ မရဘူး၊ ကျွန်တော်တို့ ရုံးကိုသွားတာ သုံးဘီးဆိုင်ကယ်နဲ့သွားခဲ့ရပါတယ်။ ရုံးအနီးက လမ်းဘေးသစ်ပင်တွေ ပြိုလဲသွားတာကို တွေ့ခဲ့ရပါတယ်" ဟု ပြည်နယ်အစိုးရရုံးမှ ဦးမျိုးကိုကိုထွန်းက ပြောကြားသည်။

စစ်တွေမြို့တွင် ယနေ့နံနက်ပိုင်းမှစတင်ပြီး လေပြင်းများတိုက်ခတ်ခြင်း၊ မိုးရွာသွန်းခြင်းတို့ကြောင့် လမ်းဘေးသစ်ပင်နှင့် အချို့သောလူနေအိမ်များမှ အဖီများ ပြိုလဲခြင်းများရှိခဲ့ကြောင်း၊ အဆိုပါလေပြင်းအရှိန်ကြောင့် မြေပုံမြို့နှင့် ပေါက်တောမြို့တို့တွင် မိုးများရွာသွန်းလျက်ရှိကြောင်း သိရသည်။ **တင်ထွန်း(ခရိုင်ပြန်/ဆက်)**



# ဗိုလ်ချုပ်အောင်ဆန်းဈေး မီးဘေးလုံခြုံရေး ဈေးများဌာနနှင့်မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍လိုက်လံစစ်ဆေး

**ပန်းဘဲတန်း မတ် ၂၁**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ရန်ကုန်မြို့ရှိ ဈေးများ၌ မီးဘေးလုံခြုံစေရေးအတွက် ဈေးရုံများတွင် လျှပ်စစ်မီးသုံးစွဲမှုနှင့် မီးသတ်ဆေးဘူးများ၊ မီးစက်နှင့်ရေပိုက်များ ချို့ယွင်းမှုမရှိစေရေးအတွက် လိုက်လံစစ်ဆေးကြည့်ရှုလျက်ရှိရာ မတ် ၂၀ ရက်က ဗိုလ်ချုပ်အောင်ဆန်းဈေးတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဈေးများဌာနခရိုင်မှူး ဦးမောင်မောင်ဌေး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူးများဖြစ်ကြသော ဦးတင်မျိုးလွင်၊ ဦးစည်သူမျိုး၊ မြို့နယ် ရေသန့်တာဝန်ခံ ဒေါ်စန်းစန်းဝင်း၊ ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းဦးနှင့် အဖွဲ့ဝင်များက ဈေးအတွင်းရှိဈေးရုံ ၁၉ ရုံကို လိုက်လံစစ်ဆေးကြည့်ရှုကြသည်။

"အခုက နွေရာသီရောက်လာပြီဆိုတော့ မီးဘေးလုံခြုံရေးကို သတိထားရတော့မယ်။ ဒါကြောင့် ဈေးများဌာနနဲ့ မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်းပြီး မီးဘေးလုံခြုံရေးအတွက် လိုက်လံစစ်ဆေးဆောင်ရွက်နေတာပါ" ဟု ဈေးတာဝန်ခံ ဦးညွန့်ဝင်းက ပြောသည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းဈေးသည် ပန်းဘဲတန်းမြို့နယ်တွင် တည်ရှိပြီး အလျား ၅၈၈ ပေ၊ အနံ ၅၄၄ ပေ စုစုပေါင်းဧရိယာ စတုရန်းပေ ၃၁၉၈၇၂ ပေ ကျယ်ဝန်း၍ ဈေးရုံပေါင်း ၁၉ ရုံနှင့် ဆိုင်ခန်းပေါင်း ၂၈၄၀ ဖြင့် ဖွဲ့တည်ထားသော ဈေးကြီးဖြစ်သည်ဟု အဆိုပါဈေးရှိ ဈေးအခြေပြုမြေပုံဇယား၌ ဖော်ပြထားမှုအရ သိရသည်။

**မောင်သုည**

# စစ်တွေခရိုင်ရဲတပ်ဖွဲ့ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**စစ်တွေ မတ် ၂၁**
ရခိုင်ပြည်နယ် စစ်တွေမြို့တွင် မတ် ၂၀ ရက် မွန်းလွဲ ၁ နာရီကျော်က ရုတ်တရက်မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်ခဲ့သည်။ အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် စစ်တွေမြို့ပေါ်ရှိ လမ်းများတွင် သစ်ကိုင်းများ ကျိုးကျခဲ့မှုကြောင့် လမ်းပိတ်ဆို့မှုများဖြစ်ပွားခဲ့ပြီး မော်တော်ကားများနှင့် မော်တော်ဆိုင်ကယ်များ သွားလာရာတွင် အခက်အခဲများဖြစ်ပေါ်ခဲ့သည်။

စစ်တွေခရိုင် လုံခြုံရေးတပ်ခွဲမှ ဒုရဲအုပ် သက်မင်းထွန်းဦးစီးသော တပ်ဖွဲ့ဝင် ၃၂ ဦးက မေယုလမ်း ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ လမ်းပိတ်ဆို့မှုအားသွားရောက် ရှင်းလင်းဆောင်ရွက်ခဲ့ရာ မော်တော်ကား၊ မော်တော်ဆိုင်ကယ်များ ပုံမှန်ပြန်လည်သွားလာလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်ပြန်/ဆက်**



# လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာစွမ်းရည်မြှင့်(ဆင့်ပွား)သင်တန်းဖွင့်

**မြောင်းမြ မတ် ၂၁**
ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ လုပ်ငန်းခွင်အတွင်း ဆောင်ရွက်လုပ်ကိုင်ရာတွင် အဆင်ပြေ ချောမွေ့စေရေးနှင့် အခက်အခဲမရှိစေရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး၊ ငွေစာရင်းလုပ်ငန်းများ ဝန်ထမ်းတိုင်းနားလည် တတ်ကျွမ်းစေရေး ရည်ရွယ်၍ မြောင်းမြခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့် (ဆင့်ပွား) သင်တန်းကို မတ် ၂၀ ရက် နံနက် ၉ နာရီက မြောင်းမြခရိုင် ပြန်/ဆက်ဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဒေါ်မာလာဝင်းက သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းတွင် ရုံးစာရေးသားနည်း၊ စီမံခန့်ခွဲမှုဘာသာရပ်၊ ပြည်သူ့ဆက်ဆံရေး၊ ပြည်သူ့စာကြည့်တိုက်များ စီမံခန့်ခွဲရေး ဘာသာရပ်၊ ငွေစာရင်းထိန်းသိမ်းနည်းများနှင့် သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေများကို မတ် ၂၀ ရက်မှ ၂၅ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ပြီး ခရိုင်အတွင်းရှိ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မမြို့နယ်တို့မှ ဝန်ထမ်း ၁၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# နွေရာသီအားကစားသင်တန်းဆင်းပွဲကျင်းပ

**ထားဝယ် မတ် ၂၁**
မြန်မာနိုင်ငံ မျိုးဆက်သစ်လူငယ်များ အားကစားနှင့် ကာယပညာများ ဖွံ့ဖြိုးတိုးတက် ပေါ်ထွန်းလာစေရေးကို ရည်ရွယ်၍ တနင်္သာရီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော နွေရာသီအားကစားသင်တန်းဆင်းပွဲကို မတ် ၂၀ ရက် နံနက် ၈ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီး အားကစားခန်းမ၌ ကျင်းပခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ လူမှုရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဦးဟိုပင်က လူငယ်လူရွယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ပြီး အားကစား အသိစိတ်ဓာတ် ပိုမိုအသက်ဝင် ယုံကြည်လာခြင်းမှသည် တစ်မျိုးသားလုံး၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်၊ မိမိဝါသနာပါသော အားကစားနည်းများကို လေ့ကျင့်လိုက်စားခြင်းဖြင့် အမျိုးသားအားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ နွေရာသီသင်တန်းများမှ တစ်ဆင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်၊ လူငယ်၊ လူရွယ်များ နွေရာသီကျောင်းပိတ်ရက် အားလပ်ရက်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် အားကစားကို ငယ်စဉ်မှ စနစ်တကျ တတ်သိနားလည် လေ့ကျင့်လာစေရန်ရည်ရွယ်ပြီး အားကစားသင်တန်း ၁၂ မျိုးကို မတ် ၁ ရက်မှ မတ် ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီးက သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသား၊ သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် သင်တန်းဆင်း အားကစားအဖွဲ့လေးဖွဲ့မှ ဝူရှူး၊ ဂျူဒို၊ လက်ဝှေ့၊ အေရိုးဗစ်အဖွဲ့များက အားကစားသရုပ်ပြသခဲ့သည်။

အားကစားသင်တန်း ၁၂ မျိုးမှာ ဂျူဒို၊ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ ဘောလုံး၊ ဘော်လီဘော၊ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ တင်းနစ်၊ စားပွဲတင်တင်းနစ်၊ ဘတ်စကတ်ဘော၊ အေရိုးဗစ်၊ ဝူရှူးဖြစ်ကြောင်း သိရသည်။

အဆိုပါ နွေရာသီ အားကစားသင်တန်းဆင်းပွဲသို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးများနှင့် တိုင်းဒေသကြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ရပ်မိရပ်ဖများ၊ သင်တန်းသား/သူ စုစုပေါင်း ၃၀၀ တက်ရောက်ကြသည်။ **တိုင်းဒေသကြီးပြန်/ဆက်**



# ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လယ်ယာမြေလျော်ကြေးငွေများပေးအပ်

**စစ်တွေ မတ် ၂၁**
ရခိုင်ပြည်နယ် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် အမှတ် (၂၂) ပုဏ္ဏားကျွန်းစက်မှုဇုန်စီမံကိန်း လျာထားမြေနေရာများတွင် ပါဝင်သည့် လယ်ယာမြေများအတွက် တတိယကြိမ်မြောက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ မြေယာလျော်ကြေးငွေ ပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၉ ရက် မွန်းတည့် ၁၂ နာရီက ပုဏ္ဏားကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ပုဏ္ဏားကျွန်းမြို့နယ်အုပ်ချုပ်ရေးမှူးက လယ်မြေလျော်ကြေးပေးအပ်ခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။ တတိယအကြိမ်မြောက် လယ်ယာမြေလျော်ကြေးငွေကို တစ်ဧကလျှင် ကျပ် ၂၅ သိန်း၊ စားကျက်မြေတစ်ဧကလျှင် ကျပ် ၁၀ သိန်းကို လယ်ယာမြေဆုံးရှုံးနစ်နာသူ၂၇ ဦးအား ပေးအပ်ခဲ့ကြောင်းသိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းစာရင်းဇယားပုံစံများ ဖြည့်သွင်းထားရှိမှုဆွေးနွေး


**သန်လျင် မတ် ၂၁**
ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သန်လျင်မြို့နယ်အတွင်းရှိ ဘယက်ကျေးရွာနှင့် ထော်သွန်ကျေးရွာတို့၏ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းစာရင်းဇယားပုံစံများ ဖြည့်သွင်းထားရှိမှုနှင့်ပတ်သက်၍ ရန်ကုန်တောင်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများမှ မတ် ၁၇ ရက်က သက်ဆိုင်ရာ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**




# တစ်ပတ်အတွင်းထူးခြားအားကစားသတင်းများ

*'D;tm&Uoifu;ydbut;zpf;if;quvf;tEl;,bifvdyf;ifxef;mwwfvhtD;m[Dpfy&owft½kd
apmapmpDD;dyfvbfH;fvbef;D;Mdumw;zbf,fcq;fwfl;m'D;vdvfrnfvyfvbfwbq&D
aerm[mrufqD;Dd,fvfWbcprft qifvbfDfDvfnfvh,fvfif[urnÇaumifq;kifv,f
vlwpfD;zpft odrSyfcHm;&whefvD;m tjcm;c,fvfqDpm;orm;awvlm;taumifpm;bmvlpDv
pojzifvpfwft wifxJcm;tm;upm;owif;awuJvif;qufy;cel&mufc8myjyD*










## မီဒီယာတွေ၊ ပရိသတ်တွေရဲ့ အာရုံကိုလှုပ်ကိုင်နိုင်ခဲ့တဲ့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် မဲခွဲဆုံးဖြတ်မှု

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် မဲခွဲဆုံးဖြတ်မှုကို မတ်၁၇ရက်က ဆွစ်ဇာလန်နိုင်ငံ နိုင်ယွန်မြို့မှာ ကျင်းပခဲ့ရာ ချန်ပီယံလိဂ် အင်အားအကြီးဆုံးအသင်းတွေဖြစ်တဲ့ ဘိုင်ယန်မြူးနစ်နဲ့ ရီးယဲလ်မက်ဒရစ်၊ ဘာစီလိုနာနဲ့ ဂျူဗင်တပ်တို့ ထိပ်တိုက်တွေ့ဆုံမှုအပေါ် ပရိသတ်တွေစိတ်ဝင်စားမှု မြင့်တက်နေမှုကို တွေ့ရပါတယ်။ အားလုံးကတော့ လက်တွဲအလုပ်လုပ်ဖူးတဲ့ ရီးယဲလ်နည်းပြ ဇီဒန်းနဲ့ ဘိုင်ယန်နည်းပြ အန်စလော့တီကို ဘယ်လိုဗျူဟာ အခင်းအကျင်းနဲ့ ရင်ဆိုင်မလဲဆိုတာကို စိတ်ဝင်စားနေကြတာဖြစ်ပါတယ်။

ရီးယဲလ်ဟာ လက်ရှိ ချန်ပီယံဖြစ်ပေမယ့် အန်စလော့တီဆိုတာဟာလည်း ကစားသမားဘဝ၊ နည်းပြဘဝနှစ်ခုစလုံးမှာ ချန်ပီယံလိဂ်ဖလား ငါးကြိမ်အထိရယူပေးထားနိုင်သူဖြစ်တာကြောင့် ဇီဒန်းအနေနဲ့ အန်စလော့တီရဲ့ အသင်းကို အနိုင်ယူ ကျော်ဖြတ်ဖို့တော့ အတော်ခက်ခဲမှာဖြစ်ပါတယ်။ ဒီလိုပါပဲ အသင်းဟောင်း ဘာစီလိုနာကို ကွာတားမှာ ရင်မဆိုင်လိုဘူးလို့ ဆိုခဲ့တဲ့ ဂျူဗီနောက်ခံလူအဲဗက်စ်၊ ဂျူဗီနောက်ခံလူ ချီလီနီနဲ့ ဘာစီလိုနာတိုက်စစ်မှူး ဆွာရက်ဇ်တို့ တစ်ကျော့ပြန်ပြန်လည်ဆုံစည်းမှု၊ အာဂျင်တီးနားတိုက်စစ်မှူးတွေဖြစ်တဲ့ ဒိုင်ဘာလာ၊ ဟီဂူအင်နဲ့ မက်ဆီတို့ ပြိုင်ဘက်တွေအဖြစ် ပြန်လည်ရင်ဆိုင်ရမှုတွေဟာ လူမှုကွန်ရက်စာမျက်နှာတွေမှာ ပရိသတ်များရဲ့ မှတ်ချက်ပေးမှု အများဆုံးအကြောင်းအရာတွေအဖြစ် နေရာယူထားနိုင်တာပါ။ ဒါကြောင့် ဒီနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲဟာ အသင်းကြီးတွေ စောစောစီးစီး ထွက်ရဖို့ရှိနေပေမယ့် ပရိသတ်အာရုံကို ခပ်စောစော သိမ်းပိုက်နိုင်ခဲ့တယ်ဆိုတာတော့ ဘယ်သူမှ မငြင်းနိုင်တဲ့ အချက်ဖြစ်နေပါတယ်။

## ကန်တီ ဘာလို့ ကားသစ်မလဲတာလဲဆိုတဲ့ အကြောင်းတရားက

ချယ်လ်ဆီးအသင်းက နာမည်ကျော်ကစားသမားတွေအနေနဲ့ ကားအကောင်းစားကြီးတွေ အသီးသီးစီးနေကြချိန် ကွင်းလယ်လူ ကန်တီဟာ Coope မှ ကားလေးကို သာဘာလို့ ဆက်အသုံးပြုနေတာလဲဆိုတာဟာ ပရိသတ်တွေ သိချင်နေတဲ့ ကိစ္စရပ်တစ်ခုဖြစ်ပါလိမ့်မယ်။ ပြင်သစ်ကွင်းလယ်လူ ကန်တီဟာ လက်ရှိ ပုံစံအရ ကမ္ဘာ့အကောင်းဆုံးကွင်းလယ်လူတစ်ဦးဖြစ်နေပေမယ့် ပေါင်၂၀၀၀၀ လောက်သာတန်တဲ့ကားကို ဘာလို့ မြတ်မြတ်နိုးနိုး ဆက်ပြီးအသုံးပြုနေသလဲဆိုတာကို ကာယကံရှင်ကိုယ်တိုင်က ထုတ်ဖော်ပြောကြားလိုက်ပါပြီ။ သူဟာ ၂၀၁၅ ခုနှစ် နွေဈေးကွက်ကမှ ပြင်သစ်ကလပ်ကိန်းမှ လက်စတာအသင်းကို ရောက်ရှိလာပြီး လက်စတာအသင်းနဲ့ ပရီမီယာလိဂ် ဖလားဆွတ်ခူးနိုင်ခဲ့ပါတယ်။

ကန်တီဟာ လက်စတာမှာ တစ်ရာသီပဲနေပြီး ချယ်လ်ဆီးအသင်းကို ပေါင်၃၂သန်းနဲ့ ပြောင်းရွှေ့သွားခဲ့တာကြောင့် လက်စတာအသင်းပိုင်ရှင်က ပရီမီယာလိဂ်ဖလားဆွတ်ခူးလို့ ကစားသမားတွေအတွက် လက်ဆောင်အဖြစ်ပေးတဲ့ 19 BMW i8 ကားကို မရရှိခဲ့ပါဘူး။ ကန်တီကတော့ သူဟာ ငယ်ငယ်ကတည်းက ဘာကားစီးချင်တယ်ဆိုတဲ့ အိပ်မက်မျိုးမရှိခဲ့ဘူးသလို လက်စတာကို ပြောင်းရွှေ့လာမှသာ ဒီ Coope မှ ကားဟာ သူ့ဘဝအတွက် ပထမဆုံးပိုင်ဆိုင်ဖူးတာကြောင့် အခြားကစားသမားတွေ ကားအကောင်းစားလိုက်စီးတိုင်း ကားပြောင်းစီးမှာ မဟုတ်ဘူးလို့ ဆိုခဲ့တာဖြစ်ပါတယ်။ ကန်တီဟာ လက်ရှိ တစ်ပတ်လုပ်ခပေါင် ၁၁၀၀၀၀ ရရှိနေသူဖြစ်ပေမယ့် သူအရင်က စီးတဲ့ကားကို ပြောင်းစီးခြင်းမရှိသလို ဇိမ်ခံကားအကောင်းစားတွေ အများကြီး ပိုင်ဆိုင်တဲ့ ယခုခေတ်ကစားသမားတွေကြား အနည်းငယ် ထူးခြားနေတဲ့ ကစားသမားဖြစ်တာတော့ အမှန်ပါပဲ။

## နေမာဟာ မက်ဆီနဲ့ စီရိုနယ်လ်ဒို တို့လို အဆင့်တူကစားသမားပါ

ဘာစီလိုနာတိုက်စစ်မှူး နေမာဟာ မက်ဆီနဲ့ စီရိုနယ်လ်ဒို တို့လို ထိပ်တန်းအဆင့်ခြေစွမ်းတစ်ရပ်ကို ရောက်ရှိနေပြီလို့ ဘရာဇီးကစားသမားဟောင်း ရိုနယ်ဒင်ဟိုက ချီးကျူးစကားဆိုလိုက်ပါတယ်။ နေမာဟာ ဘာစီလိုနာကို ရောက်ရှိလာခဲ့ပြီး လာလီဂါဖလားနှစ်ကြိမ်၊ ချန်ပီယံလိဂ်ဖလားတစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့ပြီးဖြစ်သလို ပီအက်စ်ဂျီအသင်းကို ခြောက်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူနိုင်ခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာ ကိုယ်တိုင်သွင်းဂိုးနှစ်ဂိုးသွင်းယူပြီး ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်ပေးနိုင်ခဲ့တာပါ။ ဒါကြောင့် ဘာစီလိုနာရဲ့တိုက်စစ်ပိုင်းကို ဦးဆောင်သူကဏ္ဍဟာ ပြောင်းလဲသွားပြီး မက်ဆီနေရာ နေမာအစားထိုး ဝင်ရောက်ခဲ့ပြီလို့ သုံးသပ်မှုတွေလည်း တွေ့နေရပါတယ်။

ရိုနယ်လ်ဒင်ဟိုကတော့ နေမာဟာ ယခုနှစ် ဘောလုံးရာသီမှာ အကောင်းဆုံးခြေစွမ်းတစ်ရပ်ပြသနိုင်ခဲ့ပြီး စီရိုနယ်လ်ဒိုနဲ့ မက်ဆီတို့လို ထိပ်တန်းအဆင့်တစ်ရပ်ကို ရောက်ရှိသွားပြီလို့ ဆိုလိုက်ပါတယ်။ နေမာဟာ ဘလွန်းဒီအောဆုလို တစ်ဦးချင်းထူးချွန်ဆုတွေ မရရှိသေးပေမယ့် စီရိုနယ်လ်ဒိုက (၃၂)နှစ်၊ မက်ဆီက (၂၉) နှစ်ရှိနေပြီဖြစ်တာကြောင့် နောက်ပိုင်းနှစ်တွေမှာ မက်ဆီ၊ စီရိုနယ်လ်ဒိုတို့ တစ်လှည့်စီရယူနေတဲ့ ဘလွန်းဒီအောဆု၊ ဖီဖာ အကောင်းဆုံးကစားသမားဆုတွေကို နေမာကလက်လွှဲရယူနိုင်ဖို့တော့ အလားအလာကောင်းနေပြီဖြစ်ပါတယ်။

## ဗာဒီကိုလူလိမ်လို့ စွပ်စွဲလိုက်တဲ့ နာဆရီ

ဆီဗီလာအသင်း ကွင်းလယ်ကစားသမား နာဆရီက သူ့ကို အနီကတ်ပြသ ထုတ်ပယ်ခံရအောင် လက်စတာတိုက်စစ်မှူး ဂျေမီဗာဒီ ပိပိရိရိ လိမ်လည်ခဲ့တယ်လို့ စွပ်စွဲလိုက်ပါတယ်။ နာဆရီဟာ ပွဲကစားချိန် ၇၄ မိနစ်တွင် ဒုတိယအဝါကတ်ပြသ ထုတ်ပယ်ခံခဲ့ရပြီးနောက် မီဒီယာများက နာဆရီရဲ့ အင်္ဂလန်အပြန်ခရီးမလှမပဖြစ်ခဲ့ပြီလို့ ရေးသားနေကြတဲ့အတွက် နာဆရီက ဗာဒီသာ နိုင်ငံခြားသားကစားသမားချင်း လိမ်ညာသူတစ်ဦးဟု မီဒီယာများကင်ပွန်းတပ်ကြဦးမယ်လို့ တုံ့ပြန်လိုက်ပါတယ်။

နာဆရီက“ သူက ကျွန်တော့်ကို တွန်းလိုက်တော့ ကျွန်တော်က သူ့ကိုပြောလိုက်တယ် ခင်ဗျားဘာလုပ်တာလဲပေါ့။ သူက ကျွန်တော့်မျက်နှာနားကို တိုးကပ်လာပြီး ဒီလိုဖြစ်တာလေကွာလို့ ပြန်ပြောတယ်။ပြီးတော့ ကျွန်တော်တို့ မျက်နှာချင်းဆိုင်တဲ့ အနေအထားဖြစ်သွားပြီး သူက မြင်ခင်းပြင်ပေါ် ပစ်ကျသွားတယ်” ဟု နာဆရီက ဖြစ်စဉ်နှင့်ပတ်သက်ပြီး ပြန်ပြောင်းပြောကြားခဲ့တာဖြစ်ပါတယ်။

အင်္ဂလန်မီဒီယာတွေကတော့ ပြင်သစ်လူမျိုးအယ်လ်ဂျီးရီးယားနွယ်ဖွား နာဆရီမှာ ဇီဒန်းနှင့် မျိုးနွယ်တူ ဖြစ်သလို ဇီဒန်းရဲ့ အပြုအမူအတိုင်း ဗာဒီကို ခေါင်းနဲ့တိုက်ခဲ့တာလို့ ရေးသားဖော်ပြခဲ့ကြပါတယ်။

လက်ရှိ ရီးယဲလ်နည်းပြ ဇီဒန်းဟာ ၂၀၀၆ ကမ္ဘာ့ဖလားဗိုလ်လုပွဲ မှာ အီတလီနောက်ခံလူ မာတာရာဇီကို ခေါင်းဖြင့် ပြေးတိုက်ခဲ့ရာ ကမ္ဘာကျော် ခေါင်းတိုက်ချက်အဖြစ် လူသိများပါတယ်။

ဗာဒီ ဒိုင်ဗင်ပစ်ခဲ့သလားဟူသော မေးခွန်းအတွက်မူ နာဆရီက ကောင်းကောင်း လုပ်ဆောင်ပြခဲ့တာပေါ့လို့ ဖြေကြားခဲ့တာကြောင့် ဗီလိန်အစစ်က ဗာဒီလား၊ နာဆရီလားဆိုတာ အဖြေထုတ်ရခက်သွားပါပြီ။

## ဂွါဒီယိုလာရဲ့အသင်းကို ပြိုင်ဘက်အဖြစ် ရင်ဆိုင်ရတိုင်း ဖြစ်ပေါ်လာတတ်တဲ့ မိုဗစ်ရဲ့ ဂိုးဆာလောင်မှု

မန်ယူအသင်းတိုက်စစ်မှူး အီဗရာဟီမိုဗစ်က နည်းပြ ဂွါဒီယိုလာကိုင်တွယ်တဲ့ အသင်းကို ပြိုင်ဘက်အဖြစ်ရင်ဆိုင်ရတိုင်း သူ့အနေနဲ့ အစွမ်းပြချင်စိတ်တွေ ပိုမိုပြင်းထန်လာပြီး ဂိုးဆာလောင်မှု ပိုမို ဖြစ်ထွန်းလာတတ်တယ်လို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ အီဗရာဟီမိုဗစ်နဲ့ ဂွါဒီယိုလာတို့ဟာ ဘာစီလိုနာမှာ လက်တွဲခဲ့ဖူးပြီး သူတို့နှစ်ဦးကြား ဆက်ဆံရေး မပြေလည်တာကို မိုဗစ်က ဘယ်တော့မှ ကွယ်ဝှက်ခဲ့တာမျိုး မရှိတာကြောင့် လူအများသိပြီးသား ဆက်ဆံရေးလည်းဖြစ်ပါတယ်။

မိုဗစ်က “ကျွန်တော့်အနေနဲ့ သူ့အသင်းကို ပြိုင်ဘက်အဖြစ်ရင်ဆိုင်တိုင်း အနိုင်ယူချင်စိတ်တွေ ပိုမိုပြင်းထန်လာတတ်ပါတယ်။ ခန္ဓာကိုယ်ထဲက ဇီဝဖြစ်စဉ်တွေပြောင်းလဲသွားတယ်လို့ ခံစားရလောက်အောင် အနိုင်ရချင်စိတ်တွေ၊ ဂိုးဆာလောင်စိတ်တွေ ပိုမို ဖြစ်ထွန်းလာတတ်ပါတယ်။ ဒါဟာ ကျွန်တော့်ရဲ့ ပုဂ္ဂိုလ်ရေး ခံစားချက်မဟုတ်ဘဲ ပြိုင်ဘက်အသင်းကို ကိုင်တွယ်နေတာ နည်းပြကောင်းတစ်ဦးဆိုတဲ့ စိတ်နဲ့သာဖြစ်ပါတယ်” လို့ မိုဗစ်က အင်တာဗျူးတစ်ခုမှာ ထည့်သွင်းဖြေကြားခဲ့တာပါ။

မိုဗစ်က ဂွါဒီယိုလာဟာ ပွင့်လင်းမှုမရှိတဲ့ လူစား၊ ရိုသေလေးစားမှု ခံချင်လွန်းတဲ့ လူစားဆိုတဲ့ စွဲချက်တွေနဲ့ ပြစ်တင်ဝေဖန်ခဲ့ပေမယ့် ခုတော့ ဂွါဒီယိုလာကိုင်တွယ်တဲ့ အသင်းကို အနိုင်ယူချင်တာဟာ ပုဂ္ဂိုလ်ရေး ခံစားချက်မဟုတ်ဘူးလို့ ဆိုခဲ့ပြန်တာဖြစ်ပါတယ်။

**မေလဲ့သင်း**
**ရေးသားသည်။**



# အောင်မြင်မှုတွေရရှိခဲ့တဲ့ "Beauty and the Beast" ရုပ်ရှင်သစ်

ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးကို ဆန်းသစ်ဖန်တီးခဲ့တဲ့ လိုက်ဖ်အက်ရှင်ရုပ်ရှင်သစ် "Beauty and the Beast" ဟာ စတင်ရုံတင်ပြသခဲ့တဲ့ သီတင်းပတ်အတွင်း ကမ္ဘာတစ်ဝန်းမှဝင်ငွေအမေရိကန်ဒေါ်လာ ၃၅၇ ဒသမ ၁ သန်း ရရှိခဲ့တဲ့အတွက် ဝင်ငွေအရ အောင်မြင်ခဲ့တဲ့ ရုပ်ရှင်တစ်ကား ဖြစ်ခဲ့ပါတယ်။

လွန်ခဲ့တဲ့ ၁၉၉၁ ခုနှစ်က ရုံတင်ပြသခဲ့တဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင် "Beauty and the Beast" ကို ပြန်လည်ဆန်းသစ်ထားတဲ့ အဆိုပါရုပ်ရှင်ရဲ့ တစ်ပတ်အတွင်းရရှိခဲ့တဲ့ ဝင်ငွေတွေအနက် အမေရိကန်ဒေါ်လာ ၁၇၀ သန်းကိုတော့ မြောက်အမေရိကားမှာ ရုံတင်ခဲ့ရာမှ ရရှိခဲ့တာဖြစ်ကြောင်း စီအန်အန်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Beauty and the Beast" ဟာ မျှော်မှန်းထားတဲ့ဝင်ငွေထက် ကျော်လွန်ရရှိခဲ့တာဖြစ်ပြီး မတ်လအတွင်း စတင်ပြသခဲ့တဲ့ တစ်ပတ်အတွင်း ဝင်ငွေအကောင်းဆုံးရရှိခဲ့တဲ့ ရုပ်ရှင်အဖြစ်လည်း စံချိန်တင်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ယခုနှစ်အတွင်း ရုံတင်ပြသခဲ့သမျှသော ရုပ်ရှင်တွေအနက် တစ်ပတ်အတွင်း ဝင်ငွေအများဆုံး ရရှိခဲ့တဲ့ရုပ်ရှင်လည်း ဖြစ်လာခဲ့တယ်လို့ သိရပါတယ်။

ဒါ့အပြင် ဗြိတိန်မင်းသမီးချော အမ်မာဝပ်ဆန်က အဓိကဇာတ်ဆောင်တစ်ဦးဖြစ်သူ ဘယ်လီအဖြစ် ခေါင်းဆောင်ပါဝင်ထားတဲ့ ယင်းရုပ်ရှင်ဟာ ဒစ်စနေရဲ့ အထူးအောင်မြင်ခဲ့တဲ့ လိုက်ဖ်အက်ရှင်ရုပ်ရှင်တွေအနက် တစ်ကားအပါအဝင်ဖြစ်လာခဲ့ပါတယ်။ ယခင်က ဒစ်စနေရဲ့အောင်မြင်ခဲ့တဲ့ လိုက်ဖ်အက်ရှင်ရုပ်ရှင်တွေကတော့ ၂၀၁၀ ခုနှစ်မှာ ထုတ်လွှင့်ခဲ့တဲ့ "Alice in Wonderland"၊ ၂၀၁၄ ခုနှစ်မှာ ထုတ်လွှင့်ခဲ့တဲ့ "Maleficent"၊ ၂၀၁၅ ခုနှစ်မှာ ထုတ်လွှင့်ခဲ့တဲ့ "Cinderella" နဲ့ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့တဲ့ "The Jungle Book" တို့ပဲ ဖြစ်ကြပါတယ်။

စတင်ရိုက်ကူးခဲ့စဉ်က ရိုက်ကူးရေးစရိတ် အမေရိကန်ဒေါ်လာ ၁၆၀ သန်းသာကုန်ကျခဲ့တဲ့ ယင်းရုပ်ရှင်အတွက် အဖွင့်သီတင်းပတ်မှာ ရရှိခဲ့တဲ့ဝင်ငွေဟာ ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးအတွက်တကယ်ကို သတင်းကောင်းဖြစ်ခဲ့ပါတယ်။ "Beauty and the Beast" မှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ မင်းသမီး အမ်မာဝပ်ဆန်က သူ့ရဲ့အနုပညာကြေးဟာ အမေရိကန်ဒေါ်လာ သုံးသန်းဖြစ်တယ်လို့လည်း မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့ကြောင်းလည်း သိရပါတယ်။

လတ်လောမှာ ဒစ်စနေက အခြားသောရုပ်ရှင်တွေဖြစ်ကြတဲ့ "Dumbo"၊ "The Lion King"၊ "Aladdin"၊ "Mulan" နဲ့ "Pinocchio" တို့ကိုလည်း လိုက်ဖ်အက်ရှင်ရုပ်ရှင်အဖြစ် ပြန်လည်ဆန်းသစ်လျက်ရှိကြောင်းလည်း သိရပါတယ်။

■

# တရားဝင်လက်တွဲလိုက်ပြီဖြစ်တဲ့ ယူဟွန်ကွန်းနဲ့ ပေါ့ခ်ဆန်ဟွန်း

တောင်ကိုရီးယား သရုပ်ဆောင်တွေဖြစ်ကြတဲ့ မင်သမီး ယူဟွန်ကွန်းနဲ့ မင်းသား ပေါ့ခ်ဆန်ဟွန်းတို့ဟာ နှစ်ဦးသား ချစ်သူတွေဖြစ်နေကြကြောင်း ကောလာဟလတွေ ပေါ်ထွက်လာခဲ့ပြီးနောက် လတ်တလောမှာတော့ သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလိုက်ပြီဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။


လတ်တလောမှာ အသက် (၃၄)နှစ်ရှိပြီဖြစ်တဲ့ မင်းသမီးနဲ့ (၃၂) နှစ်အရွယ် ဂျူနီယာတစ်ဦးဖြစ်သူ ပေါ့ခ်ဆန်ဟွန်းတို့ ချစ်သူတွေဖြစ်နေကြောင်း မင်းသမီးရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ပရိန်းတီပီစီက ပြီးခဲ့တဲ့ မတ် ၂၁ ရက်မှာ အတည်ပြုပြောကြားပေးခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

အဆိုပါအေဂျင်စီက "ကျွန်တော်တို့ ယူဟွန်ကွန်းနဲ့ ဆက်သွယ်ပြီးတဲ့နောက် ယခုလိုအတည်ပြုပြောကြားခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ Almost Maine မှာ အတူပါဝင်သရုပ်ဆောင်ခဲ့ရင်း စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပါတယ်။ အဲဒီနောက် သူငယ်ချင်းတွေအဖြစ် ဆက်လက်ရှိခဲ့ပြီး နောက်ပိုင်းမှာ ချစ်သူတွေဖြစ်ခဲ့ကြတာဖြစ်ပါတယ်"လို့ ဖွင့်ဟခဲ့ပါတယ်။

ပေ့ါခ်ဆန်ဟွန်းရဲ့ အေဂျင်စီဖြစ်တဲ့ ဘီအိတ်ရှ်အန်တာတိန်းမန့်ကလည်း "ပေါ့ခ်ဆန်ဟွန်းနဲ့ ဆက်သွယ်မေးမြန်းပြီးတဲ့နောက် ကျွန်တော်တို့အနေနဲ့ ကောလာဟလတွေမှန်ကန်ကြောင်း အတည်ပြုနိုင်ပါပြီ။ ပရိသတ်တွေကလည်း ကျေးဇူးပြုပြီး ကြယ်ပွင့်နှစ်ဦးရဲ့ ဆက်ဆံရေးကို စောင့်ကြည့်ရင်း သူတို့နှစ်ဦးကို အားပေးချစ်ခင်ပေးကြပါ"လို့ ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

■

# "CNBLUE" ရဲ့ တေးဗီဒီယိုသစ် စတင်ထုတ်လွှင့်




တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသား တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "CNBLUE" ဟာ မကြာသေးမီက အဖွဲ့ရဲ့ တေးဗီဒီယိုသစ်တစ်ခုကို စတင်ထုတ်လွှင့်ခဲ့ကာ တေးဂီတလှုပ်ရှားမှုသစ်နဲ့အတူ ပရိသတ်ရှေ့အရောက် ပြန်လာခဲ့ပြီဖြစ်ကြောင်း အမ်ဝေ့ဗ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မတ် ၂၀ ရက်မှာ CNBLUE ရဲ့ သတ္တမမြောက် မီနီတေးအယ်လ်ဘမ်နဲ့အတူ တေးအယ်လ်ဘမ်မှာ ပါဝင်တဲ့ ခေါင်းစီးတေး "Between Us" အတွက် တေးဗီဒီယိုသစ်ကို ယူကျူ့ပ်ပေါ်က တေးဂီတအဖွဲ့ရဲ့တရားဝင် ဝက်ဘ်ဆိုက်ဒ်နဲ့ အခြားသောတေးဂီတ ဝက်ဘ်ဆိုက်ဒ်တွေကနေတစ်ဆင့် စတင်ထုတ်လွှင့်ခဲ့ကြောင်း သိရပါတယ်။

"Between Us" တေးဗီဒီယိုအရ မြင်ကွင်းအတော်များများကို အဖြူအမည်းနဲ့ ရိုက်ကူးထားတာဖြစ်ပြီး အရောင်နဲ့ရိုက်ကူးထားတဲ့ မြင်ကွင်းတွေကနေ အဖြူအမည်းဘက်ကို တစ်လှည့်စီကူးပြောင်းသွားတဲ့ ပုံစံနဲ့ ရိုက်ကူးထားတာကို တွေ့ရပါတယ်။ ဒါ့အပြင် အဖွဲ့ဝင်တွေရဲ့ တီးဝိုင်းတီးခတ်ဖျော်ဖြေနေမှုနဲ့ ဖုန်းနဲ့စကားပြောရင်းလမ်းလျှောက်လာပုံတွေနဲ့ အဆိုပါတေးဗီဒီယိုကို အသက်သွင်း ခြယ်မှုန်းထားတာကို တွေ့ရပါတယ်။

"Between Us" ဟာ ရော့ခ်တေးသီချင်းအမျိုးအစားဖြစ်ပြီး အဖွဲ့ရဲ့ခေါင်းဆောင်ဖြစ်တဲ့ ဂျန်ယန်ဟွာ ကိုယ်တိုင်ရေးသားစပ်ဆိုထားတဲ့ ထူးခြားတဲ့ တေးသီချင်းတစ်ပုဒ်လည်း ဖြစ်ပါတယ်။ တေးသီချင်းစာသားတွေအရ မိန်းကလေးတစ်ဦးနဲ့ ယောကျ်ားလေးတစ်ဦးအကြားက ရှုပ်ထွေးလှတဲ့ ချစ်သူရည်းစားဆက်ဆံရေးတစ်ခုအကြောင်းကို ရေးဖွဲ့ထားတာဖြစ်ကြောင်းလည်း သိရပါတယ်။

တေးဂီတအဖွဲ့တည်ထောင်ခဲ့တဲ့ သက်တမ်းဟာ ခုနစ်နှစ်ပြည့်တော့မှာဖြစ်တဲ့အတွက် ဂီတသက်တမ်း ခုနစ်နှစ်ပြည့်အထိမ်းအမှတ်အကြိုအဖြစ် CNBLUE က ခုနစ်ခုမြောက် တေးအယ်လ်ဘမ်ကို ထုတ်လွှင့်ခဲ့တာဖြစ်ပြီး ဂီတလှုပ်ရှားမှုတွေကနေ ၁၁ လခန့် အနားယူထားခဲ့တဲ့ CNBLUE ရဲ့ လတ်တလောထုတ်လွှင့်ခဲ့တဲ့ မီနီတေးအယ်လ်ဘမ်ကိုတော့ "7° CN" လို့ အမည်ပေးထားပါတယ်။ အဆိုပါ တေးအယ်လ်ဘမ်အတွက် ပထမဆုံးသောဖျော်ဖြေမှုကိုတော့ လာမယ့် မတ် ၂၃ ရက်မှာ တောင်ကိုရီးယားရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ "M COUNTDOWN" ကနေတစ်ဆင့် ဖျော်ဖြေပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။



# မိခင်ဘဝအတွက် အဆင်သင့်ဖြစ်နေပြီလို့ဆိုလာတဲ့ ကင်တေဟီး

ယခုနှစ် နှစ်စပိုင်းမှာ လက်ထပ်လိုက်ပြီဖြစ်တဲ့ တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်သူ ကင်တေဟီးက လတ်တလောမှာသူဟာ မိခင်တစ်ဦးရဲ့ဘဝကို ခံယူဖို့အတွက် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း မကြာသေးမီကပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ ဖြေကြားခဲ့တယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ကင်တေဟီးဟာ သူနဲ့အချိန်အတော်ကြာလက်တွဲလာခဲ့တဲ့ ချစ်သူ သရုပ်ဆောင်နဲ့ တေးသံရှင်တစ်ဦးဖြစ်တဲ့ ရိန်းနဲ့ မင်္ဂလာပွဲကို မီဒီယာတွေနဲ့ ပရိသတ်တွေကို အသိမပေးဘဲ တိတ်တဆိတ်ကျင်းပခဲ့တာဖြစ်ပါတယ်။ မင်္ဂလာပွဲကို ကြိုတင်ကြေညာခဲ့ခြင်းမရှိဘဲ ကျင်းပခဲ့တဲ့အပြင် အခြားသောနာမည်ကျော်တွေကဲ့သို့ ကြီးကြီးကျယ်ကျယ်ကျင်းပခဲ့ခြင်းမရှိဘဲ သာမန်မောင်နှံတွေလို ရိုးရှင်းစွာကျင်းပခဲ့တာကြောင့်လည်း မီဒီယာတွေရဲ့ ချီးကျူးဖော်ပြခြင်းကို ခံခဲ့ရပါတယ်။ ဒီလိုအစကောင်းခဲ့တဲ့ မောင်နှံနှစ်ဦးရဲ့ လက်ရှိနေထိုင်မှုပုံစံတွေနဲ့ ရင်သွေးလေးအတွက် မျှော်လင့်ချက်တွေနဲ့ပတ်သက်ပြီး အင်တာဗျူးမှာ ကင်တေဟီးက ထည့်သွင်းဖြေကြားခဲ့ကြောင်းလည်း သိရပါတယ်။

အင်တာဗျူးမှာ ကင်တေဟီးက ရိန်းနဲ့ သူဟာ လက်ထပ်ပြီးတဲ့နောက်ပိုင်းမှာ ရိန်းရဲ့ မိသားစုတွေနဲ့အတူနေထိုင်ပြီး သာမန်မိသားစုပုံစံမျိုးနဲ့သာ ဘဝကိုဖြတ်သန်းနေတယ်လို့လည်း ဆိုခဲ့ပါတယ်။ ရိန်းရဲ့မိသားစုမှာ ဖခင်ဖြစ်သူနဲ့ နောက်အိမ်ထောင်ဖြစ်တဲ့ ရိန်းရဲ့မိထွေးဖြစ်သူနဲ့ ညီမတစ်ယောက်လည်း ရှိနေတာဖြစ်ပါတယ်။ လတ်တလောမှာတော့ သူတို့ဇနီးမောင်နှံနှစ်ဦးဟာ ကိုယ်ပိုင်အိမ်ကိုလည်း ရှာဖွေနေကြောင်းလည်း ဖွင့်ဟလာခဲ့ပါတယ်။ ဆက်လက်ပြီး ကင်တေဟီးက ရိန်းရဲ့မိသားစုဝင်တွေနဲ့ ယခုလိုအတူနေထိုင်ရတာကို သူ့အနေနဲ့ နှစ်သက်ကြောင်း၊ မိသားစုဝင်တွေဟာ သူ့ကိုချစ်ခင်တဲ့အတွက် နွေးနွေးထွေးထွေးရှိကြောင်းနဲ့ သူကိုယ်တိုင် မိသားစုဝင်တွေအတွက် ချက်ပြုတ်ပြင်ဆင်ပေးရတာကို နှစ်သက်ကြောင်းလည်း ကင်တေဟီးက ဆိုပါတယ်။

ကင်တေဟီးဟာ လတ်တလောမှာ ရင်သွေးလေးလွယ်ထားရပြီဖြစ်ကြောင်း ကောလာဟလတွေပေါ်ထွက်နေတဲ့ပေါ် အင်တာဗျူးမှာ သူက ဝမ်းနည်းစကားဆိုခဲ့ပါတယ်။ သူ့မှာ အများကထင်ကြေးပေးနေကြသလို ရင်သွေးမရရှိသေးပေမယ့် မိခင်ဘဝကိုခံယူဖို့အတွက် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်းနဲ့ တတ်နိုင်သမျှ မြန်မြန်ရင်သွေးလေးကို လိုချင်နေတယ်လို့လည်း ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။

ရိန်းနဲ့ ကင်တေဟီးတို့ဟာ လက်ထပ်ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် မဂ္ဂဇင်းမျက်နှာဖုံးဓာတ်ပုံကို အီတလီနိုင်ငံမှာ ပြီးခဲ့တဲ့လအတွင်းက သွားရောက်ရိုက်ကူးခဲ့ကြပြီး လက်ထပ်ပြီးနောက် ဘာလီကျွန်းသို့လည်း ငါးရက်ကြာ ဟန်းနီးမွန်းခရီးထွက်ခဲ့ကြပါတယ်။ မကြာသေးမီက သူတို့နှစ်ဦးကို အိမ်ထောင်ပရိဘောဂတွေဝယ်ယူနေတာကို တွေ့ခဲ့ရတဲ့အတွက် မကြာမီအိမ်ခွဲနေတော့မှာဖြစ်တယ်လို့လည်း အဆိုပါမီဒီယာက ဝေဖန်ရေးသားခဲ့ပါတယ်။

အေးပြည့် – စုစည်းသည်

# ဝင်းဦးနှင့်မန်းသင်္ကြန်

ဆုံးငှက်



မြန်မာလူမျိုးတို့၏ ရိုးရာပွဲလမ်းများတွင် 'သင်္ကြန်' ပွဲတော်သည် ယဉ်ကျေးမှု၏ အထင်ကရအဓိက အမှတ်အသားစရိုက်လက္ခဏာကြီး ဖြစ်သည်။ တစ်လျှောက်လုံး 'မြန်မာ့ရိုးရာယဉ်ကျေးမှုအတာသင်္ကြန်' ဟု လေးနက်စွာ တခုတ်တရပြောဆိုသုံးနှုန်းထုတ်ပြန်ခဲ့သည်။ အထူးသဖြင့် မန္တလေးကဲ့သို့သော ကျန်ကောင်းကျန်ရာ မြန်မာ့ဓလေ့စရိုက်လက္ခဏာ အစုအဝေးတည်ရှိရာ မြို့ကြီး၏ သင်္ကြန်ပွဲတော်များတွင် ထိုအပြော အဆို၊ ထိုအသုံးအနှုန်း၊ ထိုအမူအကျင့်တို့ကို တစိုက်မတ်မတ်တစ်လျှောက်လုံး ထိန်းသိမ်းခဲ့သည်။ လက်ဆင့်ကမ်းခဲ့သည်

**မန္တလေးသင်္ကြန်**

မြို့လူထုသာမက(အထူးသဖြင့်) တာဝန်ရှိသူများကလည်း (တာဝန်ရှိသည့်ပမာ) အထူးအလေးအနက်ထားခဲ့ကြသည်။ ထို့ကြောင့်လည်း တစ်လျှောက်လုံး 'မြန်မာ့ရိုးရာယဉ်ကျေးမှု မန္တလေးမဟာသင်္ကြန်' ဟု သုံးနှုန်းခဲ့ကြသည်။ သုံးနှုန်းသလိုလည်းလိုက်နာခဲ့ကြသည်။ ထို့ကြောင့်လည်း သင်္ကြန်ရောက် သည်နှင့် မြန်မာဆန်ဆန်ယဉ်ကျေး စွာ ရေပက်ကစားခြင်း၊ ဂီတ၊ အက၊ အလှတို့ကို တစ်ဝကြီးခံစားလိုကြခြင်းဖြင့် 'မြန်မာသင်္ကြန်'၏ အမှတ်အသားတစ်ခုပမာ မန္တလေးသင်္ကြန်ကို ပြည်တွင်းသာမက ပြည်ပမှပါ အာရုံစိုက်ခဲ့ကြခြင်းဖြစ်သည်။

အဆိုတော်ရုပ်ရှင်မင်းသား ဝင်းဦးသည် ၁၉၆၈ ခုနှစ်မှစ၍ ၁၉၇၈ ခုနှစ်အထိ ဆယ်နှစ်ကျော်ဆယ့်တစ်နှစ်ကာလမျှ မန္တလေးသင်္ကြန်တွင်ပါဝင်ဆင်နွှဲခဲ့သည်။ ဝင်းဦးသည် ထိုစဉ်က နံပါတ်(၁)မင်းသားဟု ပြောရလောက်အောင်လျှမ်းလျှမ်းတောက်နေသော ကာလလည်းဖြစ်ကာ မိန်းကလေးပရိသတ်အများဆုံးရရှိထားသည်။ ဝင်းဦးသည် ရုပ်ရှင်မင်းသား သာမက စာရေးဆရာလည်းဖြစ်ကာ အထူးသဖြင့် နာမည်ကျော် အဆိုတော်တစ်ဦးလည်းဖြစ်သည်။

**ဝင်းဦးဖျော်ဖြေ**

မန္တလေးသင်္ကြန်သို့ ရုပ်ရှင်မင်းသားအဆိုတော်ဝင်းဦး ဆယ်နှစ်ကျော်ကြာလာရောက်ခြင်းမှာ သိန်းဘယ်နှစ်ဆယ်နှင့်ငှားရမ်း၍ သို့မဟုတ်ဘယ်သူဘယ်ဝါက စပွန်ဆာပေး၍ လာရောက်ခြင်းမဟုတ်။ ကိုယ်ကိုယ်နှိုက်က အနုပညာအပေါ်နှစ်ယူခံစားလေးစားမြတ်နိုးလွန်း၍ 'အနုပညာ' များ အတောက်စား၊ အမြူးတူးဆုံး မန္တလေးသင်္ကြန်တွင် ကိုယ့်စရိတ်နှင့်ကိုယ် လာရောက်ကာ ဆင်နွှဲခြင်းဖြစ်သည်။ သည်နေရာတွင် အကြောင်းတိုက်ဆိုင်၍ပြောရလျှင် ရုပ်ရှင်မင်းသား ဝင်းဦးက မန္တလေးသင်္ကြန်တွင် ကိုယ့်စရိတ်နှင့်ကိုယ်လာရောက်ကာ ဖျော်ဖြေ ခြင်းဖြစ်သည်ဟု သုံးနှုန်းသော် ရုတ်တရက်ဆိုလျှင်လျော်ကန်သည်ဟု မှတ်ယူနိုင်၏။ သို့သော် မဟုတ်။

တကယ်တော့ ရုပ်ရှင်မင်းသားဝင်းဦးက လာရောက်ဖျော်ဖြေခြင်းမဟုတ်။ မန္တလေးသူ၊ မန္တလေးသားတိုင်းတစ်ယောက်ချင်းစီ အသီးသီး အသကအသက မိမိတို့တတ်ကျွမ်းသော ပန်းချီ၊ ပန်းပု၊ အက၊ အဆို၊ အတီး၊ အနုသုခုမပညာကိုယ်စီဖြင့် မိမိဆန္ဒအလျောက်အမှီခိုကင်းစွာဖြင့် သင်္ကြန်တွင်ဆင်နွှဲကြသည့် နည်းတူ ရုပ်ရှင်မင်းသားဝင်းဦးကလည်း အများသူငါလိုဆင်နွှဲခြင်းဖြစ်သည်။ လာရောက်ဖျော်ဖြေခြင်းမဟုတ်။

ထို့ကြောင့် ရုပ်ရှင်မင်းသားဝင်းဦး သီဆိုသလို မန္တလေးသူလေးတွေ ကပြသည်။ မန္တလေးသားများ အလှပြယာဉ်အသင်းအဖွဲ့တွေကလည်း ပြန်လည်သီဆိုတီးမှုတ်ကြသည်။ ရုပ်ရှင်မင်းသားဝင်းဦးအပါအဝင် သူတို့သူတို့ သီဆိုတီးမှုတ်ကပြကြသည့် သီချင်း၊ တီးလုံး၊ တီးကွက်တိုင်းကလည်း မန္တလေးသားတွေအားလုံး၏ အနုပညာပစ္စည်းချည်းပဲလေ။

**တန်းတူရည်တူ**

သင်္ကြန်သည်မည်သူတစ်ဦးတစ်ယောက်ကမျှ အပေါ်စီးဖြင့် သိမ်းပိုက်ကာ ခံစားခြင်းမဟုတ်။ အသားယူခြင်းမဟုတ်။ ဇိမ်ခံခြင်းမဟုတ်။ အဖျော်ဖြေခံခြင်းလည်းမဟုတ်။ ထို့အတူ ဖျော်ဖြေခြင်းလည်းမဟုတ်။ ဝင်ခွင့်လက်မှတ်မရှိ။ VIP Rool မရှိ။ အသင်းဝင်ကတ်မရှိ။ အခြွေအရံမရှိ၊ ဆိုဖာခုံမရှိ၊ အအေးဘူး သစ်သီးလင်ပန်းမရှိ၊ သံဆူးကြိုးမရှိ၊ ကော်ဇောနီမရှိ။ အားလုံးတန်းတူရည်တူ အနုပညာတောက်စားမှု။ ပျော်ရွှင်မှု။

သို့သော် . . .

ရာချီသော ဧည့်ခံအလှပြမဏ္ဍပ်တွေ မြို့လုံးပတ်လည်ရှိသောကြောင့် မြို့လယ်လမ်းမကြီး တွေပေါ်မှာမဏ္ဍပ်များဆီ ကူးသန်းကြသည့် အလှပြယာဉ်ကြီးများ၊ သင်္ကြန်ပျော်ဂျစ်ကားများက ပျားပန်းခတ်မျှ ဥဒဟိုသွားလာနေကြသည်။လမ်းမကြီးတွေပေါ် သာမက လမ်းသွယ်၊ လမ်းကြားများထိ လျှပ်စစ်မီးတထိန်ထိန်၊ မီးစက် သံတညံညံနှင့် အလှပြယာဉ်ကြီးများ ဖြတ်သန်းသွားကြသလို ဘောနက်ဖုံးကို စည်းချက်ကျကျ ထုရိုက်သံနှင့် ဂျစ်ကားများကလည်း ဆူညံစွာအော်ဟစ်ရင်း အပြေးအလွှားမောင်းနှင သွားကြသည်။

**အကြားမလပ်မရှိ**

အထူးသဖြင့် ချစ်ပန်းနွယ်၊ ဈေးချိုသူ၊ ဗဟိုမဏ္ဍပ်၊ နဂါးမယ်၊ အောင်မြေသူဇာစသည် မဏ္ဍပ်ကြီးများတစ်ဆက်တည်းရှိနေသော မြို့လယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးနှင့် ဈေးချိုသူ၊ မီးရထား၊ ဆောက်လုပ်ရေး၊ ငုရွှေဝါ မဏ္ဍပ်များသို့ ဆက်စပ်သွားလာနိုင်သည့် အာဇာနည်လမ်း၊ ၇၈ လမ်းနှင့် လမ်း ၃၀ မှာလည်း အလှပြယာဉ်တွေ၊ ဂျစ်ကားတွေ အကြားမလပ်မရှိ တေးသံမြိုင်မြိုင်နှင့် ဆက်စပ်သွားလာလျက်ရှိ၏။

ညဉ့်ဦးယံ ခုနစ်နာရီကျော်သည်နှင့် ဟိုအနောက်ဘက် နာရီစင်ဆီမှ အာဇာနည်လမ်းအတိုင်း အမိုးပွင့်ဂျစ်ကားနှင့် လင့်ရိုဗာကားအစီး ၂၀ ခန့်က ကားဦး၌ ငွေငန်းရုပ်များကိုဆင်ယင်ထားပြီး မြို့မငွေငန်းအလှပြယာဉ်ကြီးကို ဦးဆောင်ကာအရှေ့သို့ တက်လာသည်။ မီးလုံးရောင်စုံများ၊ အလှဆင်မီးဆိုင်းများ ဆင်ယင်ထားသော ငွေငန်းယာဉ်ကြီးပေါ်မှာ ရုပ်ရှင်မင်းသားဝင်းဦးက မိုက်ကရိုဖုန်းတိုင်ကို ကိုင်ရင်း သီချင်းတစ်ပုဒ်ကို သီဆိုလာသည်။ သီချင်းနှင့်အတူ ဥရောပ ဗုံချက်အသွားဖြင့်တေးသံစုံကိုလည်း ညက်ညက်ညောညော တီးမှုတ်လာလို့ အလှပြယာဉ်ကြီးမှာ စည်းချက်နှင့်အတူ တငြိမ့်ငြိမ့်ဖြင့် ရွေ့လျားမောင်းနှင်လာ၏။

**ခါသင်္ကြန်တေးသံ ယဉ်ယဉ်**
**ငြိမ့်ညောင်းစွာ နားမှာချိုရွှင်**
**ဗေလုဝ ညင်းသွဲ့သွဲ့မို့ပင် ...**
**နှစ်ဦးငွေငန်းမောင်ပျော်ရွှင်**
**တင့်ထူးစွာ အမြဲသာဆင်ယင်**
**စိတ်ရောကိုယ်**
**ချမ်းမြေ့ကြည်ကြည်လင် ...**

မြို့မအလှပြယာဉ်ကြီး၏ ဘေးတစ်ဖက်တစ်ချက်စီမှာ ကားတန်းကြီးနှစ်တန်းက လမ်းလုံးပြည့်ယှဉ်၍ လိုက်လာကြသည်။ ကားပေါ်ပါလာသူ ရွှေမန်းသူပျိုပျိုရွှယ်ရွှယ်အားလုံးကလည်း ကားအမိုးကိုင်းကို ကျောမှီပြီး အကဲပိုလှစွာဖြင့် အလှပြယာဉ်ကြီးပေါ်က မင်းသားဆီ မျက်နှာမူကြသည်။ အလှပြယာဉ်ကြီး၏ဘေးမှာ၊ နောက်မှာ အမိုးဖွင့်ထားသော ကားအမျိုးအစားပေါင်းစုံက အစီး လေးဆယ်၊ ငါးဆယ် အနည်းဆုံးရှိမှာပေါ့။

ထိုယာဉ်တန်းကြီးက အာဇာနည်လမ်းအတိုင်း မစိုးရိမ်မီးပွိုင့်ကို ကျော်သည်။ ၇၈ လမ်း ဓာတ်ဆီဆိုင်ရောက်တော့ တောင်ချိုးသည်။ မီးရထားမဏ္ဍပ်မှာ ခေတ္တခဏဖျော်ဖြေသည်။ ထို့နောက် လမ်း ၃၀ အတိုင်း အရှေ့တက်ပြီး ဗထူးကွင်းတောင်ဘက်က ဆောက်လုပ်ရေးမဏ္ဍပ်မှာလည်း အပြန်အလှန်သီဆိုကြသည်။ ထို့နောက် အရှေ့သို့ဆက်တက်ကာ မန္တလေးတွင်အကနာမည်ကျော်သော ငုရွှေဝါအမျိုးသမီးအလှပြမဏ္ဍပ်သို့ ဝင်တော့ ညသန်းခေါင်တိုင်လုပြီ။ မန္တလေးသင်္ကြန်ပျော်ပရိသတ်ကလည်း မြို့မငွေငန်းအလှပြယာဉ်ကြီးနှင့် နာမည်ကျော်ရုပ်ရှင်မင်းသားဝင်းဦး။ ထို့ပြင် အစီး ၅၀ ကျော်နီးပါးကားများဖြင့် ကြိတ်ကြိတ်ခဲအားပေးကြသည့် ရွှေမန်းသူသည်းသည်းလှုပ်များကို နာမည်ကျော် 'ငုရွှေဝါ' မဏ္ဍပ်မှာ မည်သို့မည်ပုံဆုံကြမလဲ ဆိုတာ အလွန်စိတ်ဝင်စားကြ၏။ ထို့ကြောင့်လည်း ငုရွှေဝါ မဏ္ဍပ်သို့ မြို့မရောက်ရှိမည့်နေ့၊ အချိန်ကို စောင့်စားနေကြခြင်းဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် . . .

**လမ်းသူ့ရဲ့ယောင်**
**အမောက်ထောင်**
**မျောက်ကောင် အသုံးအဆောင်**
**သူ့ခမျာ ပြူးကြောင်ကြောင်...တော့။**
**ဘိုးဘွားအစဉ်အဆက်**
**မြန်မာမှုမဟုတ်ပြန်**
**နားမှာလည်း ဆံပင်အုပ်**
**ယောကျ်ားမပီလေပြန်၊**
**ဘောင်းဘီကျပ်မောင်တို့**
**ဆင်ယင်မှုမပီသလေ ...တော့**
**သူ့အဖေက ဒက်ဒီ**
**သူ့အမေက မာမီ**
**စကားမပီရှာသလေ**
**ပျို့မောင်ကြီးရေ ...တော့**
**ခေါင်းမှာလည်း**
**ကောက်ရိုးတွေပုံ ...'**

မြန်မာဆန်ဆန် ဆံတောက်များ ဖားလျားချကာ ပိတောက်တွေဝေနေအောင်ပန်ပြီး သနပ်ခါးပါးကွက်ကျားများဖြင့် မြန်မာဆန်ဆန် ချောမောလှသော 'ငုရွှေဝါ' နှမငယ်တို့က သီဆိုကပြဖျော်ဖြေသည်။

ကြိတ်ကြိတ်ခဲမျှအားပေးနေသော ပရိသတ်ကြီးက သီချင်းတစ်ပုဒ်ပြီးတိုင်းပြီးတိုင်း အားပါးတရလက်ခုပ်တီးအားပေးကြသည်။ စာသားသာမက သံစဉ်ပါ ထူးခြားလှသော သီချင်းတွင် 'ငုရွှေဝါ' တို့က လှပညီညာစွာ ကပြအသုံးခံသည်။ ထို့နောက် မောင်ကြီးမြို့မတို့က နှုတ်ဆက်သီချင်းသီဆိုပြီး ထွက်ခွာမည် ဖြစ်သည်။ ပရိသတ်ကြီးကလည်း မြို့မအလှပြယာဉ်ကြီးပေါ်မှ ရုပ်ရှင်မင်းသားဝင်းဦးကို 'ဒီဘက်လှည့်ပြီး သီဆိုဖျော်ဖြေပါဦး' ဟု တောင်းဆိုအားပေးကြသည်။

'ငုရွှေဝါ အမျိုးသမီးရေသဘင် အဖွဲ့ကြီး ကျန်းမာပါစေ'ဟု သုံးကြိမ်သုံးခါနှုတ်ဆက်ပြီး . . .

**ဝင်းဦးနှင့်မြို့မငွေငန်း**

'ရုပ်ရှင်မင်းသားဝင်းဦးနှင့် မြို့မငွေငန်းအလှပြယာဉ်ကြီး ကျန်းမာပါစေ' ဟု ငုရွှေဝါနှမငယ်တို့ကလည်း ပြန်လှန်နှုတ်ဆက်ချိန်တွင် မြို့မက နှုတ်ဆက်တေးသွားကို ခပ်ညက်ညက်လေးတီးမှုတ်ပြီး စောစောက ပရိသတ်ကြီးက သူတို့ဘက်လှည့်ပြီး သီဆိုပါဦးဟု တောင်းဆိုသဖြင့် ရုပ်ရှင်မင်းသားဝင်းဦးက အလှပြယာဉ်ပေါ်မှ မတ်တပ်ရပ်၍ ရှေ့တူရူရှိ ပရိသတ်ကြီးဘက်လှည့်ကာ နှုတ်ဆက်သီချင်းကို သီဆိုရင်း အလှပြယာဉ်ကြီးက တရွေ့ရွေ့ထွက်ခွာသွားတော့၏။

နောက်နေ့နံနက်တွင် မန္တလေးမြို့ထုတ် သတင်းစာ၌ ဆောင်းပါးရှင်တစ်ဦးက 'မဏ္ဍပ်ပေါ်မှ (ဘောင်းဘီဖင်ကျပ်အကြောင်း၊ မြန်မာမဆန်သူတို့အကြောင်း၊ သတိပေး ပညာပေးသည့်သီချင်းများ သီဆိုကြရာ ဘောင်းဘီဝတ်လာသူ ကိုဝင်းဦးက သူ့ကိုစောင်းမြောင်းသီဆိုရပ့ါမလားဟု မျက်မာန်ရှကာ အလှပြယာဉ်အထွက်တွင် မဏ္ဍပ်ကိုနှုတ်မဆက်ဘဲ တမင်ကျောပေးပြီး ထွက်ခွာသွားကြောင်း ဤအပြုအမူမှာ အရုပ်ဆိုး ရိုင်းစိုင်းလှပါကြောင်း' စသည့် အဓိပ္ပာယ်သက်ရောက်သော ဆောင်းပါးကို ရေးသားဖော်ပြပါရှိခဲ့သည်။

ထိုအဖြစ်အပျက်ကား ထိုနှစ် သင်္ကြန်တွင် ပရိသတ်အကြားအထူး အသားပေးပြောကြားငြင်းခုံဖြစ်ခဲ့ကြသည်။ ဆောင်းပါးရေးတာမှန်တယ်။ မန္တလေးလို ယဉ်ကျေးမှုမြို့တော်မှာ ဒီလိုအပြုအမူမျိုးခွင့်မလွှတ်နိုင်ဟူသော သုံးသပ်မှုမျိုး။ ထိုကိစ္စမဟုတ်ပါ။ မင်းသားကြီးက ပရိသတ်အများစုဘက်လှည့်၍ သီချင်းသီဆိုသဖြင့် မဏ္ဍပ်ကိုကျောပေးသလိုဖြစ်ရတာပါ။ အဲဒီအချိန် ကိုယ်တိုင်မြင်ရတာပါ' ဟု အတွေ့အကြုံဖြင့် ပြောဆိုမှုမျိုးစသည်ဖြင့် စီစီညံခဲ့၏။

**ယဉ်ကျေးမှုသင်္ကြန်**

မည်သို့ဆိုစေ နိုင်ငံကျော်ရုပ်ရှင် မင်းသားမို့ သတင်းဖြစ်သွားတာ သေချာသည်။ မန္တလေးကလည်း တာဝန်ရှိသူမှအစ မြို့သူမြို့သား အားလုံးကလည်း 'ယဉ်ကျေးမှုသင်္ကြန်' ဟူသော အနှစ်သာရကို မည်သို့မျှ အပွန်းအပဲ့မခံတာလည်း သေချာသည်။ ထို့အတူ အလွန်ယဉ်ကျေးသိမ်မွေ့သော ရုပ်ရှင်မင်းသား ဝင်းဦးကလည်း ထိုကိစ္စအတွက် ဆောင်းပါးရှင်၏ထင်မြင်ယူဆချက်လည်း မမှားပါ။ မိမိဝတ်လာသော အဝတ်အစားနှင့်မဏ္ဍပ်မှ သီချင်းတို့ တိုက်ဆိုင်မှုတွင် မိမိစိတ်ကသိကအောက်ဖြစ်ကာ ဤသို့ပြုမူခြင်းဖြစ်လိမ့်မည်ဟု ဆောင်းပါးရှင်က ယူဆသော်လည်း တကယ့်ဖြစ်ရပ်မှာမဟုတ်ပါ။ မိမိမှာ ပရိသတ်အားလုံး၏ဆန္ဒကိုလိုက်လျောလိုသဖြင့် မိမိတို့အလှပြယာဉ်အထွက်တွင် အများစုပရိသတ်ကြီးအားဖျော်ဖြေလို၍ မျက်နှာမူမိရာမှ မဏ္ဍပ်အား ကျောပေးသကဲ့သို့ဖြစ်ရပါသည်ဟု ပြန်လည်ဖြေရှင်းခဲ့သည်။

**ပရိသတ်ထွေးပိုက်**

ကိစ္စမရှိ။ ထိုစဉ်က ရုပ်ရှင်မင်းသားဝင်းဦးနှင့် မန္တလေးပရိသတ်မှာ အဝေးရောက်မိမိအိမ်သားတစ်ယောက်သင်္ကြန်ပြန်လာခိုက် ဝမ်းပန်းတသာကြိုဆိုကြသည့် အမူအကျင့်ပဲဖြစ်သည်။ နောက်နှစ်ကစ၍ မင်းသားဝင်းဦးကလည်း ချိတ်ပိုးလုံချည်၊ တိုက်ပုံနှင့် ဝတ်စားသီဆိုသည်။ ပရိသတ်ကလည်း ထွေးထွေးပိုက်ပိုက် စောင့်ရှောက်အားပေးခဲ့၏။ ဆယ်နှစ်ကျော် ဆယ့်တစ်နှစ်တိုင်။

မကြာမီ သင်္ကြန်ကျတော့မည်။ မနက်လင်းသည်မှ မိုးချုပ်သည်အထိ ကျုံးလေးဘက်လေးတန်မှာ ကျုံးရေတွေ ဂါလန်သန်း ၄၀ ကျော်သုံးပြီးမွှန်းအောင်ပက်ကြမည်။ ၁၀ ပေနီးပါးမြင့်ပြီး ပေ ၁၀၀ ကျော်ကျယ်သော စင်ကြီးတွေပေါ်က နာမည်ကျော် အနုပညာရှင်တွေ ခေတ်အဆန်ဆုံးအဝတ်အစားများဝတ်ဆင်ပြီး သူတို့ကိုယ်တိုင် သီချင်းတွေသီဆိုကြမည်။ ဘယ်ပရိသတ်ကို ကျောပေးပေးကိစ္စမရှိ။ ပရိသတ်ခေါင်းပေါ်ကစင်မှာ ခြေထောက်တင်၊ ခြေထောက်မြှောက်လည်း ကိစ္စမရှိ။ စင်အောက်က ပရိသတ်ကလည်း သူတို့ နှင့်အပြိုင် ဝတ်စားပြီး ခုန်ပေါက်မြူးတူးကြဖို့ပဲဖြစ်သည်။

စည်းချက်က မြန်၊ ရင်ခုန်သံကမြန်၊ မြန်လွန်းမက မြန်တော့ ပေါက်ကွဲ . . .။



## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လက်တွေ့အဖြေရှာနိုင်ရေးကို ဦးတည်လုပ်ဆောင်

မေဖြိုးခင်

ဒုတိယသမ္မတဦးမြင့်ဆွေဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ စီးပွားရေးဆိုင်ရာအဖွဲ့အစည်းများသည် လစဉ်ပုံမှန်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြုပြင်ပြောင်းလဲမှုများကို ပူးပေါင်းဖော်ဆောင်နိုင်ရန်ပြုလုပ်နေကြသည်ကိုသတင်းများတွင်တွေ့ခဲ့ရပါသည်။ ထိုအစည်းအဝေးတွင် စီးပွားရေးကဏ္ဍအသီးသီးမှ တင်ပြချက်၊ အကြံပြုချက်၊ တောင်းဆိုချက်များကိုနားထောင်ပြီးလိုအပ်ချက်များ၏ အဖြေကိုဆွေးနွေးညှိနှိုင်းလုပ်ဆောင်နိုင်ရန်ဟု ဆိုသည်။

**အဓိကရည်ရွယ်ချက်**

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်သောအဓိကရည်ရွယ်ချက်မှာ စီးပွားရေး တိုးတက်မှုနှင့် လူမှုရေးဖွံ့ဖြိုးမှုကို နှိုးဆော်ရန်ဖြစ်သည်ဟုဖော်ပြထားပြီး မဏ္ဍိုင်ကြီးငါးရပ်ချမှတ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ ဒုတိယသမ္မတဦးဆောင်သည့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးအဖွဲ့အနေဖြင့် စည်းစနစ်ကျနပြီး ဥပဒေနှင့်လုပ်ထုံးလုပ်နည်းဆိုင်ရာဝန်းကျင် တိုးတက်ကောင်းမွန်စေရေးမဏ္ဍိုင်၊ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးမဏ္ဍိုင်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကိုအားပေးမြှင့်တင်ရေးမဏ္ဍိုင်၊ စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံ၏ အခန်းကဏ္ဍ ပြန်လည်ရေးဆွဲရေးမဏ္ဍိုင်နှင့် အခြေခံလူသားအရင်းအမြစ်တည်ဆောက်ရေးမဏ္ဍိုင်စသည်တို့ဖြစ်သည်ဟု ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် နိုင်ငံ့စီးပွားရေးလုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်းကျော်သည် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများဖြစ်သည့်အတွက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှသာလျှင် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပေသည်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးကိုအပြည့်အဝ လုပ်ဆောင်မည်ဟုဆိုသော်လည်း လက်ရှိကာလတွင်စိန်ခေါ်မှုများနှင့် အလေးပေးဖြေရှင်းရန်၊ အချက်များ များစွာရှိနေသေးပေသည်။ နိုင်ငံတွင်းဖြစ်ပေါ်နေသောအဂတိလိုက်စားမှု ကင်းရှင်းစေရေး၊ အခွန်ရှောင်သူများလျော့နည်းပပျောက်ရေးနှင့် တရားမဝင်ကုန်သွယ်မှုများ ကင်းစင်ပပျောက်ရေး စသည်တို့ကို အထူးအလေးပေးလုပ်ဆောင်ရန် လိုအပ်လှပေသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်က "နိုင်ငံတစ်ခုအနေနဲ့ ပုဂ္ဂလိကကဏ္ဍကိုတွန်းအားပေးရင်တိကျတဲ့မူဘောင်တစ်ခုလိုပါတယ်" ဟု သုံးသပ်ပြောကြားသည်။

**စနစ်တကျ စီမံကိန်းများချမှတ်**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရန်အကြောင်းအရာများသည် ကျယ်ပြန့်များပြားလှသည့်အတွက် ဆွေးနွေးမှုများနှင့်တင် မလုံလောက်ဘဲ အသေအချာစနစ်တကျ စီမံကိန်းများချမှတ်ပြီး ဖော်ဆောင်သွားရန်မှာအရေးကြီးသည်ကို သတိချပ်သင့်ပါသည်။ ပုဂ္ဂလိကကဏ္ဍ အမှန်တကယ်ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံ၏စီးပွားရေးကို အားကောင်းစေပြီးကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ အခွန်ဘဏ္ဍာရရှိမှုကို တိုးမြှင့်စေလာနိုင်မည်မှာအမှန်ပင်ဖြစ်သည်။ ထိုမှတစ်ဆင့် ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးစသည်တို့ကဲ့သို့သော မြန်မာနိုင်ငံအတွင်း လိုအပ်ချက်များစွာကို ဖြည့်ဆည်းပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။

"အရေးကြီးတဲ့ လုပ်ငန်းတွေမှအပ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းတွေကို တဖြည်းဖြည်းလျှော့ချပြီး ပုဂ္ဂလိကပိုင်ပြုလုပ်ပြီး ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးကို ပိုမိုလုပ်ဆောင်သွားမှာဖြစ်တယ်" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ဖေဖော်ဝါရီ ၈ ရက်နေ့က ကျင်းပသည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားခဲ့သည်။

လက်ရှိစီးပွားရေးနယ်ပယ်အတွင်း ချမှတ်ထားပြီး ဆောင်ရွက်နေသောဥပဒေစည်းမျဉ်းမူဘောင်များမှာ ရှုပ်ထွေးပြီး စုစည်းမှုမရှိသေးပါ။ ခေတ်စနစ်နှင့်ကိုက်ညီပြီး ရှေ့နောက်လျော်ညီမှုရှိစေရန်လည်း ပြန်လည်ပြင်ဆင်ရအုံးမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတကာနှင့် ဒေသအတွင်း ရင်ပေါင်တန်းနိုင်ရန်အတွက်လည်း နိုင်ငံတကာလုပ်ထုံးလုပ်နည်းများ၊ စနစ်များနှင့် လိုက်လျောညီထွေအောင် ညှိနှိုင်းပြင်ဆင်ရမည်ဖြစ်သည်။ ထို့ပြင် ချမှတ်ပြီးသောဥပဒေစည်းမျဉ်းများကို စနစ်တကျအကောင်အထည်ဖော်ခြင်း၊ ဥပဒေစည်းမျဉ်းများကို လိုက်နာစေရန် အရေးယူဆောင်ရွက်မှုများကိုလည်း အသေအချာစိစစ် ကြပ်မတ်လုပ်ဆောင်ခြင်း၊ အားနည်းနေသေးသောဥပဒေမူဘောင်ကိုပံ့ပိုးမှုပေးရန် လိုအပ်သော အဖွဲ့အစည်းများ၊ အထောက်အပံ့များကိုလည်း စနစ်တကျ ဖွဲ့စည်း၊ ဖော်ဆောင်ခြင်းတို့ကိုအနီးကပ်အဆင့်ဆင့် ကြပ်မတ်လုပ်ဆောင်နိုင်မှသာလျှင် ရည်ရွယ်ချက်များကိုအချိန်တိုတိုအတွင်း ဖော်ဆောင်နိုင်မည်ဖြစ်သည်။

**ဖြေလျော့ပေးရန်လိုအပ်**

စီးပွားရေးလုပ်ငန်းများကို နိုင်ငံပိုင်မှ ပုဂ္ဂလိကပိုင်အဖြစ် မြှင့်တင်လုပ်ဆောင်မည်ဆိုရာတွင် အချို့သောကိစ္စရပ်များကို ဖြေလျော့ပေးရန်လိုအပ်ကြောင်း စီးပွားရေးပညာရှင်ဦးလှမောင်က သုံးသပ်ပြောဆိုသည်။

"နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကို ပုဂ္ဂလိကပိုင်လုပ်မယ်ဆိုတာကောင်းပါတယ်။ ဒါပေမယ့် လိုအပ်တာလေးတွေတော့ရှိတယ်။ အဲဒီလိုလုပ်ဖို့ မြေဈေး၊ အဆောက်အအုံငှားရမ်းဈေးတွေက တအားကြီးမြင့်နေတော့လည်းအဆင်မပြေကြဘူး။ SMEs တွေအတွက်လည်းမြေယာတွေ၊ အဆောက်အအုံတွေကိုဈေးနှုန်းမျှမျှတတငှားရမ်းပေးသင့်တယ်။ နောက်ပြီးလိုင်စင်တွေ၊ Payment System တွေကို အွန်လိုင်းစနစ်တွေ အဆင့်မြှင့်ပြောင်းလိုက်သင့်ပြီ။ နောက်ပြီးပုဂ္ဂလိကဘဏ်နဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဘဏ်လုပ်ငန်းတွေကို လုပ်ကိုင်ခွင့်တွေပြုပေးသင့်ပါတယ်။ နောက်ပြီးပုဂ္ဂလိကအသင်းအဖွဲ့တွေနဲ့ INGOs တွေနဲ့လည်းဖွဲ့စည်းခွင့်တွေပေးသင့်တယ်လို့ပြောချင်ပါတယ်" ဟု ၎င်းက ပြောသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တွင် ဒီဇင်ဘာလ ၁ ရက်နေ့က ကျင်းပခဲ့သောစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲတွင် ဒုတိယသမ္မတက ဥပဒေလုပ်ထုံးလုပ်နည်းများ အလေ့အထများသည်လည်း ဒေသတွင်းနှင့် နိုင်ငံတကာစံနှုန်းများဖြင့် မကိုက်ညီဘဲခေတ်မမီတော့ခြင်းစသည့် အားနည်းချက်များကို မြန်ဆန်ထိရောက်စွာဖြေရှင်းပေးနိုင်ရန် ယခုကဲ့သို့ ဆွေးနွေးပွဲများမှ ညှိနှိုင်းအဖြေရှာဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ တွေ့ကြုံရသည့် အခက်အခဲများကို ဖြေရှင်းရာတွင်လည်း ချက်ချင်းဖြေရှင်းရနိုင်သောကိစ္စများကို အချိန်မဆိုင်းဘဲဖြေရှင်းဆောင်ရွက်ပေးရန်၊ လတ်တလောဖြေရှင်းမရသေးသောကိစ္စများရှိလျှင်လည်း မြန်မြန်ဖြေရှင်းပေးနိုင်လေ တိုင်းပြည်နှင့် ပြည်သူအကျိုး မြန်မြန်ရှိလေဆိုသည့် စိတ်ဓာတ်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် ချက်ချင်းပြန်လည်ဆွေးနွေးသုံးသပ်ပြီး အမြန်ဆုံးညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရေး ကြိုးပမ်းကြရန်၊ အစိုးရဌာနများအနေဖြင့် လုပ်ငန်းများ လုပ်ဆောင်ရာတွင် လွယ်ကူရှင်းလင်းသည့် စနစ်၊ ပွင့်လင်းမြင်သာသောစနစ်များနှင့် ထိရောက်မြန်ဆန်စွာဆောင်ရွက်ပေးနိုင်ရေး အဂတိတရားကင်းကင်းဖြင့် ဆောင်ရွက်ကြရန်၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် မိမိကိုယ်ပိုင်စီးပွားရေးလုပ်ငန်း တိုးတက်မှုကိုရှေးရှုမှုနှင့်အတူ မိမိပါဝင်သည့် စီးပွားရေးကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ကြရန်၊ မိမိလုပ်ငန်းနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆက်စပ်ပတ်သက်သည့် လူမှုစီးပွားဝန်းကျင်တစ်ခုလုံးကိုပါ အတူတကွ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံစီးပွားရေးတစ်ခုလုံးကိုပါ အထောက်အကူဖြစ်စေမည့် စီးပွားရေးသမားကောင်းများဖြစ်ရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်ပြီး စီးပွားရေးပညာရှင် ဦးလှမောင်က "ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် State-Owned Economic Enterprises Law(enacted 1989) ဥပဒေကို အသစ်ရေးဆွဲရမယ်။ နောက်ပြီးအခု Company Act (1914) ဥပဒေကိုလည်းအမြန်ဆုံး ပြင်ဆင်ပြဋ္ဌာန်းဖို့ လိုအပ်ပါတယ်။ လုပ်ငန်းတွေ မှတ်ပုံတင်ကြေးပေးရာမှာလည်း ကျပ်ငါးသောင်းလောက်ပဲ ကောက်ခံသင့်တယ်။ အခုက Registration လုပ်ပြီးသွားရင်လည်း Import, Export Registration ကလည်း ထပ်လုပ်ရသေးတယ်။ ဆိုလိုချင်တာက မလိုအပ်တဲ့အဆင့်တွေ တအားများနေတယ်။ အဲ့ဒါတွေကို လျှော့ပစ်သင့်တယ်" ဟု သုံးသပ်ပြောကြားသည်။

**လက်တွေ့ကျကျသုံးသပ်**

ထို့ကြောင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးအတွက် တွေ့ဆုံကြားနာမှုများမှတစ်ဆင့် တင်ပြချက်များ၊ အခက်အခဲများ၊ လိုအပ်ချက်များကို လက်တွေ့ကျကျသုံးသပ်လေ့လာပြီး အဆိုပြုချက်၊ အကြံပြုချက်များ ထွက်ပေါ်လာသည်အထိ ကဏ္ဍအသီးသီးမှ သက်ဆိုင်သူများကဆက်လက်ဆွေးနွေးနိုင်ရန် လိုအပ်လှသည်။ ဆွေးနွေးမှု၏ ရလဒ်များကိုလည်းသက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများအား မြန်မြန်ဆန်ဆန်တင်ပြနိုင်ပြီး လိုအပ်ချက်များကိုလုပ်ထုံးလုပ်နည်း၊ စည်းကမ်းဥပဒေတို့ဖြင့် ညှိနှိုင်းဖြေရှင်းပေးနိုင်မှသာ နိုင်ငံတော်၏ စီးပွားရေးမူဝါဒအရ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ခြင်း၏ အကျိုးကို လက်တွေ့ခံစားနိုင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် တိုင်းပြည်၏ စီးပွားရေးသည်လည်း ခိုင်မာမည်ဖြစ်ပြီး ပြည်သူအားလုံး၏ ရည်မှန်းချက်အတိုင်း တိုးတက်ဖွံ့ဖြိုးသောခေတ်မီနိုင်ငံတော်တစ်ခုအဖြစ် ပြောင်းလဲနိုင်မည်ဖြစ်သည်ဟု တင်ပြလိုက်ရပါသည်။

## ဝရကုန်းကျေးရွာသို့ ရေသန့်ဘူးနှင့်သောက်သုံးရေလှူဒါန်း

**ချောက် မတ် ၂၁**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ရဲတပ်ဖွဲ့မှ ရဲမှူးအေးလွင်ဦးဆောင်၍ ထိန်ကန်အုပ်စု ဝရကုန်းကျေးရွာသို့ ရေသန့်နှင့်သောက်သုံးရေလှူဒါန်းခြင်းကို မတ် ၂၀ ရက် နံနက် ၉ နာရီကပြုလုပ်ခဲ့သည်။

အဆိုပါ ရေသန့်ဘူးနှင့် သောက်သုံးရေလှူဒါန်းခြင်းကို ချောက်မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးအေးလွင်နှင့်အတူ အရာရှိအရာခံများ၊ တပ်ဖွဲ့ဝင် ၃၀ တို့က ဝရကုန်းကျေးရွာရှိ ရွာဦးဘုန်းကြီးကျောင်းအပါအဝင် ကျေးရွာနေပြည်သူများအား သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် တစ်ဘူးလျှင် (၂၀) လီတာပါ ရေသန့်ဘူးကြီး (၁၂၀) ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်ကားတစ်စီးဖြင့် သောက်သုံးရေများကို ယင်းကျေးရွာရှိအိမ်ထောင်စု (၈၇) စု လူဦးရေ ၄၄၀ အား ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ကျော်မိုး (ပြန်/ဆက်)**



## ဒေသပြောင်းရွှေ့ကျေးရွာများအတွက် စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်

**ဂန့်ဂေါ မတ် ၂၁**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး၏ အစီအစဉ်ဖြင့် ဂန့်ဂေါမြို့နယ် မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းဒေသ ပြောင်းရွှေ့ကျေးရွာများအတွက် စိုက်ပျိုးရေး နည်းပညာပေးသင်တန်းကို မတ် ၂၀ ရက်က ပနန်းကျေးရွာခန်းမ၌ ပြုလုပ်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဒေါ်ခင်မာအေးက သင်တန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းတွင် တိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မော်မော်ဝင်းက ဘက်စုံသီးနှံ ပိုးမွှားရောဂါကာကွယ်ရေးနည်းပညာများ၊ တိုင်းဒေသကြီး လက်ထောက် ညွှန်ကြားရေးမှူး မျိုးစေ့တာဝန်ခံ ဒေါ်မိမိချိုက မျိုးကောင်းမျိုးသန့်များအကြောင်းနှင့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ လက်ထောက်ညွှန်ကြားရေးမှူး မြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်မာသန်းက မြေဆီလွှာဆိုင်ရာပြဿနာများနှင့် ဖြေရှင်းနည်းများ၊ ဂန့်ဂေါခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးငွေဆန်းက လယ်ယာကဏ္ဍ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရှင်းလင်းပို့ချ ဆွေးနွေးကြသည်။

ထို့နောက် အဆိုပါသင်တန်းသို့ တက်ရောက်လာကြသည့် စပယ်၊ စင်ပုံ၊ ပနန်း၊ ယင်းမာကျေးရွာများမှ တောင်သူ ၂၀၀ ဦးတို့အား လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မော်မော်ဝင်းက ဇီဝဆူပါရွက်ဖျန်းမြေသြဇာများ၊ သိပ္ပံနည်းကျ စိုက်ပျိုးရေးလက်ကမ်းစာစောင်များနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြောင်း သိရသည်။ **(၄၆၅)**

# POLO CLUB (ASIA) RESIDENCE












* ရန်ကုန်မြို့၏ အထင်ကရဖြစ်လာမည့် ၃၄ထပ်အမြင့်ရှိသော ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း
* ဆန်းသစ်သော စိတ်ကူးများဖြင့် ပုံဖော်ထားသည့် ရန်ကုန်မြို့တွင်းမှ ခေတ်မီလှပသော မြို့ပြငယ်လေး
* ဆက်သွယ်သွားလာရန် လွယ်ကူကောင်းမွန်သော ဗလမ်းသွားလမ်းမကြီး၂ခု၏ဆုံရာတွင် တည်ရှိခြင်း
* စင်္ကာပူနိုင်ငံမှ ဗိသုကာပညာရှင်များ၏ လက်ရာမြောက် နောက်ဆုံးပေါ်ကွန်ဒိုအိမ်ရာဒီဇိုင်း
* ရွှေတိဂုံစေတီတော်မြတ်ကြီးအား မိမိ၏နေအိမ်မှ ဖူးမြော်နိုင်မည့်အခွင့်အရေး
* အင်းယားကန်ရေပြင် နှင့် ကန်တော်ကြီး တို့၏ စိတ်ကြည်နူးဖွယ်ကောင်းသော ရှုမြင်ကွင်း
* အချိန်ပြည့် လျှပ်စစ်ဝန်ဆောင်မှုစနစ် နှင့် မိသားစုတိုင်းအတွက်လုံခြုံစိတ်ချရသော ၂၄နာရီလုံခြုံရေးဝန်ဆောင်မှုစနစ်
* Olympic size ပေ(၁၅၀)ကျော်အရှည်ရှိမည့် infinity edge ရေကူးကန် နှင့် gym, jacuzzi, spa, sauna, steam rooms, cigar room, clubhouse, multi purpose rooms အစရှိသော ကွန်ဒိုဝန်ဆောင်မှုများ

WWW.POLOCLUBASIA.COM

**HOTLINES: 09-795889588 | 09-796889688 | 09-797889788**

Sales Gallery : No 51/A, Corner of East Race Course Road and Laydaungkan Road, Tamwe Township, Yangon, Myanmar.


OK$
myanmar
national airlines
ဖုန်းဆက် လက်မှတ် ဝယ်ယူပြီး OK$ ဖြင့် ငွေပေးချေနိုင်သည်။
( မြို့ပေါင်း (၂၈) မြို့အတွက် လေယာဉ်လက်မှတ်များကို မည်သည့်မြို့မှမဆို ဖုန်းဆက် ဝယ်ယူနိုင်ပါသည်။ )
ဆက်သွယ်ရန် 09-455000505, 01-378603, 01-377840, 067-411433
MyanmarNationalAirlines
okdollarapp
okdollar.com


iStock® ကုန်ပစ္စည်းထိန်း ကွန်ပျူတာစနစ်
ကုန်ရောင်း/ကုန်ဝယ်
ကုန်လက်ကျန်
အကြွေး
ငွေစာရင်း/အရှုံးအမြတ်
CaféPOS® စားသောက်ဆိုင်သုံး ကွန်ပျူတာစနစ်
Table Reservation
Menu Ordering
Billing
Kitchen Monitoring
Reporting
www.galaxy.com.mm
HotelPro® ဟိုတယ်လုပ်ငန်းသုံးကွန်ပျူတာစနစ်
Guest Info
Room Status
Reservation
Check In/Out
City Ledger
Galaxy Software
Galaxy Software Co., Ltd.
Nay Pyi Taw : 09-257333214, 09-974432762
Yangon (HO) : 09-43029798, 09-420909100
Pathein : 09-455042499, 09-455042500
Mandalay : 09-440067577, 09-978030881
Taunggyi : 09-444200771, 09-444200772


Special Discount
Up to 70,000,000 Kyats
Lucky Draw 1st Prize
Diamond Pendant
SHWE TAUNG Real Estate နှင့် AYA Bank တို့
ပူးပေါင်း၍ အသင့်နေထိုင်နိုင်မည့် အခန်းများအား
ပထမဦးဆုံး (၁၅)နှစ် အရစ်ကျစနစ် ဖြင့်
ဝယ်ယူနိုင်မည့် အိမ်ရာအရောင်းပြပွဲ
10 AM - 8 PM
22, 23, 24 March
Junction Square (Aqua Hall)
www.shwetaunggroup.com
facebook.com/SHWETAUNGREALESTATE
sales@shwetaungrealestate.com
01-2300077, 2314567

# ကြော်ငြာ

**ရခိုင်ဘုရားဖူးသီးသန့်ကောင်းထက်စံနှင့်အဖွဲ့** 27-03-2017, 13-04-2017 သင်္ကြန်လက်မှတ်ဦးစားပေးစနစ်ဖြင့် ရောင်းပြီ

220000/ကျောင်းသား:150000/(ဂြုပ်)

Ph:09448003431, 0949660481

**ရွှေပင့်ကူ**

Mar - 24,31

09-450224339, 09-73130346

**FORWARD (YGN) Travel & Tour Co., Ltd**

ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်) (နေ့စဉ်)

09259259180
09259259181
09259259182

လေယာဉ်လက်မှတ်နှင့်ဟိုတယ်အခန်းလိုချင်သူများကိုလည်း ဝန်ဆောင်မှုပေးနေပါပြီ

**MIRA TRAVELS** — ပျော်ရွှင်ဖွယ်ရာ သင်္ကြန်ခရီးစဉ်များ

| | | | |
|---|---|---|---|
| ဘန်ကောက် + ပတ္တရား | 14-18 Apr | (၅)ရက် | USD 590 |
| ဘန်ကောက် + ကန်ချနဘူရီ | 14-17 Apr | (၄)ရက် | USD 590 |
| ဘန်ကောက် + ကမ္ဘောဒီးယား | 14-18 Apr | (၅)ရက် | USD 790 |
| ချင်းမိုင် | 14-17 Apr | (၄)ရက် | USD 590 |
| စင်ကာပူ | 15-18 Apr | (၄)ရက် | USD 790 |
| မော်လ်ဒိုက်ကျွန်း | 12-15 Apr | (၄)ရက် | USD1910 |

Phone:09260066697, 09774066697, 09260066698, 09774066698

**သန္တိသုခ** ၏ သင်္ကြန်အာဆင့်မြင့်ခရီးစဉ်များ

| | |
|---|---|
| ✦ ဂေါ်ရန်ဂျီကျွန်း + မြိတ်မော်တင်စွန်း(၁-ည) | MAR 25 |
| ✦ ဂေါ်ရန်ဂျီကျွန်း(၂-ညအိပ်) + ငွေဆောင် | APR 13 |
| ✦ ဂေါ်ရန်ဂျီကျွန်း(၁-ည) + မြိတ်မော်တင်စွန်း(၁-ည)+ငွေဆောင် | APR 13 |
| ✦ တောင်ကြီး+အင်းလေး+ပင်းတယ+ကလော | APR 12 |
| ✦ ထားဝယ် ရှင်ကိုးရှင် + မြိတ်ကျွန်းစုများ | APR 12 |

09 420 90 70 90, 09 4210 14940, 09 4210 68050

## ROYAL GANDAMAR Travel & Tours သင်္ကြန်အထူးခရီးစဉ်များ

| | |
|---|---|
| မန္တလေး-ပြင်ဦးလွင်-ပုဂံ-ပုပ္ပါး ခရီးစဉ် | April 12, 17 |
| ထားဝယ်ရှင်ကိုးရှင်-မောင်းမကန်-ဘုတ်ကျွန်းခရီးစဉ် | April 11, 12, 17, 18 |
| လှိုင်ကော်-တောင်ကြီး-အင်းလေး-ကလော- ရွာင် | April 11, 13, 17 |
| တောင်ကြီး- အင်းလေး-ကလော-ပင်းတယ-ရွှာင် | April 11, 12, , 13 , 17 |
| ပုဂံ-ပုပ္ပါး-ပခုက္ကူ-စွယ်တော်လေးဆူ အထူးခရီးစဉ် | April 11, 13, 17, 19 |
| မြဝတီ-မဲဆောက်-ဘားအံ၊ မော်လမြိုင် ခရီးစဉ် | April 12, 13, 17 |
| ကော့သောင်းကျွန်း ခရီးစဉ် | April 12, 13 |
| အလောင်းတော်ကဿပ-မုံရွာ-စစ်ကိုင်း-ကျောက်စိမ်းဘုရားခရီးစဉ် | April 11, 12 |

အဆင့်မြင့် Scania, Yautong, Higer နှင့် အဆင့်မြင့် လေအိတ်ကားကြီးများ 3*** အဆင့်ရှိ Hotel ကြီးများနှင့် သန့်ရှင်းလတ်ဆတ် အရသာရှိသော စားသောက်ဆိုင်ကြီးများနှင့် ဟိုတယ်များတွင်သာ စီစဉ်ထားပါတယ်ရှင်။

01-397484,09-31006777,09-5127969,09-33353275,09-250892626,09-8305533
Office(1)-အမှတ်(၁၈၅/၁၈၇)၊ မဟာဗန္ဓုလလမ်းနှင့်၅၂လမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။

## ATTOLLO Travel & Tours အက်တို(လ်)လို အဆင့်မြင့်ပြည်တွင်း၊ပြည်ပခရီးသွားကုမ္ပဏီ

| | | | |
|---|---|---|---|
| တောင်ကြီး-အင်းလေး-ပင်းတယ-ရွှာင် | APR 12~16 | မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာ | APR 13~17 |
| မော်လမြိုင်-ဘားအံ-မြဝတီ-မဲဆောက် | APR 12~17 | မြစ်ကြီးနား-ထိန်ချုံ-အင်းတော်ကြီး ✈ | APR 13~18 |
| ထားဝယ်-မောင်းမကန်-ရှင်ကိုးရှင် | APR 12~16 | ပလေကမ်းခြေ ✈ | APR 18~20 |
| လှိုင်ကော်-ဒီမောဆိုး-ကလော | APR 12~16 | ကော့သောင်း-ရနော်င်း-သူငွေးကျွန်း ✈ | APR 18~21 |
| ပုဂံ-ညောင်ဦး-ပုပ္ပါး | APR 12~16 | ငွေဆောင်ကမ်းခြေ | APR 18~20 |
| ဘန်ကောက်-ပတ္တရား-အယုဒ္ဓ (၄ည/၅ရက်) | April 11 | ဟောင်ကောင်-မကာအို (၅ည/၆ရက်) | April 14 |
| ဘန်ကောက်-ကမ္ဘောဒီးယား (၅ည/၆ရက်) | April 14 | စကာ်ပူ (၄ည/၅ရက်) | April 11 |
| ဒါးလက်-ဟန္နိုင်း-ဟလောင်း (၅ည/၆ရက်) | April 11 | မော်လ်ဒိုက် (၃ည/၄ရက်) | April 12 |

အမှတ်(၈၄)၊ ပထမထပ်၊ လမ်း(၃၀)အောက်လမ်း၊ပန်းဘဲတန်းမြို့နယ်။ 01-389187, 09-32109138, 09-795418474

## ပါကေး အစားထိုး ကြမ်းခင်း

သင်္ကြန် ပွဲတော်အကြို Promotion

မြန်မာပြည်တွင်ပထမဦးဆုံးတင်သွင်းသော

Since 1996 Home — think of house, think of Home

Grade A,B,C,D စမ်းမှန်မှုကိုဝက်ဖြင့် "အခမဲ့" လက်တွေ့ စမ်းသပ်ပေးသည်။

Buy Flooring → Get Box

၃ ကျင်း ဝယ်လျှင် → ၁ ပုံး လက်ဆောင်

★ Grade A,B,C,D အစစ်များသာရောင်းပါသည်

★ ဈေးနှုန်း အနိမ့်ဆုံး → အမြင့်ဆုံး အထိ ရှိပါသည်

★ လက္ကား ဝယ်ယူလိုသူများအတွက် အထူးဈေးနှုန်း

➤ အမှတ် ( E-11A ) လေးထောင့်ကန်လမ်းမကြီး၊ ဘီအိုစီမှတ်တိုင်၊သင်္ဃန်းကျွန်း၊ရန်ကုန်မြို့။

➤ အမှတ်(၄/၄၆၇)၊(၂)ရပ်ကွက်၊ အပိုင်(၄)၊ တပင်ရွှေထီးလမ်း၊ မဟာမြိုင်မှတ်တိုင်အနီး၊ ပဲခူးမြို့။

ပိတ်ရက်မရှိ

HOTLINE: 09-79 700 70 70, 09-79 700 70 80

(ရန်ကုန်) (မန္တလေး) (နေပြည်တော်) (တောင်ကြီး) (ပဲခူး) (မုံရွာ) (မော်လမြိုင်) (ပြင်ဦးလွင်) မြန်မာတနိုင်ငံလုံးဆိုင်ခွဲပေါင်း(၁၁)ခုတွင် ဝယ်ယူနိုင်ပါသည်

## Topsyne® Herbal Cream

ခေတ်တွေပြောင်းသွားပေမယ့် မပြောင်းလဲပဲ အသည်းစွဲဖို့မတို့ အစဉ်စွဲမက်နှစ်ခြိုက်နေတာ Topsyne® နော်...

FDA မှအလုံကုန် ထုတ်လုပ်ခြင်းထောက်ခံချက်အမှတ် - 1309 PG 0021

Apple Production Co.,Ltd. - 09 49316408, 09 8618081

## သီဟာလင်း

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း (10',14',16',18')ကားများဖြင့် လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးသည်။

01-570307
09-5112729
09-5126394

## ဒဂုံမြို့သစ်

အငှားပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိ မြေကွက်များကို ဈေးကောင်း ပေးဝယ်သည်။

09-6809893
09-5120620

## အခမဲ့ Facebook နှင့် ပိုကောင်းပြီး ပိုတန်တဲ့ ဒေတာ pack များကို ရယူလိုက်ပါ

ooredoo

ပေါင်းကူး ဒေတာ

အခုပဲရယူဖို့ *140# ခေါ်ဆိုပါ

800MB ၉၉၉ ကျပ်

2GB ၂၉၉၉ ကျပ်

3.5GB ၄၉၉၉ ကျပ်

| ငွေဖြည့်သွင်းမှု | နေ့စဉ် အခမဲ့ | သက်တမ်း |
|---|---|---|
| ၁,၀၀၀ ကျပ် – ၂,၉၉၉ ကျပ် | Facebook Viber / BeeTalk အချိုး အရှင်းချင်း ဖုန်းခေါ်ဆိုမှု | ၃ ရက် |
| ၃,၀၀၀ ကျပ် – ၉,၉၉၉ ကျပ် | | ၅ ရက် |
| ၁၀,၀၀၀ ကျပ်နှင့် အထက် | | ၁၅ ရက် |

*5050# ကို ခေါ်ဆိုပြီး ငွေဖြည့်ပါ

စည်းမျဉ်းစည်းကမ်းများအတိုင်းသာ။
www.ooredoo.com.mm သို့ဝင်ရောက်ပြီး အသေးစိတ်အချက်အလက်များကိုကြည့်ရှုပါ။



# သင်္ကြန်ပိတ်ရက် ယာဉ်စီးခနှုန်း ပြောင်းလဲခွင့်ပြုခြင်းရှိ ၊ မရှိ ခရီးသွားနှင့်ယာဉ်ပိုင်ရှင်များ စောင့်မျှော်နေ

ရန်ကုန် မတ် ၂၁

သင်္ကြန်ပိတ်ရက်ဌာနေပြန်ကားခများတိုးမြှင့်သတ်မှတ်ပေးရန် အဝေးပြေးယာဉ်ပိုင်ရှင်အချို့က သက်ဆိုင်ရာသို့တင်ပြမှုရှိခဲ့ကြောင်း သိရသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ မတ် ၂၄ရက်တွင် အဆိုပါ ကားခနှုန်းထားနှင့်ပတ်သက်၍ သိရှိနိုင်မည်ဟု သိရသည်။ ဌာနေပြန်လက်မှတ်ဝယ်မရမည်ကိုစိုးရိမ်လျက်ရှိသော ခရီးသွားများအနေဖြင့် အောင်မင်္ဂလာကားကွင်းသို့ ကြိုတင်လက်မှတ်သွားဝယ်ရာတွင် ကားဂိတ်အများစုမှာ ရောင်းချပေးမှုမရှိသေးကြောင်း သိရသည်။

မျက်နှာ ၈ ကော်လံ ၄ သို့❖

## လူငယ်ကြက်တောင်ရိုက်ပြိုင်ပွဲ ကျင်းပမည်

**မန္တလေး မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ကြက်တောင်ရိုက်ဆပ်ကော်မတီ၊ အောင်ကြက်တောင်ကလပ်နှင့် မန္တလေးခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဖွင့်လှစ်ထားရှိသော နွေရာသီ အခြေခံကြက်တောင် အားကစားနည်းသင်တန်းသား သင်တန်းသူ လူငယ်များအတွက် လူငယ်ကြက်တောင်ရိုက်ပြိုင်ပွဲကို မတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် အောင်ကြက်တောင်ကလပ်၌ ကျင်းပသွားမည် ဖြစ်ကြောင်း ခရိုင်အား/ကာ လက်ထောက်ညွှန်ကြားရေးမှူးထံမှ သိရသည်။

အဆိုပါ နွေရာသီအခြေခံကြက်တောင်အားကစားနည်း သင်တန်းကို မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် ပညာရေးကောလိပ်နှင့် မဟာအောင်မြေမြို့နယ်ရှိ အောင်ကြက်တောင်ကလပ်တို့၌ သင်တန်းသား သင်တန်းသူ ၅၀ ကျော်တို့ဖြင့် ဖွင့်လှစ်ထားရှိပြီး တိုင်းဒေသကြီး ကြက်တောင်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်ဝင်း၊ နည်းပြဆရာများ ဖြစ်ကြသည့် အတွင်းရေးမှူး ဦးထွန်းနွယ်လင်း၊ ဦးမြင့်ဆွေ၊ ဦးဝင်းမြင့် နှင့်တာဝန်ရှိသူတို့က ဧပြီလ ပထမပတ်ထိ အခမဲ့ သင်ကြားပို့ချပေး လျက်ရှိကြောင်း သိရသည်။ **တင်မောင် (မန်းကိုယ်ပွား)**



မြန်မာနှင့် အင်ဒိုနီးရှား အသင်းတို့ ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ- MFF

## အင်ဒိုနီးရှားကို မြန်မာအသင်း အနိုင်ယူ

**အင်ဒိုနီးရှား မတ် ၂၁**

မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်း တို့၏ နိုင်ငံတကာခြေစမ်းပွဲကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည်။

**မြန်မာ - သုံးဂိုး၊ အင်ဒိုနီးရှား - တစ်ဂိုး**

အာရှဖလား ခြေစမ်းပွဲအတွက်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင် အသင်းသည် အင်ဒိုနီးရှားအသင်းကို အဝေးကွင်း၌ ဂိုးပြတ်အနိုင် ယူခဲ့သည်။ လူငယ်ကစားသမားများဖြင့် ဖွဲ့စည်းထားသည့် အင်ဒိုနီးရှား အသင်းသည် မြန်မာအသင်းကို ပထမပိုင်းသာ ဖိအားပေးနိုင်ခဲ့ပြီး ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း မြန်မာအသင်းက ပထမပိုင်းတွင် ချေပဂိုး၊ ဒုတိယပိုင်းတွင် အနိုင်ဂိုး နှစ်ဂိုးသွင်းကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ၄-၄-၂ ကစားကွက်ဖြင့် ပွဲထွက်လာပြီး ဝါရင့် ကစားသမားများဖြစ်သည့် သီဟစည်သူ၊ ရန်အောင်ကျော်၊ ဖြိုးကိုကိုသိန်း၊ ဝင်းမင်းထွန်း၊ ကျော်ကိုကို၊ ဒေးဗစ်ဒန်း၊ သိန်းသန်းဝင်းတို့ကို ယူ ၂၀ ကမ္ဘာ့ ဖလားပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် အောင်သူ၊ မောင်မောင်လွင်၊ ရန်နိုင်ဦး၊ မျိုးကိုထွန်းတို့ဖြင့် တွဲဖက်အသုံးပြုခဲ့သည့် ပွဲအစတွင် မြန်မာအသင်း

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

# မြရည်နန္ဒာတိုက်ခန်း ၄၁ ခန်းအား ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ ပထမဆုံးအကြိမ် မဲနှိုက်ရောင်းချ



**ရန်ကုန် မတ် ၂၁**

ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့များရှိ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်များတွင် ငွေစုဆောင်းထားသူများကို မန္တလေး တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောက်လုပ် ထားသည့် မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာတိုက်ခန်း ၄၁ခန်းကို မတ် ၂၀ ရက်တွင် အဆိုပါရုံးခန်းမ၌ ပထမဆုံးအကြိမ်မဲစနစ်ဖြင့် ရောင်းချပေးခဲ့ ကြောင်း သိရသည်။

အဆိုပါ တိုက်ခန်းများကို စုဆောင်းငွေများမှ တိုက်ခန်းဝယ်ယူရန် Down Payment ၃၀ ရာခိုင်နှုန်းပြည့်မီသူများကို ပြည့်မီသည့် နံပါတ်စဉ် အလိုက် ဦးစားပေးကာ မဲစနစ်ဖြင့် ရောင်းချပေးခြင်းဖြစ်ကြောင်း မန္တလေး ဘဏ်ခွဲ မန်နေဂျာ ဒေါ်မူမူဝေက ပြောသည်။

"ကျွန်မတို့ မန္တလေးဘဏ်ခွဲက မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာတိုက် ခန်း ၄၁ ခန်းရရှိပါတယ်။ ရန်ကုန်၊ နေပြည်တော်နဲ့ မန္တလေးဘဏ်တွေမှာ ငွေစုထားသူတွေအားလုံး ဒီတိုက်ခန်းကို လျှောက်ထားလို့ရပါတယ်။ လျှောက်ထားသူတွေထဲကမှ လိုချင်တဲ့အထပ်ကို မဲစနစ်နဲ့ ရောင်းချပေးခဲ့ ပါတယ်" ဟုရင်းကပြောသည်။

တိုက်ခန်းဝယ်ယူခွင့်ရရှိသူများအနေဖြင့် အခန်းတန်ဖိုးအလိုက် ပေးသွင်းရမည့်

**စာမျက်နှာ ၉ ကော်လံ ၃ သို့**

**ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် ရောဝတီတိုင်း ဒေသကြီးတို့၏တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၂၃ ရက် သတင်းစာတွင် ပါရှိမည်**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်း ဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၂၃ ရက် သတင်းစာတွင် ဖော်ပြ ပါရှိပါမည်။ (ကြေးမုံ)





လူကြီးမင်းတို့၏ စက်ရုံ၊ ဟိုတယ်၊ရုံးခန်း နှင့် လူနေအိမ်ခန်းများ အတွက် နည်းပညာအဆင့်အတန်းမြင့်ပြီး လုံခြုံစိတ်ချရသော Transformer များ၊ Unit Substation များ၊ Medium Voltage Panel, Low Voltage Panel နှင့် Compact Enclosure များအား အကောင်းဆုံးဝန်ဆောင်မှု၊ သင့်တော်သော ဈေးနှုန်းများဖြင့် စိတ်တိုင်းကျဆောင်ရွက်ပေးနေသည့်အပြင် (Voltage class 230kV, 150 MVA Power Transformer) များအား Mitsubishi Electric Corporation(Japan) နှင့် နည်းပညာဖလှယ်ပြီး မြန်မာနိုင်ငံတွင် ပထမဆုံးထုတ်လုပ်နေသောစက်ရုံ ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Call us 09-5506710, 09-456437337 | sales.ageh@ageholding.com, commercial.ageh@ageholding.com | www.ageholding.com

နိုင်ငံတော်အစိုးရ၏
# ပြည်သူ့အတွက် ပထမ တစ်နှစ်တာ
၂၂ - ၃ - ၂၀၁၇ (ဗုဒ္ဓဟူးနေ့)

# လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်ဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်

တွေ့ဆုံမေးမြန်း – သူရဇော်(သတင်းစဉ်)
ဓာတ်ပုံ – အေးသန်း(သတင်းစဉ်)

လူသားအားလုံးအကျုံးဝင်သော သာတူညီမျှမှုရှိပြီး ရေရှည်တည်တံ့မှုရှိသည့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်ဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးဆောင်ရွက်ရန်နှင့် ပိုမိုဘေးကင်းလုံခြုံ၍ သဘာဝဘေးအန္တရာယ်များမှ ခံနိုင်ရည်ရှိသည့် မြန်မာနိုင်ငံဖြစ်လာစေရန်ဟူသည့် မျှော်မှန်းချက်များဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူ့အကျိုးပြုလုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

အဆိုပါဝန်ကြီးဌာန၏ အစိုးရသစ် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးကို သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

မေး။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုတွေနဲ့ပတ်သက်လို့ ပြောပြပေးစေလိုပါတယ်ခင်ဗျာ။

ဖြေ။ ။ ပထမရက်(၁၀၀)စီမံချက်အနေနဲ့ ပြည်သူနဲ့နီးစပ်စေဖို့၊ ပြည်သူယုံကြည်မှုရရှိစေဖို့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် Hot Line တွေ ဖွင့်လှစ်ပြီး ပြည်သူတွေရဲ့ လိုအပ်ချက်ပြဿနာကို ပိုမိုသိရှိဖော်ထုတ်နိုင်ဖို့၊ ဘေးအန္တရာယ်ဖြစ်ပွားမှုသတင်းတွေ လျင်လျင်မြန်မြန်ရရှိဖို့ သဘာဝဘေးအန္တရာယ်တွေနဲ့ ပတ်သက်ပြီးလည်း ပြည်သူ့အသံကို တိုက်ရိုက်ကြားသိနိုင်အောင် ၂၄ နာရီသတင်းရယူနိုင်တဲ့ Hot Line ၀၆၇-၄၀၄၆၆၆၊ ၀၆၇-၄၀၄၇၇၇၊ ၀၆၇-၄၀၄၂၂၂၊ ၀၆၇- ၄၀၄၉၉၉ တို့ကို ဖွင့်လှစ်ပြီး လူမှုရေးဝန်ဆောင်မှုလိုအပ်ချက်တွေနဲ့ ဘေးအန္တရာယ်တုံ့ပြန်ရေးလုပ်ငန်းတွေကို ပိုမိုထိရောက်စွာ ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

### အင်အားကို ရယူ

အုပ်ချုပ်ရေးမဏ္ဍိုင်ဖြစ်တဲ့ အစိုးရဝန်ကြီးဌာနတွေ၊ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့လည်း ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်တဲ့အပြင် ဝန်ကြီးဌာနရဲ့ လုပ်ငန်းတွေကို အရပ်ဘက်လူမှုအဖွဲ့အစည်းတွေရဲ့ အင်အားကိုရယူပြီး ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်ဆောင်ရွက်ခဲ့ပါတယ်။

ဝန်ကြီးဌာနအနေနဲ့ ပြည်တွင်း ပြည်ပမီဒီယာများကို နီးကပ်စွာဆက်ဆံခဲ့ပြီး မီဒီယာတွေကို လွတ်လပ်ပွင့်လင်းစွာ သတင်းရယူခွင့်တွေ ခွင့်ပြုပေးခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီးအပါအဝင် ဌာနဆိုင်ရာအကြီးအကဲတွေကို မီဒီယာတွေကနေ တိုက်ရိုက်ဆက်သွယ်ပြီး ပြည်သူလူထုသို့ သတင်းအချက်အလက်အမှန်များ ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။


လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး။

ဝန်ကြီးဌာနအနေနဲ့ ဘေးဖြစ်ရာကို ချက်ချင်းသွားရောက်ပြီး ထောက်ပံ့ခြင်း၊ နှစ်သိမ့်ခြင်းတွေ ပြုလုပ်ခဲ့ပါတယ်။ သဘာဝဘေးအန္တရာယ်၊ လက်နက်ကိုင်ပဋိပက္ခဘေးတို့ကို ခံစားခဲ့ရတဲ့ပြည်သူတွေကို သွားရောက်တွေ့ဆုံရာမှာ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို အလျင်အမြန်ဖြည့်ဆည်းပေးခြင်း၊ ပြည်သူတို့ရဲ့ဆန္ဒကို နားထောင်ခြင်း၊ အခြားဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်မှုတွေကြောင့် ပြည်သူလူထုအနေနဲ့ ဝန်ကြီးဌာနကို ပိုမိုသိရှိလာပြီး ယုံကြည်မှုတွေလည်း ပိုမိုတိုးတက်လာခဲ့ပါတယ်။

### ခံယူချက်ပြောင်းလဲ

မေး။ ။ တစ်နှစ်တာ ကာလအတွင်းမှာ ဌာနတွင်း ပြောင်းလဲဆောင်ရွက်မှုတွေကိုလည်း ရှင်းပြပေးပါခင်ဗျာ။

ဖြေ။ ။ ဝန်ကြီးဌာနမှာရှိတဲ့ ဝန်ထမ်းတွေကို အခါအားလျော်စွာတွေ့ဆုံပြီး ဝန်ထမ်းတွေရဲ့ အသက်အရွယ်အလိုက်၊ ရာထူးအလိုက်တွေ့ဆုံခြင်း၊ တိုင်းရင်းသားဝန်ထမ်းတွေနဲ့ သီးခြားတွေ့ဆုံခြင်းတွေကို ဆောင်ရွက်ပြီး ဝန်ထမ်းတွေရဲ့ အမြင်တွေ၊ သဘောထားတွေကို ဖော်ထုတ်ပြီး ပြည်ထောင်စုဝန်ကြီးအနေနဲ့ ထမ်းဆောင်ရမည့် တာဝန်၊ လိုက်နာရမည့် စည်းကမ်း၊ စောင့်ထိန်းရမည့် ကျင့်ဝတ်တွေကို လမ်းညွှန်မှုပြုလုပ်ပေးတဲ့အပြင် နိုင်ငံတော်က ဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကိုလည်း ရှင်းလင်းအသိပေးခဲ့ပါတယ်။

ဒါ့အပြင် အများကြည်ညိုလေးစားတဲ့ ပုဂ္ဂိုလ်တွေကိုဖိတ်ခေါ်ပြီး အဂတိလိုက်စားမှုကင်းရှင်းရေးနဲ့ ပြည်သူ့အကျိုးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဟောပြောပွဲတွေကိုလည်း ပြုလုပ်ပေးခဲ့ပါတယ်။ ဒါမှလည်း ဝန်ထမ်းတွေရဲ့ ခံယူချက်တွေ ပြောင်းလဲတိုးတက်လာမှာဖြစ်ပါတယ်။

မေး။ ။ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွေအတွက် ရေတိုရေရှည် ဘယ်လိုစီမံဆောင်ရွက်နေပါသလဲခင်ဗျာ။

ဖြေ။ ။ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့၊ မူဝါဒ၊ ဥပဒေတွေရေးဆွဲဖို့နဲ့

**အထူးကဏ္ဍ (ခ) သို့ »»**



လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်သော ဝန်ကြီးဌာနဖြစ်သည်နှင့်အညီ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာပါက အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ တုံ့ပြန်ဆောင်ရွက်နိုင်ရန် အရေးပေါ်စီမံခန့်ခွဲမှုဗဟိုဌာနသည်လည်း မရှိမဖြစ်လိုအပ်သည်။

ကြေးမုံ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရခိုင်ပြည်နယ် မောင်တောဒေသရှိ နှစ်ဖက်လူ့အဖွဲ့အစည်းများအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ ကလေးသူငယ်တွေရဲ့ အခွင့်အရေးများ အပြည့်အဝရရှိဖို့၊ သက်ငယ်မုဒိမ်းမှုတွေကို ပိုမိုထိရောက်စွာ အပြစ်ပေးနိုင်ဖို့အတွက် ကလေးသူငယ်ဥပဒေ(၁၉၉၃)ကို ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေ အဖြစ် အသစ်ရေးဆွဲခဲ့ပါတယ်။ အမျိုးသမီးတွေရဲ့ အခွင့်အရေးကို အပြည့်အဝပေးနိုင်ရေးအတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေကို ရေးဆွဲခဲ့**

**အထူးကဏ္ဍ (က) မှ »»**
စီမံချက်တွေ၊ ရေတိုရေရှည်စီမံကိန်းတွေ ရေးဆွဲဖို့အတွက် အထောက်အထားအခြေပြု သုတေသနရလဒ်တွေ ရရှိနိုင်စေဖို့အတွက် သုတေသနစင်တာကို ဖွင့်လှစ်ခဲ့ပါတယ်။

ဒ့ါအပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနရဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်နေမှုကို ပြည်သူတွေ ပွင့်လင်းမြင်သာစွာ သိရှိနိုင်စေရန်အတွက် ဝန်ကြီးဌာနရဲ့ သတင်းလွှာကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကစပြီး လစဉ်ထုတ်ဝေနိုင်ခဲ့ပါတယ်။

လူကုန်ကူးခံရသူတွေရဲ့ ပြန်လည်ထူထောင်ရေးကိစ္စတွေအတွက် လိုအပ်တဲ့သတင်းအချက်အလက် အကူအညီတွေပေးနိုင်ဖို့ လူကုန်ကူးခံရသူတွေအတွက် သတင်းအချက်အလက် မျှဝေရေးစင်တာ (Information Center for Trafficked Victims) ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းဝင်းအတွင်း ဖွင့်လှစ်ထားရှိပါတယ်။

**သက်မွေးပညာသင်ကျောင်း**

မေး။ ။ အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြတဲ့ ပြည်သူတွေကို ဘယ်လိုကူညီဆောင်ရွက်ပေးနေပါသလဲ။

ဖြေ။ ။ လူမှုရေးပဋိပက္ခနဲ့ လက်နက်ကိုင် ပဋိပက္ခတွေကြောင့် ယာယီစောင့်ရှောက်ရေးစခန်းတွေမှာ ခိုလှုံနေရတဲ့ကာလအတွင်း အလုပ်လုပ်ကိုင်နိုင်တဲ့ အမျိုးသား၊ အမျိုးသမီးတွေအတွက် အသက်မွေးဝမ်းကျောင်းပညာတွေ ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားပေးနေပါတယ်။

ကချင်ပြည်နယ်မှာ စက်ချုပ်သင်တန်း၊ ယာဉ်မောင်းသင်တန်း၊ ပယင်းလက်မှုလုပ်ငန်းသင်တန်းတွေ ဖွင့်လှစ်ပေးလျက်ရှိပါတယ်။ ဒ့ါအပြင် စခန်းတွေအတွင်း အိမ်ဆိုင်တွေ ဖွင့်လှစ်နိုင်ဖို့ ပံ့ပိုးပေးခြင်း၊ တစ်နိုင်မွေးမြူရေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးနေပါတယ်။ စခန်းအတွင်းမှာရှိတဲ့ ကျောင်းနေအရွယ်ကလေးတွေ ပညာသင်ကြားနိုင်ဖို့အတွက် ပံ့ပိုးဖြည့်ဆည်းပေးခြင်း၊ ကလေးပျော်နေရာများ ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယာယီစောင့်ရှောက်ရေးစခန်းတွေမှာ ငြိမ်းချမ်းရေးရလိုမှု၊ ငြိမ်းချမ်းခြင်းရဲ့ အကျိုးကိုမျှော်ကိုးပြီး ငြိမ်းချမ်းရေးစကားတွေ ပြောဆိုကြရေးကိုလည်း တိုက်တွန်းဆွေးနွေးနေပါတယ်။

မေး။ ။ ဝန်ကြီးတို့ လူငယ်မူဝါဒရေးဆွဲနေမှု အခြေအနေကိုလည်း ရှင်းပြပေးပါခင်ဗျာ။

ဖြေ။ ။ လူငယ်တွေကို ဒေသအလိုက်၊ ကဏ္ဍအလိုက် စနစ်တကျစုစည်းပြီး တိုင်းပြည်အတွက် အကျိုးပြုလူငယ်ထုတစ်ရပ် ပေါ်ပေါက်လာဖို့၊ လူငယ်တွေကိုယ်တိုင် ပါဝင်ရေးဆွဲမယ့် လူငယ်မူဝါဒထွက်ရှိရေးကို စနစ်တကျစီမံဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒ့ါအပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးက လူငယ်ကိုယ်စားလှယ်တွေတွေ့ဆုံပြီး လူငယ်တွေနဲ့ ငြိမ်းချမ်းရေးအမြင် ဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှာ ကျင်းပနိုင်ခဲ့ပါတယ်။

**လူမှုရေးပင်စင်**

မေး။ ။ တခြားလူမှု ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုများကိုလည်း သိချင်ပါတယ်။

ဖြေ။ ။ မသန်စွမ်းသူတွေရဲ့ အခွင့်အရေးတွေကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးမယ့် **မသန်စွမ်းသူများရဲ့ အခွင့်အရေးနည်းဥပဒေ**ကိုလည်း ရေးဆွဲခဲ့ပါတယ်။

**သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ**ကိုလည်း ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ဒီဥပဒေအရ အသက် (၉၀) နဲ့အထက် သက်ကြီးရွယ်အိုတွေကို လူမှုရေးပင်စင်အဖြစ် တစ်လ ငွေကျပ် တစ်သောင်းနှုန်းနဲ့ လစဉ် ထောက်ပံ့ပေးမယ့် အစီအစဉ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နိုင်ငံတော်အစိုးရ ရန်ပုံငွေကနေ ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။

လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ ကလေးသူငယ်တွေရဲ့ အခွင့်အရေးများ အပြည့်အဝရရှိဖို့၊ သက်ငယ်မုဒိမ်းမှုတွေကို ပိုမိုထိရောက်စွာ အပြစ်ပေးနိုင်ဖို့အတွက် **ကလေးသူငယ်ဥပဒေ(၁၉၉၃)ကို ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေ**အဖြစ် အသစ်ရေးဆွဲခဲ့ပါတယ်။ အမျိုးသမီးတွေရဲ့ အခွင့်အရေးကို အပြည့်အဝပေးနိုင်ရေးအတွက် **အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ**ကို ရေးဆွဲခဲ့ပါတယ်။ ပြဋ္ဌာန်းပြီးတဲ့ ဥပဒေ၊ နည်းဥပဒေတွေကိုပြည်သူတွေ ရှင်းရှင်းလင်းလင်း သိရှိနားလည်လိုက်နာဆောင်ရွက်နိုင်ဖို့ အသိပညာပေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

**ကနဦးအစီအစဉ်**

မေး။ ။ ကိုယ်ဝန်ဆောင်မိခင်နဲ့ ကလေးငယ်တွေကို စောင့်ရှောက်မယ့်အစီအစဉ်ကိုလည်း ရှင်းပြပေးပါခင်ဗျာ။

ဖြေ။ ။ ပြည်သူလူထုအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းအစီအစဉ်တွေ ဆောင်ရွက်ရာမှာ ကိုယ်ဝန်ဆောင်မိခင်နဲ့ ၎င်းတို့က မွေးဖွားလာမယ့် ကလေးတွေကို ကလေးအသက် နှစ်နှစ်ပြည့်တဲ့အထိ လစဉ်ငွေကျပ် တစ်သောင်းခွဲ ထောက်ပံ့ပေးနိုင်ရေး

**အထူးကဏ္ဍ (ဂ) သို့ »»**



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဆေးရုံတက်ရောက်နေသော ကလေးငယ်အတွက် ထောက်ပံ့ငွေပေးအပ်စဉ်။




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တိုက်ကြီးမြို့နယ်တွင် ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ထောက်ပံ့ငွေပေးအပ်စဉ်။

**အထူးကဏ္ဍ (ခ) မှ »»**

ကနဦးအစီအစဉ်ကို ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကစပြီး ပံ့ပိုးပေးဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီဒေသတွေအပြင် အခြားဒေသတွေမှာလည်း ကိုယ်ဝန်ဆောင်မိခင်နဲ့ အသက်နှစ်နှစ်အောက် ကလေးငယ်တွေ(လူသားဘဝအစ ရက်တစ်ထောင်အတွင်း) အာဟာရပြည့်ဝစွာစားသုံးမှု၊ တစ်ကိုယ်ရေသန့်ရှင်းရေးနဲ့ သားဆက်ခြားအသိပညာပေးလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

### အိမ်တွင်းအကြမ်းဖက်မှု

မေး။ ။ အမျိုးသမီးတွေအတွက် ဆောင်ရွက်မယ့် အစီအစဉ်ကိုလည်း ပြောပြပေးပါခင်ဗျာ။

ဖြေ။ ။ ပြည်သူအားလုံးပါဝင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုဦးတည်ပြီး ကျင်းပတဲ့ မြန်မာနိုင်ငံရဲ့ အမျိုးသမီးများလှုပ်ရှားမှု ရက်သတ္တပတ် အစီအစဉ်တွေကို ၂၀၁၇ ခုနှစ် မတ် ၃ ရက်ကစပြီး ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ အိမ်တွင်း အကြမ်းဖက်မှုအပါအဝင် အကြမ်းဖက်မှုမျိုးစုံ ခံစားနေရတဲ့ အမျိုးသမီးတွေအတွက် ပြဿနာတွေကို တစ်နေရာတည်း ကူညီဖြေရှင်းပေးတဲ့စင်တာ (One Stop Women Support Center-OSWSC) ထူထောင်နိုင်ခဲ့ပါတယ်။

မေး။ ။ လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ ဆက်လက်ဆောင်ရွက်သွားမယ့် အစီအစဉ်ကိုလည်း ရှင်းပြပေးပါခင်ဗျာ။

ဖြေ။ ။ လူမှုဝန်ထမ်းနည်းစနစ်နဲ့အတတ်ပညာတွေကို ဒေသတွင်းနဲ့ နိုင်ငံတကာစံနှုန်းတွေနဲ့အညီ ဆောင်ရွက်နိုင်ဖို့အတွက် မြန်မာနိုင်ငံမှာ လိုအပ်လျက်ရှိတဲ့ Social Work Institute တစ်ခုပေါ်ပေါက်လာရေးကို ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားတွေအတွက် အခြေခံလူ့အခွင့်အရေး၊ ဒီမိုကရေစီစံနှုန်းတွေနဲ့ ညီညွတ်သော လူ့ဂုဏ်သိက္ခာ အပြည့်အဝရရှိနိုင်မယ့် လူမှုအသိုက်အဝန်းတစ်ရပ် ပေါ်ပေါက်လာစေဖို့ အင်တိုက်အားတိုက် ဆက်လက်ကြိုးပမ်းဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။

မေး။ ။ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဦးစီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို ရှင်းပြပေးပါခင်ဗျာ။

ဖြေ။ ။ သဘာဝဘေးအန္တရာယ်တွေကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ ထိခိုက်ဆုံးရှုံးမှု လျော့နည်းသက်သာစေရေးအတွက် သဘာဝဘေးကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ၊ အရေးပေါ် ထောက်ပံ့ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဦးစီးဌာနက အဓိကတာဝန်ယူဆောင်ရွက်နေပါတယ်။

ဒုတိယသမ္မတဦးဆောင်ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးတွေဦးဆောင်တဲ့ လုပ်ငန်းကော်မတီ ၁၂ ခုနဲ့ ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ သက်ဆိုင်ရာ ကဏ္ဍအလိုက်မှာလည်း ထိရောက်တဲ့ စီမံခန့်ခွဲမှုတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

### အထောက်အကူပြု

ဝန်ကြီးဌာနအနေနဲ့ အမျိုးသားကော်မတီရဲ့ အတွင်းရေးမှူး လုပ်ငန်းတာဝန်တွေကို အထောက်အကူပြု ဆောင်ရွက်လျက်ရှိပြီး သဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းတွေ ပိုမိုထိရောက်စေဖို့နဲ့ ဘေးဒဏ်ခံစားရတဲ့ ပြည်သူတွေအတွက် အရေးပေါ်ထောက်ပံ့မှုတွေ ဆောင်ရွက်နိုင်ဖို့၊ ပိုမိုထိရောက်သော စီမံခန့်ခွဲမှုပုံစံသစ်ကိုချမှတ်ပြီး ဘေးသင့်ပြည်သူတွေ လတ်တလော စားဝတ်နေရေးပြေလည်စေရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေအတွက် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုရန်ပုံငွေမှ ငွေကျပ် ၇၄၀၅ ဒသမ ၂၄၆ သန်း၊ ဝန်ကြီးဌာနရဲ့ ဘတ်ဂျက်ရန်ပုံငွေမှ ငွေကျပ် ၂၅၃၈ ဒသမ ၇၈၇ သန်း စုစုပေါင်းငွေကျပ် ၉၉၄၄ ဒသမ ၀၃၃ သန်းကို ထောက်ပံ့ပေးနိုင်ခဲ့တဲ့အတွက် ပြည်သူလူထုကို တိုက်ရိုက်အကျိုးရှိစေခဲ့ပါတယ်။

မေး။ ။ ထောက်ပံ့ရေးလုပ်ငန်းတွေ မြန်ဆန်ဖို့အတွက် ဘယ်လိုဆောင်ရွက်နေပါသလဲ။

ဖြေ။ ။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဦးစီးမှူးရုံးတွေရဲ့ သိုလှောင်ရုံတွေမှာ ကယ်ဆယ်ရေးပစ္စည်းတွေ အမြဲအဆင်သင့်ဖြစ်နေစေဖို့ဆောင်ရွက်ထားရှိပြီး အလျင်အမြန် ထောက်ပံ့ရေးလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အရင်က ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုး ထောက်ပံ့နေရာကနေ အခုနှစ်မှာ မိသားစုတွေအတွက် အဓိကလိုအပ်မယ့် ပစ္စည်း ၂၂ မျိုးအထိ ထိရောက်စွာတိုးမြှင့်ထောက်ပံ့ပေးမှာ ဖြစ်ပါတယ်။ ဆန်ရိက္ခာထောက်ပံ့တဲ့အခါမှာလည်း အရင်က အနည်းဆုံး သုံးရက်စာထောက်ပံ့နေရာကနေ အခုအခါမှာ အနည်းဆုံး ခုနစ်ရက်စာ ထောက်ပံ့ပေးမှာဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ထောက်ပံ့မှုနှုန်းထားတွေကိုလည်း မူလထောက်ပံ့တဲ့နှုန်းထက် နှစ်ဆမှ သုံးဆအထိ တိုးမြှင့်ထောက်ပံ့ရေးနဲ့ ပြည်သူလူထုထံ အမြန်ဆုံးနဲ့ အပြည့်အဝ တိုက်ရိုက်ရောက်ရှိစေဖို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

### အယ်နီညို

၂၀၁၆ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့တဲ့ အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် နိုင်ငံတစ်ဝန်းရှိ သောက်သုံးရေရှားပါးပြတ်လပ်မှုဒဏ်ခံစားခဲ့ရတဲ့ ပြည်သူတွေအတွက် သောက်သုံးရေဖြန့်ဝေခြင်း၊ အဝီစိတွင်းများ၊ စက်ရေတွင်းတွေ တူးဖော်ပေးခြင်း၊ ရေတွင်းရေကန်များ

**အထူးကဏ္ဍ (ဃ) သို့ »»**



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကရင်ပြည်နယ် မြိုင်ကြီးငူအထူးဒေသ ကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စုများအတွက် ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်စဉ်။

အထူးကဏ္ဍ (၈) မှ »»

ပြုပြင်တူးဖော်ပေးခြင်း၊ ယာယီရေသိုလှောင်ကန်တွေ ပြုလုပ်ပေးခြင်း၊ ရေသန့်စက်တွေ ထောက်ပံ့ပေးခဲ့ရာ ဝန်ကြီးဌာနအနေနဲ့ အရင်က ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိဘဲ ပထမအကြိမ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အောင်မြင်မှုတွေ ရရှိခဲ့ပါတယ်။ ပြည်သူတွေရဲ့ ယုံကြည်ကိုးစားမှုကို ရယူနိုင်ခဲ့ပါတယ်။

သဘာဝဘေးဖြစ်ပွားမှုဆိုင်ရာ သတင်းအချက်အလက်တွေ အလျင်အမြန်ရရှိရေးနဲ့ ကြိုတင်သတိပေးချက်တွေ အချိန်နဲ့တစ်ပြေးညီ ပေးပို့နိုင်ရေးဆောင်ရွက်မှုတွေကို မိုဘိုင်းဖုန်းကနေတစ်ဆင့် သဘာဝဘေးဆိုင်ရာ ကြိုတင်သတိပေးချက်နဲ့ ဘေးဖြစ်ပွားမှုသတင်းအချက်အလက်တွေဖြန့်ဝေပေးနိုင်ဖို့နဲ့ သဘာဝဘေးနဲ့ သက်ဆိုင်တဲ့ အသိပညာဗဟုသုတဖြစ်စေမယ့် စာအုပ်စာတမ်းတွေကို လေ့လာနိုင်တဲ့ DAN Mobile Application နဲ့ ဘေးဖြစ်ပွားမှုအခြေအနေ သတင်းအချက်အလက်တွေပေးပို့နိုင်တဲ့ KOBO Mobile Application တို့ကို ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။ ဒါတွေကို ပြည်သူလူထုအတွင်းမှာ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိသုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။

သဘာဝဘေးဆိုင်ရာ ကြိုတင်သတိပေးချက်တွေ ကျယ်ပြန့်စွာအသိပေးနိုင်ဖို့နဲ့ အရေးပေါ် အခြေအနေတွေမှာ ဗဟိုနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေ ဆက်သွယ်မှုမပြတ်တောက်စေဖို့အတွက် ရေဒီယိုလှိုင်းသုံး Single Side Band တွေကို ဘေးဖြစ်ပွားမှုအခြေအနေတွေနဲ့ ဆက်သွယ်မှုအခက်အခဲရှိတဲ့ နေရာအလိုက် တိုင်းဒေသကြီး/ပြည်နယ်တွေမှာ ဦးစားပေးအဆင့်အလိုက် တပ်ဆင်ခဲ့တာမှာ စုစုပေါင်းစက် ၄၅ လုံးကို တပ်ဆင်ထားရှိပြီးဖြစ်ပါတယ်။

မေး။ ။ ငလျင်ဘေးအန္တရာယ်ကလည်း အခုနှစ်ပိုင်းတွေမှာ များပြားလာတဲ့အတွက် ဘယ်လိုကြိုတင်ပြင်ဆင်မှုတွေဆောင်ရွက်နေပါသလဲဆိုတာ ပြောပြပေးပါခင်ဗျာ။

ဖြေ။ ။ ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနဲ့ အရေးပေါ်တုံ့ပြန်ရေးစွမ်းရည်တွေ အားကောင်းလာစေဖို့အတွက် ငလျင်ဖိုရမ်



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး၏ အကြံပေးပုဂ္ဂိုလ်တို့ အစိုးရနှင့် ကုလသမဂ္ဂ၏ လူသားချင်းစာနာမှုလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးကြစဉ်။

တွေကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၈ ရက်က ရန်ကုန်တိုင်းဒေသကြီးမှာ၊ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၂ ရက်က မန္တလေးတိုင်းဒေသကြီးမှာ ပြုလုပ်ခဲ့ပါတယ်။ ဒါအပြင် မြေငလျင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်မှာ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၄ ရက်က ကျင်းပခဲ့ပါတယ်။

## လေပြင်းဘေး

သဘာဝဘေးအန္တရာယ်တွေဖြစ်ပေါ်လာပါက အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ ဖောင်ဒေးရှင်းတွေနဲ့ ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နိုင်စေဖို့အတွက် နည်းလမ်းတွေ ရှာဖွေနိုင်ဖို့ လူမှုရေးအဖွဲ့အစည်းတွေ၊ ဖောင်ဒေးရှင်းတွေနဲ့ ညှိနှိုင်းဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲတွေကို တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ ကျင်းပခဲ့ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲတွေမှာ လက်တွေ့ပူးပေါင်းဆောင်ရွက်နိုင်မယ့် နည်းလမ်းတွေကို ဆွေးနွေးညှိနှိုင်းခဲ့ပြီး ပထမဆုံး ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စတင်ဆောင်ရွက်မယ့် လေပြင်းဘေး ကြိုတင်ပြင်ဆင်ရေးအစီအစဉ်တွေမှာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

အာဆီယံအဖွဲ့ဝင် နိုင်ငံတွေအတွင်း သဘာဝဘေး ပြန်လည်ထူထောင်ဖို့အတွက် ကြိုတင်ပြင်ဆင်နိုင်စေရေးနဲ့ ထိရောက်အကျိုးရှိတဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွေကို အချိန်နဲ့တစ်ပြေးညီဆောင်ရွက်ပေးနိုင်စေဖို့ ရည်ရွယ်ပြီး သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးဆိုင်ရာ အာဆီယံကိုးကားချက်လမ်းညွှန် (ASEAN Disaster Recovery Reference Guide)ကို အင်ဒိုနီးရှားနိုင်ငံနဲ့အတူ ဦးဆောင်ဦးရွက်ပြုရေးဆွဲနိုင်ခဲ့ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေကိုလည်း ဖြန့်ဝေပေးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

## မူကြမ်းထွက်ရှိ

ဘေးဒဏ်ရင်ဆိုင် တုံ့ပြန်နိုင်စွမ်းမြင့်မားတဲ့ လူ့အဖွဲ့အစည်းပေါ်ပေါက်လာစေရေးအတွက် နယ်ပယ်ကဏ္ဍပေါင်းစုံမှ ပေါင်းစပ်ဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတွေကို သတ်မှတ်ဖော်ထုတ်နိုင်စေဖို့ ရည်ရွယ်ပြီး ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေး ဦးစီးဌာနဟာ "မြန်မာနိုင်ငံ ပြည်သူလူထု သဘာဝဘေးရင်ဆိုင်တုံ့ပြန်နိုင်စွမ်း မြင့်မားစေရေး အမျိုးသားအဆင့် မူဘောင် National Framework for Community Disaster Resilience "ကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းတွေမှ ကိုယ်စားလှယ်တွေနဲ့ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၊ မြန်မာနိုင်ငံ သဘာဝဘေး လျော့ပါးရေးလုပ်ငန်းအဖွဲ့တို့ရဲ့ နည်းပညာပံ့ပိုးမှုကိုရယူကာ ရေးဆွဲဆောင်ရွက်ခဲ့ရာ မူကြမ်းထွက်ရှိပြီးဖြစ်ပါတယ်။

ပြည်သူလူထုအနေနဲ့ အချိန်နဲ့တစ်ပြေးညီ မိုးလေဝသအခြေအနေ၊ သဘာဝဘေး ဖြစ်ပွားမှုအခြေအနေတွေကိုသိရှိပြီး လိုအပ်တဲ့ ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ဖို့၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက ထိုအခြေအနေနဲ့ သက်ဆိုင်တဲ့ သတင်းအချက်အလက်တွေ လျင်မြန်စွာစုဆောင်း၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်ပြီး ဘေးဖြစ်နိုင်ခြေရှိတဲ့ သတင်းအချက်အလက်တွေကို ဆုံးဖြတ်ချက်ချမှတ်သူတွေထံ တင်ပြနိုင်ဖို့၊ မြန်မာနိုင်ငံမှာ နည်းပညာအသုံးပြု သဘာဝဘေးအန္တရာယ်ဆိုင်ရာ သုတေသနလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့ရည်ရွယ်ပြီး အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန (Emergency Operation Centre - EOC) ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။

သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်းကျောင်းကို ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်မှာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၄ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ နည်းပညာသင်တန်းတွေ၊ အခြေခံသင်တန်းတွေနဲ့ နည်းပြသင်တန်းတွေကို ဖွင့်လှစ်ခဲ့ရာ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း စုစုပေါင်းသင်တန်းအကြိမ် ၂၀ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံတကာသင်တန်းတွေနဲ့ ချိတ်ဆက်ပူးပေါင်း ဖွင့်လှစ်သင်ကြားပေးနိုင်ရေး စီစဉ်လျက်ရှိပါတယ်။

မေး။ ။ ဝန်ကြီးဌာနရဲ့ ဘဏ္ဍာရန်ပုံငွေ ရရှိသုံးစွဲမှုအခြေအနေလေး သိချင်ပါတယ်ခင်ဗျာ။

ဖြေ။ ။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ အစိုးရဝန်ကြီးဌာနအားလုံး ဘဏ္ဍာရန်ပုံငွေရဲ့ သုည ဒသမ ၀၉ ရာခိုင်နှုန်းသာရရှိခဲ့ရာကနေ အခုနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ရန်ပုံငွေ သုည ဒသမ ၂၅ ရာခိုင်နှုန်းကို နှစ်ဆခွဲခန့် တိုးမြှင့်ရရှိခဲ့ပါတယ်။ ပြည်သူ့အတွက် တိုက်ရိုက်အကျိုးရှိစေမယ့်လုပ်ငန်းတွေကို ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျာ။ ။




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး Women & Girls First Initiative စီမံချက် ရှင်းလင်းပွဲတွင် အမှာစကားပြောကြားစဉ်။

# နေပြည်တော်ကို နိုင်ငံတကာမြို့တော်များနှင့်အညီဖြစ်စေရေး ကြိုးပမ်းဖော်ဆောင်နေ

ဇူလိုင်မိုး

ရွှေတိဂုံပုံတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ နေပြည်တော်ဗုဒ္ဓဂယာအဖြစ် တင်စားနိုင်သည့် သံဝေဇနိယလေးဌာန၊ လွှတ်တော်အဆောက်အအုံများ၊ ရေပန်းဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (National Landmark) စသည်တို့အပြင် အလျင်မြန်ဆုံးဖွံ့ဖြိုးတိုးတက်လာသော မြို့ပြအခြေအနေကြောင့် နေပြည်တော်သည် တစ်စတစ်စစည်ကားလာသည်။

နေပြည်တော်ကို နိုင်ငံတော်သမ္မတ တိုက်ရိုက်အုပ်ချုပ်ကာ ခရိုင် နှစ်ခရိုင်ပါဝင်ပြီး အဆိုပါခရိုင်များကို မြို့နယ် ရှစ်မြို့နယ်ဖြင့် ဖွဲ့စည်းထားသည်။

ခရိုင်နှစ်ခရိုင်မှာ ဒက္ခိဏခရိုင်နှင့် ဥတ္တရခရိုင်ဖြစ်ပြီး ဒက္ခိဏခရိုင်ကို ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့ဖြင့် ဖွဲ့စည်းထားသည်။ ဥတ္တရခရိုင်တွင် တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့ ပါဝင်သည်။ ခရိုင်နှစ်ခရိုင်အတွင်း ရပ်ကွက် ၅၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၈၇ စု၊ ကျေးရွာပေါင်း ၇၉၅ ရွာနှင့် ဖွဲ့စည်းထားပြီး အိမ်ခြေ ၂၄၂၃၅၁ ခု၊ အိမ်ထောင်စု ၂၄၈၈၅၃ စု၊ လူဦးရေ စုစုပေါင်း ၁၀၆၃၂၁၆ ဦးတို့ နေထိုင်ကြသည်။

### ကွန်ရက်သဖွယ်

နိုင်ငံတကာမြို့တော်များနှင့်အညီ လမ်းပန်းဆက်သွယ်ရေးကို နေပြည်တော်ကို ဗဟိုပြုပြီး နိုင်ငံတစ်ဝန်း အလွယ်တကူသွားလာနိုင်ရေးအတွက် လမ်းများကို ကွန်ရက်သဖွယ် ဆက်သွယ်ထားသည့်အပြင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအပါအဝင် ပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသဖြင့် ကဏ္ဍစုံပါဝင်သည့် လူမှုဝန်းကျင်ကောင်းတစ်ခုဖြစ်လာစေရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိကြောင်း သိရသည်။


နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က "ကျွန်တော်တို့အနေနဲ့ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်းတံတားကဏ္ဍ၊ ဆည်/ကန်ကဏ္ဍ၊ လျှပ်စစ်မီးလင်းရေးကဏ္ဍ၊ ရေရရှိရေးကဏ္ဍနဲ့ အခြားဖွံ့ဖြိုးရေးကဏ္ဍဆိုပြီး ကဏ္ဍကြီး ခုနစ်ခုနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ အစိုးရသစ်တစ်နှစ်တာအတွင်း စုစုပေါင်းလုပ်ငန်း ၁၄၃၁ ခုကို ငွေကျပ် ၄၁၆၃၀ ဒသမ ၈၈၆ သန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်"ဟု ပြောသည်။

### အချိုးညီမျှအောင်ဆောင်ရွက်

ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းများကိုအဆင့်တိုးမြှင့်ပေးခြင်း၊ အသစ်ထပ်မံတိုးချဲ့ခြင်း၊ ကျောင်းသားနှင့် ဆရာအချိုးညီမျှအောင်ဆောင်ရွက်ပေးခြင်းများ လုပ်ဆောင်ပေးခဲ့သည်။

အခြေခံအဆောက်အအုံ ၃၆ လုံးကို အသစ်ပြန်လည်တည်ဆောက်ပေးနိုင်ခဲ့ပြီး အခြေခံပညာကျောင်း ၇၃ ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ထိုသို့ ကျောင်းများအဆင့်တိုးမြှင့်ပေးလိုက်သည့်အတွက် ဒေသခံကျောင်းသား ကျောင်းသူများ အခြားဒေသများသို့ သွားရောက်ပညာ မသင်ကြားရတော့ဘဲ မိမိဒေသအတွင်းသာ လက်လှမ်းတမီ စာပေသင်ကြားရသည့်အတွက် အချိန်ကုန်ငွေကုန် သက်သာသွားမည်ဖြစ်သည်။

နေပြည်တော် ခုတင် (၁၀၀၀) နှင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံတို့တွင် ဒေသခံပြည်သူများသာမက အခြားတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ပြည်သူများကိုပါ ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိသည်။ နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့ရှိ ဆေးရုံကြီးများကဲ့သို့ ခေတ်မီခွဲစိတ်ကိရိယာများ ထားရှိပေးထားကြောင်း သိရသည်။

### ဓာတ်ရောင်ခြည်ကင်ဆာရောဂါ ကုသဆောင်

ဇမ္ဗူသီရိဆေးရုံကြီး၌ Linear Accelerator စက်နှစ်လုံးနှင့် Brachytherapy စက်တစ်လုံးတို့တပ်ဆင်ထားသော ဓာတ်ရောင်ခြည်ကင်ဆာရောဂါ ကုသဆောင်အား ဖွင့်လှစ်၍ ကင်ဆာရောဂါဝေဒနာရှင်များအား သက်သာသောနှုန်းထားဖြင့် ကုသပေးလျက်ရှိသည်။

သက်တော် (၇၀)အထက် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ဆေးရုံ၏ အသားတင်ရငွေအပေါ် ၁၀၀ ရာခိုင်နှုန်း ဈေးလျှော့ပေး၍ အခမဲ့ကုသပေးလျက်ရှိသည့်အပြင် ဆေးရုံတက်သည့် လူနာများရက်ရှည်လများ ကုသမှုခံယူရာတွင် သက်သာစေရန်အတွက် အခန်းအခများ လျှော့ပေါ့ကောက်ခံလျက်ရှိသည်။ စောင့်ကြပ်ကြည့်ရှုကုသခန်းတွင် ကာလရှည်ဆေးရုံတက်ရောက်ခံယူမည့် လူနာများအတွက် ဆေးရုံတက်ကာလတစ်ပတ်ကျော်လွန်ပြီးပါက ဆေးရုံဝန်ဆောင်မှုခနှုန်းထား ၂၀ ရာခိုင်နှုန်း Discount ပေးလျက်ရှိသည်။

"နေပြည်တော်ကောင်စီနယ်မြေမှာရှိတဲ့ ကျေးရွာတွေအထိ အထူးကုဆရာဝန်ကြီးတွေနဲ့ သွားရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ ပိုမိုဆောင်ရွက်နိုင်ဖို့အတွက် ကျန်းမာရေးကြီးကြပ်အဆင့်-၂ ဝန်ထမ်း ၈၃ ဦးကိုသင်တန်းတွေပို့ချပြီး တာဝန်တွေခန့်အပ်နိုင်ခဲ့ပါတယ်။ နောက်ထပ်လည်း ဝန်ထမ်း ၇၀ ထပ်မံခန့်နိုင်ဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်"ဟု ဒေါက်တာမျိုးအောင်က ပြောသည်။

### တိုးချဲ့ဆောင်ရွက်

နေပြည်တော်၌ သားဖွားနှင့် မီးယပ်အထူးကုဆေးရုံ၊ အရိုးအထူးကုဆေးရုံ၊ သွားနှင့် ခံတွင်း အထူးကုဆေးရုံနှင့် နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံ စသည့် အထူးကုဆေးရုံကြီး လေးခုကို တစ်နှစ်တာကာလ

အထူးကဏ္ဍ (စ) သို့ »»


နေပြည်တော်ကောင်စီနယ်မြေအတွင်း စက်မှုလယ်ယာစနစ် အကောင်အထည်ဖော်ထားမှုကို တွေ့ရစဉ်။

**နိုင်ငံတကာမြို့တော်များနှင့်အညီ လမ်းပန်းဆက်သွယ်ရေးကို နေပြည်တော်ကိုဗဟိုပြုပြီး နိုင်ငံတစ်ဝန်း အလွယ်တကူ သွားလာနိုင်ရေးအတွက် လမ်းများကို ကွန်ရက်သဖွယ် ဆက်သွယ်ထားသည့်အပြင် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအပါအဝင် ပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသဖြင့် ကဏ္ဍစုံ ပါဝင်သည့် လူမှုဝန်းကျင်ကောင်းတစ်ခု ဖြစ်လာစေရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိ**



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ဇမ္ဗူသီရိအထူးကုဆေးရုံ ကင်ဆာရောဂါဌာနခွဲကို ဖွင့်လှစ်ပေးစဉ်။

**လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်အတွက် ကွန်ကရစ်လမ်း သုည ဒသမ ၇၆ ဖာလုံ၊ ကျောက်ချောလမ်း ၁၆ မိုင် ၆ ဒသမ ၇၂ ဖာလုံ၊ ရိုစာလမ်း ၅ မိုင် ၄ ဒသမ ၇၄ ဖာလုံ၊ မြေသားလမ်း ၁၄ မိုင် ၁ ဒသမ ၁၁ ဖာလုံကို ဖောက်လုပ်နိုင်ခဲ့သည်။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေးဘက်တွင် မြေသားလမ်း အကျယ် ၂၄ ပေ ဖောက်လုပ်ခြင်း၊ အမာခံလမ်းသစ် ၁၈ ပေ ခင်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည့်အပြင် မိုးသည်းထန်စွာ ရွာသွန်း၍ ပျက်စီးသွားသော လမ်းလုပ်ငန်းလေးခုကိုလည်း ပြင်ဆင်ဆောင်ရွက်ပေးခဲ့**

အထူးကဏ္ဍ (င) မှ »»

အတွင်း ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။ လက်ရှိကာလအထိ ဆေးရုံ၊ ဆေးခန်းနှင့် အခြေခံကျေးလက် ကျန်းမာရေးဆေးခန်းများ တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်း ၆၇ ခုကိုလည်း တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သည်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်အတွက် ကွန်ကရစ်လမ်း သုည ဒသမ ၇၆ ဖာလုံ၊ ကျောက်ချောလမ်း ၁၆ မိုင် ၆ ဒသမ ၇၂ ဖာလုံ၊ ရိုစာလမ်း ၅မိုင် ၄ ဒသမ ၇၄ ဖာလုံ၊ မြေသားလမ်း ၁၄ မိုင် ၁ ဒသမ ၁၁ ဖာလုံကို ဖောက်လုပ်နိုင်ခဲ့သည်။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးဘေးဘက်တွင် မြေသားလမ်း အကျယ် ၂၄ ပေ ဖောက်လုပ်ခြင်း၊ အမာခံလမ်းသစ် ၁၈ ပေခင်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည့်အပြင် မိုးသည်းထန်စွာရွာသွန်း၍ ပျက်စီးသွားသော လမ်းလုပ်ငန်း လေးခုကိုလည်း ပြင်ဆင်ဆောင်ရွက်ပေးခဲ့သည်။

ပြည်သူများသွားလာရေး အဆင်ပြေစေရန် ကွန်ကရစ်တံတားရှစ်စင်း၊ သစ်သား တံတား ၂၀ စင်း၊ ရေကျော် ငါးစင်း၊ Box Culvert ၆၅ စင်း၊ ကွန်ကရစ်ရေပြွန် ငါးစင်း စုစုပေါင်း ၁၈၄၂ ပေ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးသွားသော တံတား၊ ရေကျော်၊ ရေပြွန် လုပ်ငန်း ၅၄ ခုကိုလည်း ပြန်လည်ပြုပြင် တည်ဆောက်ပေးနိုင်ခဲ့သည်။ ကျေးရွာနေ ပြည်သူများတင်ပြခဲ့သည့် လုပ်ငန်းများအနက် လမ်းလုပ်ငန်း သုံးခု၊ တံတားလုပ်ငန်း နှစ်ခုကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**သမားရိုးကျလယ်ယာငယ်မှ. . .**

"တည်ဆောက်ပြီးစီးခဲ့တဲ့ ဆည်/ကန်/ တမံ ၃၂ ခုကနေ မိုးစပါးစိုက်ပျိုးဧက ၆၈၅၀၀ နဲ့ နွေစပါးစိုက်ပျိုးဧက ၁၅၀၀၀ ကို ရေပေးဝေနိုင်ခဲ့ပါတယ်။ ပေါင်းလောင်းဆည်ရေသောက်စနစ်အသစ်တည်ဆောက်ပြီး သမားရိုးကျ လယ်ယာငယ်တွေကိုလက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးဆောင်ရွက်ခဲ့ရာ လယ်ယာမြေ ၅၄ ဧကကို ဖော်ထုတ်နိုင်ခဲ့ပါတယ်"ဟု ဒေါက်တာမျိုးအောင်က ပြောသည်။

ရန်အောင်မြင်ဆည်မှ နေပြည်တော် ရေပေးဝေရေးလုပ်ငန်းအတွက် နေပြည်တော် အရန်ရေမှ တစ်နေ့ရေဂါလန် ၂၅ သိန်းတိုးမြှင့်ပေးဝေနိုင်ရန်အတွက် ၁၂ လက်မ ပိုက်လိုင်း ပေ ၂၂၅၀၀ နှစ်လိုင်းကို ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သည်။

ပုဗ္ဗသီရိမြို့ တိုးချဲ့ရေပေးရေးလုပ်ငန်းကို တစ်နေ့ရေဂါလန် ၁၆ သိန်းတိုးမြှင့်ပေးဝေနိုင်ရန်အတွက် ၁၆ လက်မပိုက်လိုင်းပေ ၂၉၇၀၀ ကို လည်းကောင်း၊ ဇဗ္ဗူသီရိမြို့နယ် သာယာကုန်းရပ်ကွက် ရေပေးဝေရေးအတွက် ခြောက်လက်မပိုက်လိုင်း ပေ ၉၁၀၀ နှင့် လေးလက်မ ပိုက်လိုင်း ပေ ၃၃၅၈၀ ကို လည်းကောင်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝကောင်းမွန်ပြီး လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရေးအတွက် နှစ်ကာလကြာရှည်စွာ သုံးစွဲခဲ့ပြီး လျှပ်ကာနှင့် ဝန်အားများကျဆင်းနေသည့် ထရန်စဖော်မာများအား ဝန်အားနိုင်နင်းမည့် ထရန်စဖော်မာများနှင့် လဲလှယ်တပ်ဆင်ပေးခြင်း၊ အသစ်ထပ်မံတပ်ဆင်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် ဓာတ်အားလိုင်း အသစ်တည်ဆောက်ခြင်း၊ ကြိုးသေးများနေရာတွင် ကြိုးကြီးများဖြင့် ပြောင်းလဲတပ်ဆင်ပေးသည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။

**တိုးချဲ့ဆောင်ရွက်**

ရာသီဥတု ပြောင်းလဲလာသည်နှင့်အမျှ ပူပြင်းသော နွေရာသီတွင်သာမက နွေမိုးဆောင်း သုံးရာသီစလုံးတွင် ဒေသခံပြည်သူများ သောက်ရေ၊ သုံးရေများအတွက် အဆင်ပြေစေရန် ရေရရှိရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျေးရွာပေါင်း ၄၉ ရွာတွင်

အထူးကဏ္ဍ (ဆ) သို့ »»



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် နေပြည်တော်အတွင်း ဝန်ကြီးဌာနများ၊ ဝန်ထမ်းအိမ်ရာများနှင့် ဆေးရုံများသို့ပြေးဆွဲမည့် အဆင့်မြင့်ယာဉ်လိုင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ကောင်စီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ ဒေသခံများနှင့်တွေ့ဆုံစဉ်။

**ဈေးများအဆင့်မြှင့်တင် ဆောင်ရွက်ပေးမှုကြောင့် ဈေးရောင်း ဈေးဝယ် ပြည်သူများ အဆင်ပြေစွာ ဝယ်ယူနေရသည်ကို တွေ့မြင်နေရပြီဖြစ်သည်။ ယာဉ်ရပ်နားရာနေရာများကို Stand များပြုလုပ်ပေးပြီး ယာဉ်များကို စနစ်တကျ ရပ်စေသည့်အတွက် ဈေးရောင်း ဈေးဝယ် ပြည်သူများမှာ စိတ်ချမ်းသာစွာ ဝယ်ယူနိုင်သည့်အတွက် အဆိုပါဈေးလေးမှာ ပြယုဂ်ကောင်းတစ်ခုဖြစ်လာခဲ့**

**အထူးကဏ္ဍ (စ) မှ »»»**
တွင်းနက် ၂၈ တွင်း၊ တွင်းတိမ် ခြောက်တွင်း၊ လက်တူးတွင်း နှစ်တွင်း၊ မြေသားရေကန် သုံးကန်နှင့် စိမ့်စမ်းရေသွယ် ၁၀ ခုတို့ကို အစိုးရသစ်တစ်နှစ်တာအတွင်း တိုးချဲ့ဆောင်ရွက်ပေးနိုင်ခဲ့သည်။

လယ်ယာမြေများကို အခြားနည်းအသုံးပြုခွင့်လျှောက်ထားလာမှုအပေါ် လယ်ယာမြေ ဥပဒေ နည်းဥပဒေများနှင့်အညီ လယ်ယာမြေ ၅၇ ဒသမ ၃၆ ဧကကို လျှောက်ထားသူ ၂၁ ဦးထံ တိုက်ရိုက်ထုတ်ပေးနိုင်ခဲ့သည်။

**ပြန်လည်စွန့်လွှတ်မြေ**

ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများမှ ပြန်လည်စွန့်လွှတ်မြေများကို တောင်သူ ၈၀ ထံ လယ်ယာမြေစုစုပေါင်း ဧက ၂၀၆ ဒသမ ၁၇ ဧကကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် ပုံစံ (၇) ကို ထုတ်ပေးနိုင်ခဲ့သည်။

၁-၄-၂၀၁၆ မှ ၃၀- ၁ ၂၀၁၇ ရက်နေ့အထိ လေပြင်းများတိုက်ခတ်၍ လည်းကောင်း၊ မိုးသည်းထန်စွာရွာသွန်း၍ လည်းကောင်း သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သော ကျေးရွာများသို့ကွင်းဆင်း၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်သူ့ဝန်ဆောင်မှုရုံးများကို ဌာနဆိုင်ရာ ၁၀ ခုဖြင့် ဖွင့်လှစ်ထားပြီး ပြည်သူများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးနိုင်ခဲ့မှုမှာ ၃၃၂၅၆ ခုရှိခဲ့ကြောင်း သိရသည်။

တစ်နှစ်တာအတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီရှိ ဌာန ငါးခု၏ အရပ်ရပ်အခွင့်အရေးလိုင်စင်ပေါင်း ၂၁၇ ခုကို ပွင့်လင်းမြင်သာစွာ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခဲ့ရာ ငွေကျပ် ၃၂၂၁၀ ဒသမ ၀၉၈ သန်းရရှိခဲ့သည်။

**သွားလမ်းသာ၊ ဝယ်လမ်းဖြောင့်**

ယခင်က အာဟာရသုခဈေးတွင် ကား၊ ဆိုင်ကယ် စသည့်ယာဉ်ရပ်နားစရာ နေရာမရှိခဲ့ပေ။ ဈေးထဲသွားလာရသည့်အခါတွင်လည်း ရှံ့အိုင်၊ ဗွက်အိုင်များနှင့် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ သွားလမ်းမသာ၊ ဝယ်လမ်းမဖြောင့် ဖြစ်ခဲ့ရသည်။ ယခုအခါ အာဟာရသုခဈေးတွင် ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများ အဆင်ပြေစွာဝယ်ယူရောင်းချနိုင်ရန်အတွက် ညောင်ပင်ဝန်းအတွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ငွေကျပ် ၂၀၁၆ ဒသမ ၄၂ သိန်းဖြင့် ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် သပြေကုန်းဈေး ကုန်စိမ်း၊ သားငါးရုံများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ငွေကျပ် ၆၂၀ ဒသမ ၁၄၇ သန်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ငွေကျပ် ၃၆၀ ဒသမ ၅၆၇ သန်းဖြင့် အဆင့်မြှင့်တင်ရေးဆောင်ရွက်လျက်ရှိသည်။

ဈေးများအဆင့်မြှင့်တင်ဆောင်ရွက်ပေးမှုကြောင့် ဈေးရောင်း ဈေးဝယ်ပြည်သူများ အဆင်ပြေစွာဝယ်ယူနေရသည်ကို တွေ့မြင်နေရပြီဖြစ်သည်။ ယာဉ်ရပ်နားရာနေရာများကို Stand များပြုလုပ်ပေးပြီး ယာဉ်များကို စနစ်တကျ ရပ်စေသည့်အတွက် ဈေးရောင်း ဈေးဝယ် ပြည်သူများမှာ စိတ်ချမ်းသာစွာ ဝယ်ယူနိုင်သည့်အတွက် အဆိုပါဈေးလေးမှာ ပြယုဂ်ကောင်းတစ်ခုဖြစ်လာခဲ့သည်။

"ဈေးတွေ အဆင့်မြှင့်တင်ဖို့နဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို တစ်ဖက်တစ်လမ်းကနေ ဆောင်ရွက်နေတာကတော့ နေပြည်တော်စည်ပင်သာယာကော်မတီက ဆောင်ရွက်နေတာဖြစ်ပါတယ်။ နေပြည်တော်နယ်မြေအတွင်းမှာ ဈေးတွေက ဖွံ့ဖြိုးတိုးတက်ဖို့ အများကြီးလိုပါတယ်။ အထူးသဖြင့် တစ်နေ့လုပ် တစ်နေ့စား ပျံကျဈေးသည်တွေ ဖြစ်ပါတယ်။ ပျံကျဈေးသည်တွေဟာ အရင်ကဆို မြေကြီးပေါ်မှာပဲ မိုးရွာရွာ နေပူပူရောင်းခဲ့ရတာကို နေပြည်တော်စည်ပင်ရဲ့ ငွေလုံးငွေရင်းထဲကနေ ပျံကျဈေးသည်တွေ ရောင်းမယ့်နေရာကို သန့်ရှင်းသပ်ရပ်မှုနဲ့ ခိုင်မာမှုရှိအောင် ကွန်ကရစ်တွေခင်းပြီး အရောင်းဆိုင်တွေကို အမိုးနဲ့အကာနဲ့ဖြစ်

**အထူးကဏ္ဍ (ဇ) သို့ »»»**



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် လယ်ဝေးမြို့နယ် စမတောင်လူငယ်ဖွံ့ဖြိုးရေးကျောင်းသို့ သွားရောက်ကြည့်ရှုအားပေးစဉ်။

**အထူးကဏ္ဍ (ဆ) မှ »»**

အောင် ဆောင်ရွက်ပေးခဲ့ပါတယ်။

**ပျံ့ကျဈေးသည် ၈၀၀ ကျော်**

"ဥပမာအနေနဲ့ အာဟာရသုခဈေးမှာရှိတဲ့ ကွန်ကရစ်ခင်းလုပ်ငန်းဖြစ်ပါတယ်။ ဒီလိုကွန်ကရစ်ခင်းပေးလိုက်တဲ့အတွက် ပျံ့ကျဈေးသည် ၈၀၀ ကျော် အဆင်ပြေပြေရောင်းချနိုင်ပါတယ်။ တပ်ကုန်းမှာလည်း ပျံ့ကျဈေးသည် ၂၅၀ အတွက် ကွန်ကရစ်ခင်းပြီး အကွက်ချပေးနိုင်ခဲ့ပါတယ်။ ဒီအတွက် တစ်ရက်ကို ငွေကျပ် တစ်ရာသာ ရောင်းခွန်အနေနဲ့ ကောက်ခံပါတယ်။ နောက်တစ်ခုကတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကနေ ချစ်ကြည်ရေးအနေနဲ့ နေပြည်တော်သပြေကုန်းဈေးမှာ ပျံ့ကျဈေးသည်တွေအတွက် အဆင့်မြင့်ဈေးရုံတစ်ရုံကို တည်ဆောက်ပေးခဲ့ပါတယ်"ဟု ဒေါက်တာမျိုးအောင်က ပြောကြားသည်။

အကွက်ကြီး (၇) မှ နေပြည်တော်မြို့ပတ်လမ်းကို ဆက်သွယ်သည့် လမ်းအရှည် ပေ ၁၇၀၀၊ အကျယ် ၂၄ ပေ ကွန်ကရစ်ခင်းခြင်း၊ Culvert နှစ်စင်း တည်ဆောက်ခြင်းနှင့် လမ်းမီးသွယ်တန်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့သည်။ တပ်ကုန်းပျံ့ကျဈေး အကျယ် ၄၉၀၄၅ စတုရန်းပေ၊ အထူ ရှစ်လက်မ၊ ကျောက်စီရေမြောင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ဈေးရောင်းချသူများနှင့် ဝယ်ယူစားသုံးသည့် ပြည်သူများအတွက် အကျိုးကျေးဇူးများရရှိခဲ့သည်။

လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နေပြည်တော်ရဲတပ်ဖွဲ့၊ ရဲတပ်ရင်းတပ်ဖွဲ့များ၊ အမှတ် (၁) လုံခြုံရေးကွပ်ကဲမှုအဖွဲ့မှူးရုံးရှိ ပူးပေါင်းအင်အားများမှ မြို့အဝင်/အထွက် စစ်ဆေးရေးဂိတ်များကို လုံခြုံရေးအရ စစ်ဆေးဆောင်ရွက်ခြင်း၊ မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခြင်းများကြောင့် စည်းကမ်းမလိုက်နာသည့် စည်းကမ်းချိုးဖောက်သည့်သူများကို အပြစ်ပေးသည့်အခါ ထိရောက်မှုရရှိနိုင်မည်ဖြစ်သည်။

**၂၄ နာရီစောင့်ကြည့်**

ပြစ်မှုကျူးလွန်ခံရသူများနှင့် ထိခိုက်နစ်နာမှုများအတွက် ဥပဒေနှင့်အညီ ထိရောက်မြန်ဆန်စွာ ဖြေရှင်းကာကွယ်စောင့်ရှောက်နိုင်ရန်၊ မှုခင်းသတင်းနှင့် လုံခြုံရေးဆိုင်ရာသတင်းများ အချိန်နှင့်တစ်ပြေးညီရရှိနိုင်ရန်အတွက် ၂၄ နာရီ စောင့်ကြည့်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာအခမ်းအနားများ၊ နိုင်ငံတော်အဆင့်အခမ်းအနားများ၊ လွှတ်တော်အစည်းအဝေးကျင်းပစဉ် ရက်များနှင့် ဒေသန္တရ လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် လုံလောက်သောအင်အားဖြင့် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိပြီး လုံခြုံရေးကျိုးပေါက်မှုဖြစ်စဉ်နှင့် အုပ်ချုပ်မှုလျော့နည်းဖြစ်စဉ်များ မဖြစ်ပွားစေရေး တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ကွပ်ကဲဆောင်ရွက်လျက်ရှိသည်။

အသေးစားစက်မှု လက်မှုလုပ်ငန်းဥပဒေအရ မြင်းကောင်ရေ ငါးကောင်နှင့်အောက်ရှိသော စက်မှုလုပ်ငန်းများ၊ လုပ်သားသုံးဦးနှင့်အထက်ရှိသော လက်မှုလုပ်ငန်း ၂၉၄ ခုအား မှတ်ပုံတင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အခြေခံလိုအပ်ချက်များကို ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ရေတိုရေရှည်ဖော်ဆောင်ရမည့် လုပ်ငန်းများဖြစ်သည့် လမ်း၊ တံတားများအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံသားတို့၏ မူလအခွင့်အရေးများ ပြည့်ဝစွာခံစားရရှိစေရေး ဥပဒေနှင့်အညီ ဆောင်ရွက်ပေးသွားမည့်အပြင် ကျန်ရှိသည့် အစိုးရသက်တမ်းကာလများတွင် နှစ်အလိုက်လုပ်ငန်းများအား ကြိုတင်လျာထားချက်များချမှတ်ကာ ပြည်သူ့အကျိုးစီးပွားအတွက် စီမံဆောင်ရွက်ပေးသွားမည်ဟု နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြောကြားသည်။ ။



နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ တပ်ကုန်းမြို့နယ် လက်ပန်အိုင်ကျေးရွာ ရေလွှမ်းမိုးမှုကြောင့်ပျက်စီးခဲ့မှုကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။



တပ်ကုန်းမြို့ ပျံ့ကျဈေး ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။




ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆောင်ရွက်စဉ်။



ဒက္ခိဏခရိုင်အတွင်း နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲမှ မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းဆောင်ရွက်စဉ်။


GRAND
SALES EVENT
OPENING
25-3-2017 (Saturday)
ကမ္ဘာ့အဆင့်
3D- CAD/CAM ၊
ပွဲတက်ရွှေထည်
လက်ဝတ်ရတနာများ
New Arrival
JUNCTION CITY YANGON
(ဗိုလ်ချုပ်ဈေးသစ်)

# ForEver by Gems
# ရွှေနန်းတော်

(2016 ASEAN BUSINESS INNOVATION AWARD)

၂၀၁၇ မတ်လ (၂၅)ရက်နေ့မှ ဧပြီလ (၃၀)ရက်နေ့အထိ

သိန်းပေါင်း (1800) ကျော် ချီးမြှင့်ပေးမည့်

## Lucky Draw Program

| | | |
|---|---|---|
| (၁) | Nissan brand new ကား | (၂) စီး |
| (၂) | ၅ ကျပ်သား ရွှေဆွဲကြိုး | (၃) ကုံး |
| (၃) | ၂ ကျပ်သား ရွှေဆွဲကြိုး | (၃) ကုံး |
| (၄) | ၁ ကျပ်သား ရွှေဆွဲကြိုး | (၅) ကုံး |
| (၅) | ၈ပဲ သား ရွှေဆွဲကြိုး | (၁၀) ကုံး |



## The Most EXCITING Opening Sales

Up to SALE 50% OFF

## 25-3-2017

(စနေနေ့) စတင်ဖွင့်လှစ်ပါပြီ

@ JUNCTION CITY YANGON

(မိုလ်ချုပ်ဈေးသစ်)

ချက်ခြင်းပေါက်
ချက်ခြင်းယူ
ဗလာမပါကံစမ်းမဲ
(၂၅-၃-၂၀၁၇ မှ ၃၀-၄-၂၀၁၇ ထိ)

| | | |
|---|---|---|
| (၁) | ၁ ကျပ်သား ရွှေဆွဲကြိုး | (၅) ကုံး |
| (၂) | ၈ ပဲသား ရွှေဆွဲကြိုး | (၁၀) ကုံး |
| (၃) | ၄ ပဲသား ရွှေဆွဲကြိုး | (၃၀) ကုံး |
| (၄) | ၃ ပဲသား၊ ၂ ပဲသား၊ ၁ ပဲသား၊ | |

ရွှေလက်စွပ် (၃၀၀)ကွင်း စုစုပေါင်း
ရွှေသားကံစမ်းမဲ (၄၀၀) ဝန်းကျင်နှင့်
တခြားအဖိုးတန် ပစ္စည်းများ

ကမ္ဘာ့အဆင့်
3D- CAD/CAM၊
Invisible and Micro Setting
စိန်နှင့် ကျောက်မျက် ရတနာများ
GIA/HRD Certificate စိန်ပွင့်ကြီးများ
ပွဲတက်ရွှေထည်လက်ဝတ်ရတနာများ

အများဆုံးဝယ်ယူသူ
(၁၀) ဦးအတွက်
ထပ်ဆင့်အထူးလက်ဆောင်မွန်
(၂၅-၃-၂၀၁၇ မှ ၃၀-၄-၂၀၁၇ ထိ)

| | | |
|---|---|---|
| ရွှေ (၃) ကျပ်သား | (၁) | ဆု |
| ရွှေ (၂) ကျပ်သား | (၁) | ဆု |
| ရွှေ (၁) ကျပ်သား | (၅) | ဆု |
| ရွှေ (၅) မူးသား | (၅) | ဆု |

**25-3-2017 : နံနက် (၉ : ၃၀) အစမ်းအနား ဖွင့်လှစ်ခြင်း၊**

နေတိုး၊ ပြေတီဦး၊ ဟိန်းဝေယံ၊ ကောင်းပြည့်၊ ကျော်ထက်အောင်၊ ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင်၊ စိုင်သင်းကြည်၊ ဝတ်မှုံရွှေရည်၊ ဖွေးဖွေး၊ အေးမြတ်သူ၊ ယွန်းယွန်း၊ *Miss* မြတ်ပုဏ္ဏမိနိုင်၊ ဟန်သီ၊ *Bella*၊ ယမင်းမေဦး၊ နန်းစန္ဒာလှထွန်း၊ မြတ်သီရိမွန်

**25-3-2017 - 28-3-2017 : နိုင်ငံကျော်အနုပညာရှင်များမှ အမှတ်တရဓါတ်ပုံရိုက်ကူးခြင်း၊ လက်မှတ်ရေးထိုးခြင်း**

**ပထမဦးဆုံးဝယ်ယူသူ(၁၅၀)ကို (1gm) White Gold ဆွဲသီးလက်ဆောင်ပေးမည်၊**
**(ကံစမ်းရန်မလို)**

MPU/Visa/Master/Debit Cards
Silver/ Gold/ Platinum card
အကျိုးခံစားခွင့်များ

စင်ကာပူနိုင်ငံမှ **Manderville Conservatory (Electric String Instruments)**
**Hit it Productions (DJ Console LED Barrels )** တို့၏ဖျော်ဖြေမှု

နိုင်ငံကျော်တေးသံရှင်များ – ဖြိုးပြည့်စုံ၊ စောလားထော်ဝါး၊ ထွန်းနောင်ဆင့်၊ *M* ဇော်ရိန်၊ ဖွဲပြည့်၊ ထွန်းအိန္ဒြာဗို၊ ပြုံးပြုံးကျော်သိန်း၊ ဝိုင်းစုခိုင်သိန်း၊ ချမ်းချမ်း၊ အိမ့်ချစ်၊ နင်ဇီမေ

